http://www.dhammadownload.com

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်

ကျေးဇူးရှင် မောင်းထောင်

မြေဇင်းတောရဆရာတော်ဘုရားကြီး အား

## ချီးကျူးဂုဏ်ပြုပူဇော်အပ်သော

# ဂုဏာပူဇာ
# ထေရုပ္ပတ္တိ

နှင့်

# မော်ကွန်းတင်စာလွှာများ

မြေဇင်းတောရရုပ်သံအဖွဲ့မှ
စုစည်းစီစဉ် ပူဇော်သည်။

၁၃၆၇ - ခုနှစ်၊ တပေါင်းလ

http://www.dhammadownload.com

## ဒီလိုဒီလိုနဲ့အချိန်တွေကုန်

မနေ့ကလဲ ဒီလို၊

ဟိုလကလဲ ဒီလို၊

ဟိုနှစ်ကလဲ ဒီလို၊

ကြာလို့ - အိုလို့သာသွားတယ်၊

ဘာမှမသိဘူး။


ကိုယ်လိုသူလိုနဲ့ ပြီးရော။

အချိန်တွေ

နမြောစရာမကောင်းဘူးလား။

မောင်းထောင်မြေဇင်းတောရ
ဆရာတော်ဘုရားကြီး
(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)

http://www.dhammadownload.com



ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားကြီးအား
ပူဇော်ကန်တော့၍ အဆုံးအမဩဝါဒ ခံယူနေသော
မောင်းထောင် မြေဇင်းတောရဆရာတော်

http://www.dhammadownload.com

မောင်းထောင်

မြေဇင်းတောရဆရာတော်ဘုရားကြီး

ပြည်ပနိုင်ငံများဖြစ်သည့်

# ထိုင်း၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ နိုင်ငံများသို့

# သာသနာပြု ခရီးသွာ

# မှတ်တမ်းဓာတ်ပုံများ

တပည့် သောပါက မှတ်တမ်းပြုသည်။

http://www.dhammadownload.com




မောင်းထောင် မြေဇင်းတောရဆရာတော်ဘုရားကြီး
၂၈-၃-၉၆ နေ့ ပြည်ပနိုင်ငံ ထွက်ခွာခါနီး ရန်ကုန်လေဆိပ်၌
ဖူးတွေ့ရစဉ်။




ရန်ကုန်လေဆိပ်၌ ညောင်ကန်အေးဆရာတော် နှင့်အတူ။

http://www.dhammadownload.com



အိန္ဒိယနိုင်ငံ

ဗုဒ္ဓဂယာဒေသရှိ ဂျပန်ရုပ်ပွားတော်ကြီး

တစ်ဆူရှေ့တွင် ဖူးတွေ့ရသည်။

http://www.dhammadownload.com



နီပေါနိုင်ငံ ထီးတော်တင်ပွဲ၌ သံဃာတော်များနှင့်
ပရိသတ်များအကြား ဖူးမြင်ရသော မြေဖင်းတောရဆရာတော်
(၇-၄-၉၆)



၁၃၆၄ ခုနှစ်တွင် သီရိလင်္ကာ နိုင်ငံရှိ
ဆရာတော်များနှင့် အတူ ဖူးတွေ့ရသည့်
မြေဖင်းတောရဆရာတော်

http://www.dhammadownload.com



သီရိလင်္ကာနိုင်ငံရှိ ဗုဒ္ဓဝင်ဌာနများသို့
ကြွရောက်ကာ ပူဇော်ဖူးမြော်နေသော
မြေဖင်းတောရဆရာတော်



သီရိလင်္ကာ နိုင်ငံ ဗုဒ္ဓဝင်ဌာနများသို့
လှည့်လည်ကြည့် ရှုနေစဉ်

http://www.dhammadownload.com



သီရိလင်္ကာနိုင်ငံ

ဗုဒ္ဓဝင်ဌာန အမှတ်တရ

http://www.dhammadownload.com



သီရိလင်္ကာနိုင်ငံ ဗုဒ္ဓဝင်ဌာနများရှေ့တွင်
မြန်မာရဟန်းတော်များနှင့် အတူ

http://www.dhammadownload.com



ဘုရားရှင်အား ဖွားမြင်တော်မူပြီးနောက်
ရေသန့်စင်ပေးသည့် မင်္ဂလာကန်တော်ဧရှဝယ်
(၆-၄-၉၆)



နီပေါနိုင်ငံတွင်
နီပေါဆရာတော် ဦးဉာဏပုဏ္ဏိကနှင့်အတူ ဖူးမြင်ရစဉ်
(၇-၄-၉၆)

http://www.dhammadownload.com



နီပေါနိုင်ငံ လောကမဏိစူဠာစေတီတော်၏
ထီးတော်ကြီးအား ရေမွှေးဖြင့် ပူဇော်နေသော မြေဖဝင်းတောရဆရာတော်
(၆-၄-၉၆)




နီပေါနိုင်ငံ လောကမဏိစူဠာစေတီတော်
ထီးတော်တင်ပွဲသို့ ကြွရောက်စဉ်က
(၇-၄-၉၆)

http://www.dhammadownload.com




အိန္ဒိယနိုင်ငံ

ဗုဒ္ဓဂယာဒေသရှိ စင်္ကြံမသတ္တာဟအား

ရေမွှေးပက်ဖျန်း ပူဇော်နေသော မြေဇင်းတောရဆရာတော်ဘုရားကြီး

http://www.dhammadownload.com




အိန္ဒိယနိုင်ငံ မြတ်စွာဘုရား အာဒိတ္တပရိယာယသုတ်
ဟောကြားရာဌာန၌ မြေဖင်းတောရဆရာတော်အား
အမေရိကန်သာသနာပြု ဦးစက္ကိန္ဒနှင့်အတူ။



အိန္ဒိယနိုင်ငံ မိဂဒါဝုန်
ဓမ္မစကြာတရား ဟောကြားရာဌာနတွင် ဖူးမြင်ရစဉ်။

http://www.dhammadownload.com




အိန္ဒိယနိုင်ငံ မြတ်ဗုဒ္ဓရှိစဉ်က
လွန်စွာကျော်ကြားလှသော ဗာရာဏသီရှိ
ဂင်္ဂါမြစ်ဆိပ်ကမ်း၌ ဖူးတွေ့ရစဉ်။

http://www.dhammadownload.com



နီပေါနိုင်ငံ
ဘုရားအလောင်းဖွားမြင်တော်မူရာဌာန
အထိမ်းအမှတ် ကျောက်တိုင်ရှေ့ဝယ်
ဖူးတွေ့ရစဉ်။
(၆-၄-၉၆)

http://www.dhammadownload.com



ထိုင်းနိုင်ငံလေဆိပ်၌ ဖူးတွေ့ရသော
မောင်းထောင်မြေဖင်းတောရ
ဆရာတော်ဘုရားကြီး
(၂၈-၃-၉၆)

http://www.dhammadownload.com




ရန်ကုန်လေဆိပ်သို့
လိုက်ပါပို့ဆောင်ကြ
သူများနှင့်အတူ။



ရန်ကုန်လေဆိပ်၌
အမေရိကန်သာသနာပြု
ဆရာတော်ဦးစက္ကိန္ဒ
နှင့်အတူ။



မြေဇင်းတောရ
ဆရာတော်ကြီးအား
ရန်ကုန်လေဆိပ်သို့
လိုက်ပါပို့ဆောင်
ကြသူများ။

http://www.dhammadownload.com




၁၃၆၅ – ခုနှစ် ဝါတွင်းယောဂီများနှင့်အတူ
မြေဖရင်းတောရ ဆရာတော်ဘုရားကြီး အား
ဖူးတွေ့ရစဉ်။

http://www.dhammadownload.com




မောင်းထောင် မြေဇင်းတောရ ဆရာတော်ဘုရားကြီး အား
လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်ရင်း
ဂါရဝပြုနေသော ဆွစ်ဇာလန်နိုင်ငံမှ ဒေါ်အေးမြဝင်း

http://www.dhammadownload.com




မြေဖင်းတောရဆရာတော်ဘုရားကြီးအား
သက်တော် ၈၂နှစ်ရှိ ဆရာတော်ဦးကုဏ္ဍလ (စလင်းကျောင်းတိုက်)
ကြွရောက်၍ ဝတ်ပြုနေစဉ်။



ရှင်သာမဏေဗိမာန်၌ ကျင်းပသော ဂုဏ်ပြုပူဇော်ပွဲသို့ လာရောက်၍
ကြည်ညိုကန်တော့ကြသည့် တပည့်ယောဂီဒကာ -ဒကာမများ (၁၇-၃-၂၀၀၆)

http://www.dhammadownload.com



ရှင်သာမဏေ ဗိမာန်၌ကျင်းပသော
ချီးကျူးဂုဏ်ပြုပူဇော်ပွဲတွင်
"အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ်တော်ရ
မြေဖင်းတောရဆရာတော်ဘုရားကြီး
ဩဝါဒကထာ မြွက်ကြားတော်မူနေစဉ်။
(၁၇-၃-၀၆)

http://www.dhammadownload.com



(၁၇-၃-၀၆) နေ့

ရှင်သာမဏေ ဗိမာန်၌ကျင်းပသော

ဂုဏ်ပြုပူဇော်ပွဲ၌

တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြုဆရာတော်

ဘဒ္ဒန္တပညာသာရမဟာထေရ် က

မြေဖင်းတောရဝိပဿနာ (ကန္နီနည်း)နှင့် ပတ်သက်၍

ပိဋကတ်တော်နှင့် ညီညွတ်ကြောင်း

မိန့်ကြားနေစဉ်။

http://www.dhammadownload.com




မြေဇင်းတောရဆရာတော်ဘုရားကြီးအား သက်တော် ၈၅နှစ်ရှိ
ဟံသာဝတီကမ္မဋ္ဌာန်းတိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇဝနမဟာထေရ်နှင့် အတူ
ဖူးတွေ့ရစဉ်။



သက်တော် ၈၈-ရှိ ရန်ကင်းတောင် သာသနာ့ဝုမှိဆရာတော်
ဘဒ္ဒန္တဉာဏိန္ဒ နှင့် မြေဇင်းတောရဆရာတော်ဘုရားကြီးတို့
တရားစကားမြွက်ကြားနေကြစဉ်။


http://www.dhammadownload.com






"အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူရန်
ရန်ကုန်သို့ကြွလာခိုက် တပည့်ဒကာ/ဒကာမများနှင့်အတူ
ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်၌ အမှတ်တရ။


http://www.dhammadownload.com






"အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူရန်
ရန်ကုန်သို့ကြွလာခိုက် တပည့်ဒကာ/ဒကာမများနှင့်အတူ
ရွှေတိဂုံစေတီတော်အား ကြည်ညိုပူဇော်နေစဉ်။

http://www.dhammadownload.com



ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူတော်၌
မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီးအား
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊
ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး
ဒေါ်မြမြစန်းက "လှူဖွယ်ပစ္စည်းများ" ဆပ်ကပ်နေစဉ်။
(၁၃-၃-၂၀၀၆)

http://www.dhammadownload.com



ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူတော်၌
မောင်းထောင်မြေဖင်းတောရ ဆရာတော်ဘုရားကြီးအား
ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး
ဒေါ်ခင်သန်းနွဲ့က "လှူဖွယ်ပစ္စည်းများ" ဆပ်ကပ်နေစဉ်။
(၁၃-၃-၂၀၀၆)

http://www.dhammadownload.com



ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူတော်၌
မောင်းထောင်မြေဖင်းတောရ ဆရာတော်ဘုရားကြီးအား
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ကိုယ်စား
"အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ်တော်
ဆက်ကပ်နေစဉ်။ (၁၃-၃-၂၀၀၆)

http://www.dhammadownload.com



မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီးအား
ရန်ကုန်မြို့ အာဇာနည်လမ်း
ရှင်သာမဏေဇဝိမာန်၌ ကျင်းပပြုလုပ်သော
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်
ဂုဏ်ပြုပူဇော်ပွဲတွင်
ဖူးတွေ့ရစဉ်။ (၁၇-၃-၀၆)

http://www.dhammadownload.com

'အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ'ဘွဲ့တံဆိပ်တော်ရ
စစ်ကိုင်းတိုင်း၊မုံရွာခရိုင်
ဘုတလင်မြို့နယ်၊
ကျေးဌူးရှင်
မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီးအား

ချီးကျူးဂုဏ်ပြုပူဇော်အပ်သော

# ဂုဏပူဇာ
# ထေရုပ္ပတ္တိ
# နှင့်
# မော်ကွန်းတင်စာလွှာများ

မြေဇင်းရုပ်/သံစာပေအဖွဲ့မှ

စုစည်းစီစဉ်ပူဇော်သည်။

သာသနာ-၂၅၄၉ သကရာဇ်-၁၃၆၇ ခရစ်-၂၀၀၆

http://www.dhammadownload.com

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဩဝါဒကထာ | မြေဇင်းတောရဆရာတော် | ၃ |
| အိန္ဒိယ-နီပေါ-သီရိလင်္ကာသာသနာပြုမှတ်တမ်းပုံများ ----- | | |
| အလင်းပေးသူ | ဦးကေလာသ | ၇ |
| ဂုဏာဝိသိဋ္ဌပူဇာဂါထာများ | အရှင်ကေလာသ | ၁၄ |
| . . . ဆရာတော်ကြီး၏စေတနာ | ဦးသိန်းအောင် | ၂၆ |
| ကျေးဇူးအနန္တဆပ်၍မဝ | ဦးဥတ္တမ(မြေဇင်း) | ၃၆ |
| သူတော်ကောင်းဟူသည် | သောပါက | ၄၃ |
| သဒ္ဓါတရားအရေးကြီး | မဏ္ဍလ(ကန္တီသရက်ပင်) | ၅၀ |
| မြေဇင်းထေရာစေတနာ | အရှင်ဝိမလာနန္ဒ | ၆၅ |
| မြေဇင်းတောရရိပ်သာတေးထပ် | အရှင်ဝိမလာနန္ဒ | ၆၆ |
| ဂုဏာသဘင်မော်ကွန်းတက်တေးထပ် | စိတြ | ၆၇ |
| နောက်မှ နောင်တမရကြနဲ့ | ဦးဓမ္မသာရ | ၆၈ |
| ကျေးဇူးတွေဆပ်၍မကုန် | ဉုးဇဝန | ၆၉ |
| မှတ်သားဖွယ်ရာဩဝါဒကထာများ --●---------- | | ၇၀ |
| ကျွတ်တီးကုန်းမှာပွင့်သောပန်း | ဓမ္မာစရိယဦးဌေးလှိုင် | ၇၅ |
| ဩဝါဒမိန့်ခွန်းတော် | မောင်ဓမ္မ | ၉၄ |
| မြေဇင်းတောရဆရာတော်ဘုရားကြီး | စိတြ | ၁၀၃ |
| နှံ့သာဆရာတော် | အရှင်နာရဒါဘိဝံသ | ၁၂၃ |


မာတိကာပြီး၏။

http://www.dhammadownload.com




# ဩဝါဒကထာ

ဒီသာသနာနဲ့ကြုံလို့
ဒီလိုတရားတွေ နာကြရတာ။
အင်မတန်ကံကောင်းလွန်းလို့
ဒီသာသနာနဲ့ဆုံရတာ။
ရတုန်းရခိုက်ကလေး
ကြိုးစားပြီး အားထုတ်ကြ။

မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး
(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)

http://www.dhammadownload.com





❖ မြေဇင်းထေရ ဂုဏာဖုံဖုံ

သမထ-ဝိပဿ် နှစ်ရပ်ကုံလုံ

စွယ်စုံတတ်သိ ကဝိဉာဏ်စုံ

ရှစ်ဆယ့်ခြောက် သက်ရောက်ခါတော်ကြုံ

http://www.dhammadownload.com





❖ အဂ္ဂမဟာ ကမ္မဋ္ဌာနဂုဏ်


နိုင်ငံတော်က ဆက်သကြည်ယုံ

အမွှန်းတင်လို့ ညွှန်းဆင်ခဲ့ပုံ

ပူဇော်ပွဲ ခြိမ့်သဲသိမ့်သိမ့်တုန်။

http://www.dhammadownload.com





❖ ယောဂီပေါင်းစု ကောင်းမှုအာရုံ

ထူးထူးကဲကဲ ရင်ထဲလှိုက်ခုန်

ပီတိဖူးနှင့် ရွှင်မြူးပြည့်စုံ

ဆုပန်တောင်း ရှည်ကြောင်းသက်တော်ဂုဏ်

တပည့်တော်-ဒဂုံညွှ

http://www.dhammadownload.com



မန္တလေးတိုင်းဒေသကြီးပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်
ရန်ကင်းအေးငြိမ်းရိပ်သာဌ
မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး-အား
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ပူဇော်ပွဲတွင်
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ဒုတိယပါမောက္ခချုပ်ဆရာတော်
ဒေါက်တာ ဦးကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်)
မိန့်ကြားတော်မူသော

# ဂုဏာပူဇာ ဓမ္မဝါဒကထာ

“ဘုရားတပည့်တော် ဘုရားရတနာကို ပူဇော်တတ်ပါတယ် ဘုရား။ရှင်သာရိပုတ္တရာ၊ရှင်မဟာမောဂ္ဂလာန်အစရှိတဲ့ သံဃာရတနာကိုလည်း ပူဇော်တတ်ပါတယ်ဘုရား။ရတနာနှစ်ပါးကိုပဲ ပူဇော်တတ်ပါတယ်ဘုရား။တရားရတနာကျတော့ ဘယ်လိုပူဇော်ရမတုန်းဘုရား” လို့လျှောက်တယ်။ သူ မပူဇော်တတ်ဘူး-ပေါ့။

အဲဒီတော့ မြတ်စွာဘုရားက “ဒကာတော်ပုဏ္ဏားကြီး၊တရားရတနာပူဇော်လိုလို့ရှိရင်၊ တရားဆောင်တဲ့ပုဂ္ဂိုလ်များကို ပူဇော်ရင် တရားရတနာကို ပူဇော်ရာပါပဲ” လို့ မိန့်ကြားတယ်။

အဲဒီလိုမိန့်တော့ ပုဏ္ဏားကြီးက “တရားကို အဘယ်ရဟန်းက ဆောင်ပါသလဲဘုရား” လို့ ပြန်မေးလျှောက်တယ်။

http://www.dhammadownload.com



မြတ်စွာဘုရားက တရားဆောင်တဲ့ပုဂ္ဂိုလ် တကယ်ဖြေမယ် ဆိုရင်လဲ ညီတော်အာနန္ဒာကိုပဲ ဖြေရမှာ။ ညီတော်အာနန္ဒာဟာ တရားဆောင်တဲ့ပုဂ္ဂိုလ်လို့ဖြေလိုက်ရင် ဘုရားက သူ့ညီမို့လို့ သူ မျက်နှာ လိုက်တာ-လို့ တချို့က အဲဒီလိုထင်ကြမှာ။

အဲဒီလိုထင်မှာစိုးတဲ့အတွက် "တရားဆောင်တဲ့ရဟန်း ဘယ်သူဆိုတာသိအောင် ဒီကျောင်းတိုက်ထဲရှိတဲ့သံဃာတော်တွေကို မေးပေါ့"လို့ မိန့်ကြားတယ်။ အဲဒီတော့ ပုဏ္ဏားကြီးဟာ လှည့်လည် ပြီးတော့ ကျောင်းတိုက်ထဲရှိတဲ့ သံဃာတော်တွေကို မေးမြန်းတယ်။ 'တရားဆောင်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူပါလဲ'ဆိုတော့ 'ညီတော်အာနန္ဒာ' လို့ သံဃာတော်တွေအများက ပြန်ပြောကြတယ်။

အဲဒီတော့ ညီတော်အာနန္ဒာကိုပဲ ပုဏ္ဏားကြီးက ရွှေဒင်္ဂါး တစ်ထောင် တန်ဖိုးထိုက်တန်တဲ့ သင်္ကန်းတော်နဲ့ လှူဒါန်းပူဇော်လိုက် ပါတယ်။

အဲဒီထုံးလေးကိုပဲ အဋ္ဌကထာဆရာက ဆက်ပြီးတော့ ဖွင့် တယ်။ ဒီသံဃာတော်တွေဆိုတာ ပရိယတ္တိဆောင်ကြတာပဲ။ ညီတော် အာနန္ဒာဟာ ပရိယတ္တိဂုဏ်ကိုဆောင်လိုက်တာပဲ။ ညီတော်အာနန္ဒာ လောက် ပရိယတ္တိဆောင်တဲ့ပုဂ္ဂိုလ် တစ်ပါးမှမရှိဘူး။ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်တို့လဲပဲ ညီတော်အာနန္ဒာလောက် မဆောင်နိုင် ကြဘူး။ ညီတော်အာနန္ဒာက ဘုရားရှင်ဟောတော်မူတဲ့ တရားတွေ အားလုံး ဘုရားရှင်ဆီက ဒါရိုက် သင်ယူထားတဲ့ပုဂ္ဂိုလ်ဖြစ်နေတာကိုး။ အဲဒါကြောင့် ညီတော်အာနန္ဒာဟာ ပရိယတ္တိအဆောင်နိုင်ဆုံးသော ပုဂ္ဂိုလ်။

တကယ်လို့ ညီတော်အာနန္ဒာတို့လို ပရိယတ္တိကို ကြိုးစား မင်းစား ရွက်ဆောင်ပြီးတော့ ဆောင်မယ်ဆိုရင်လည်းပဲ အဲဒီလို

http://www.dhammadownload.com



ရဟန်းမျိုးကျတော့ ဘုရားလည်းဟုတ်တယ်။တရားလည်းဟုတ်တယ်။ သံဃာလည်းဟုတ်တယ်။ဘုရားအရာလည်းတည်တယ်။

အခု မြေဇင်းတောရဆရာတော်တို့ဆိုရင်လည်း ဘုရားအရာတည်တဲ့ သံဃာတော်များလို့ခေါ်တယ်။အဲဒါကြောင့် 'ဆရာတော်. . ဘုရား'လို့ ဆရာတော်နောက်က 'ဘုရား'လေး ထည့်ပေးရတယ်။ ဘုရားအရာတည်တယ်။ဘုရားကိုယ်တော်စားဖြစ်တယ်။မြတ်စွာဘုရား မဂ်ဖိုလ်နိဗ္ဗာန် ရစေရောက်စေတဲ့ တရားတွေကို ဟောခဲ့တော့၊အဲဒီ တရားတွေကို ကိုယ်စားပြုပြီးတော့၊ဘုရားရဲ့ကိုယ်စားပြုပြီးတော့ ဟောတဲ့ပုဂ္ဂိုလ်။ အဲဒါကြောင့် ဒီလိုပုဂ္ဂိုလ်များကျတော့ ဘုရားလည်း ဟုတ်တယ်။ တရားတော်တွေကို ဆောင်ထားတဲ့အတွက် တရားလည်း ဟုတ်တယ်။ဘုရားရဲ့သားတော်မို့လို့ သံဃာတော်လည်းဟုတ်တယ်။

တစ်ချက်ခုတ် သုံးချက်ပြတ် -တဲ့။ လောကမှာပြောကြတယ်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ကွ။စာထဲမှာတော့ အမ္ဗသေစနဂုရုသိနန နည်း။ဦးပဉ္ဇင်းတစ်ပါးက သရက်ပင်ခြေရင်း စဥ့်အိုးကြီးတည်ပြီးတော့ ကျောက်ဖျာချထား။ ဆရာတော်ကြီးရေချိုးဖို့ ရေတွေထည့်ပေး။ ဆရာတော်ကြီးရေချိုးလိုက်တော့ ကိုယ့်ဆရာကိုလည်း ရေချိုးပြီးတာရ၊ သရက်ပင်လည်း ရေလောင်းပြီးသားဖြစ်။ အဲဒါကို အမ္ဗသေစနဂုရုသိနနနည်း။'သရက်ပင် ရေလောင်းပြီး၊ ဆရာကို ချိုးရေတည်ပြီး။ တစ်ချက်ခုတ် နှစ်ချက်ပြတ်တဲ့နည်း' လို့ ခေါ်ပါတယ်။

ဒီလို ဆရာတော်ကြီးတွေပူဇော်တာကျတော့ တစ်ချက်ခုတ် သုံးချက်ပြတ်နည်း-တဲ့နော်။ဘုရားအရာတည်တဲ့ဆရာတော်တွေ၊ မြေဇင်းတောရဆရာတော်လို့ မပြောရဘူး။မြေဇင်းတောရဆရာတော် ဘုရားကြီးနော်။

http://www.dhammadownload.com



ဥပမာအားဖြင့် တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရား၊ မဟာစည်ဆရာတော်ဘုရား-လို့ ဘုရားအရာမှာတည်တဲ့ ဆရာတော်တွေတဲ့။ အဲဒီလိုဆရာတော်များ ရှိတဲ့အတွက် သာသနာတော်ကြီး အဆက်မပြတ် တည်တံ့ပြီးတော့နေတာ။ သာသနာပြုဆရာတော်တွေကို ပူဇော်ရတယ်ဆိုပြီးတော့ ဝမ်းသာကြရတယ်နော်။

အဲဒီလိုပူဇော်လိုက်သဖြင့် ဘုရားလက်ထက်ကလည်းပဲ ဧတဒဂ်တွေပေးတယ်ဆိုတာ ပူဇော်ပွဲတွေလုပ်တာ။ ရှင်သာရိပုတ္တရာဆို ပညာအရာဧတဒဂ်။ ရှင်မဟာမောဂ္ဂလာန်ဆို တန်ခိုးအရာဧတဒဂ်၊ ဒါ ဘွဲ့ထူးတွေ၊ မြတ်စွာဘုရားရှင်က ပေးထားတဲ့ ဘွဲ့ထူးဂုဏ်ထူးတွေ။

အခုအစိုးရမင်းများကလည်းပဲ သာသနာကိုချီးမြှောက်တဲ့ အစိုးရမင်းများဖြစ်တဲ့အတွက် သာသနာတော် နေလိုလလို ထွန်းကားပြန့်ပွားအောင်ဆိုပြီးတော့ ဘွဲ့ထူးတွေနှင့် ချီးမြှောက်ကော်ရော်ပူဇော်ကြတာ။ တို့ဒကာ-ဒကာမတွေကလည်း လိုက်ပြီးတော့ပူဇော်တာ။

ဤကုသိုလ်ကောင်းမှု အစုစုတို့ကြောင့် ယခုဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝအထိ ဘဝပေါင်းအသင်္ချေ ကမ္ဘာပေါင်းအသင်္ချေတိုင်အောင် ဤကုသိုလ်တွေက ကောင်းရာကောင်းကြောင်း ပေးလိမ့်မယ်လို့ ယုံကြည်ကြ။

ဤကုသိုလ်ကောင်းမှု အစုစုတို့ကြောင့် ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန် ပရမတ် အရဟတ္တဖိုလ်ပေါက် ရောက်ပါရစေ. . .၊ ပညာပါရမီတွေဖြစ်ပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်အမြန် ချမ်းသာသောအကျင့် လွယ်ကူသောအကျင့် ထိုးထွင်းပဋိဘာန် အသိဉာဏ် လျင်လျင်မြန်မြန်ဖြင့် တပည့်တော်များ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်သို့ မျက်မှောက်ပြုပါရစေဘုရား။

http://www.dhammadownload.com



# သံသယကင်းရှင်း မြေဇင်းတရားအားထုတ်ပါ

ဆရာတော်ဦးပညိဿရ(အဂ္ဂမဟာပဏ္ဍိတ)
(တိပိဋကပါဠိမြန်မာအဘိဓာန်နှင့်
အဂ်လိပ်ပြန်ပါဠိတော်မြန်မာပြန်ရှိသံသယကျမ်းပြု)

အခုလို မောင်းထောင် မြေဇင်းတောရ ဆရာတော်ကြီးရဲ့ ချီးကျူးဂုဏ်ပြု ပူဇော်တဲ့ပွဲမှာ ဘုန်းကြီးကိုယ်တိုင် ဒီကန္နီနည်းကို တစ်လလောက် အားထုတ်ခဲ့ရဖူးလို့ ဘုရားဟောပိဋကတ်ကျမ်းဂန်များနဲ့ ညီညွတ်မှန်ကန်မှုရှိကြောင်း ထောက်ခံပြောကြားလိုပါတယ်။ ဒီတရားကိုအားထုတ်လိုက်တော့ ဘယ်လိုကျင့်ကြံရမယ်ဆိုတာကို သိလာရပါတယ်။မြေဇင်းတောရဆရာတော်ကြီးဟာ ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင်အစစ်လည်းဖြစ်ပါတယ်။

## ဘုရားဟောနှင့်ညီညွတ်

ဒီကန္နီနည်းသမထဝိပဿနာကျင့်စဉ်ဟာ အာနာပါနသတိ သုတ္တန်လာ နည်းအတိုင်း ပြသခြင်းဖြစ်ပါတယ်။ သမထကို အထူး ဦးစားပေးတာတွေ့ရပါတယ်။ရရှိလာတဲ့ အကျိုးကျေးဇူးတွေကတော့ မနည်းပါဘူး။ပွားများအားထုတ်တဲ့ရက်များလေလေ သမာဓိရရှိလေ ပါပဲ။ သမထကနေ ဝိပဿနာကူးတဲ့အခါမှာ လျင်မြန်စွာ မဂ်ဖိုလ် ရောက်ရှိနိုင်တဲ့နည်းပါပဲ။

http://www.dhammadownload.com



အာနာပါနကြောင့် ပဋိဘာဂနိမိတ်တွေထင်လာပါတယ်။ ကိုယ်လိုသလို အနီးအဝေး အကြီးအသေး ပွားနိုင်လာပါတယ်။ အိန္ဒိယ–သိဟိုဠ်–မှာရှိတဲ့ ဘုရားစေတီတွေကို ဖူးမြော်လို့ရပါတယ်။နတ်ပြည်မှာရှိတဲ့ စူဠာမဏိစေတီနဲ့ဆံတော်၊ စွယ်တော်စတာတွေကိုလည်း ဖူးနိုင်ကြပါတယ်။ ဒီလိုဖူးနိုင်တဲ့ပုဂ္ဂိုလ်တွေ မြောက်မြားစွာပေါ်ထွက်လာနေကြပြီဖြစ်ပါတယ်။

တချို့ စာတတ်ပေတတ်ပုဂ္ဂိုလ်တွေကတောင် ယုတ္တိသာကေ မခိုင်လုံဘူးဆိုပြီးတော့ ပြောနေဝေဖန်နေကြတာတွေ ကြားနေရပါတယ်။သူတို့က တကယ်လက်တွေ့ အားမထုတ်ဖူးဘဲနဲ့ပြောနေကြဟန်တူပါတယ်။ တိတိကျကျ အားထုတ်ဖူးကြဟန်မရှိပါဘူး။ ဗြဟ္မာ့ပြည်က ဒုဿစေတီနဲ့ ဝတ်လဲတော်တွေ ဖူးမြင်ခဲ့ ကြည်ညိုပူဇော်ခဲ့ကြသူတွေအများကြီးပေါ်ထွက်လာပါတယ်။သူတို့မယုံတာ အဆန်းမဟုတ်ပါဘူး။

မြတ်စွာဘုရားကိုယ်တိုင် စတုမဟာရာဇ်နတ်တွေအကြောင်း ဟောကြားထားတာတွေ ရှိပြီးသားပါ။ ဝိဘင်းမှာဆိုလို့ရှိရင် တာဝတိံသာနတ်တွေရဲ့သက်တမ်းအကြောင်းဟောကြားထားတာတွေ ရှိပါတယ်။ဘုရားဟောအစစ်အမှန်တွေပါ။

ကန္နီညည်းကျင့်စဉ်အတိုင်း အားထုတ်ကြသူတွေဟာ နိမိတ်အမျိုးမျိုးမြင်ကြရသော်လည်း အပ္ပနာသမာဓိအဆင့်၊ဒိဗ္ဗစက္ခုဉာဏ်အဆင့် မရှိကြသေးပါဘူး။ ကာမာဝစရအဆင့်မျှသာရှိပါသေးတယ်။ ဘုရားရှင်တရားဟောတော်မူတဲ့မဏ္ဍပ်၊ဝေဇယန္တာပြာသာဒ် မြင်နိုင်ကြည့်နိုင်တဲ့သူတွေ များစွာရှိလာကြပါပြီ။ ဉာဏ်ထက်မြက်သူတွေမြင်ကြရပါတယ်။ကြိုးစားအားထုတ်တဲ့ယောဂီတွေ မြင်ကြရပါတယ်။

http://www.dhammadownload.com



အဲဒါတွေတင်မက ၃၁–ဘုံလုံး မြင်နိုင်စွမ်းရှိကြတဲ့သတ္တိတွေ ရတတ်ပါတယ်။

## ငရဲဆိုတာ နေရာအတိအကျမရှိ

ဘုရားဟော ပါယာသိရာဇညသုတ်ထဲမှာ အရှင်ကုမာရကဿပနဲ့ ပါယာသိမင်းဟောခန်းပြောခန်းမှာ ထင်ရှားစွာတွေ့ရပါတယ်။ ပါယာသိမင်းက လက်တွေ့မှယုံတဲ့သူ။အင်မတန်မှတ်သားဖို့ကောင်းပါတယ်။

လောကမှာ ရှိုးရှိုးပကတိမျက်စိနဲ့ မမြင်ရတာနဲ့ မရှိဘူးလို့ ပြောလို့မဖြစ်ဘူး။ဥပမာပြရရင် ရဟန်းတော်၆–ကျိပ်တို့ဟာဘုရားရှင်ထံသွားရင်း တောထဲမှာမျက်စိလည်နေလို့ လယ်တောထဲမှာတွေ့ရတဲ့ လယ်သမားတစ်ယောက်ကို သာဝတ္ထိမြို့ကိုသွားတဲ့လမ်းမေးမြန်းကြတယ်။

လယ်သမားက–သူဟာ ကဿပဘုရားရှင်လက်ထက်မှာ 'ကဿပဘုရားရှင်ကို ဖူးရခဲ့တယ်။ သွားဖူးပြီး တရားနာရအောင်'ဆိုပြီး ခေါ်ကြပေမယ့်၊ 'ငါ့လယ်တွေကို ဘုရားရှင်က ထွန်ယက်ပေးမှာမဟုတ်ဘူးကွ'–ဆိုတဲ့ဝစီဗေဒကြောင့် လယ်ကွင်းထဲမှာ ဘုရားအဆူဆူကြား လယ်ထဲကထွက်မရအောင် ဒုက္ခခံနေရပါတယ်တဲ့။ မခံမရပ်နိုင်အောင်လည်း ပူလောင်နေရပါတယ်တဲ့။တကယ်တော့ သူဟာ ငရဲခံနေရတဲ့သူပဲ။

နောက်တစ်ခုပြောရဦးမယ်။

ဘုန်းကြီးတစ်ပါး နေထိုင်မကောင်းဖြစ်တယ်။သူအိပ်နေတဲ့ ကြမ်းကြားပေါက်ကနေ ကျွံပြီးတော့ အောက်ကိုရောက်သွားတယ်။ မီးတောက်မီးလျှံရဲရဲကြီး တွေ့ရသတဲ့။အဲဒီ မီးတောက်မီးလျှံထဲမှာ

http://www.dhammadownload.com



ငရဲခံနေကြရတာကို လည်းမြင်ရသတဲ့။ သူ အဲဒီရောက်သွားတော့ ငရဲမင်းကြီးက–

'ကိုယ်တော်သေရင်သတိထား၊ ကိုယ်တော်သေရင် အဲဒီရောက်မှာ' လို့ ပြောလိုက်သတဲ့။

ဒါကြောင့် ငရဲဆိုတာ ဘယ်နေရာလို့ပြောလို့မရဘူး။

## သံသယမဖြစ်စေလို

ဂိဇ္ဈကုဋ်တောင် အရိုးစုပြိတ္တာတွေအကြောင်း ကြားဖူးနေကြပြီးသားပဲ။ အဲဒါလဲ ငရဲတွေပဲမဟုတ်လား။ ရေပူချောင်းဆိုတာလည်း လူပြည်ရောက်မှသာ ရေပူစမ်းဖြစ်လာတာ။ အောက်မှာ နဂါးပြည်က ရေကန်ရှိတယ်။ နဂါးတွေကမြူးလို့ ပျော်လို့။ ပင်ရင်းရေကန်က လောဟကုမ္ဘီငရဲထဲက စီးထွက်သွားတာ။ ဂိဇ္ဈကုဋ်မှာ ရေပူထွက်တယ်။ ငရဲဆိုတာ အဝေးကြီးသွားနေရတာမဟုတ်ဘူး။ ဒုက္ခငရဲခံနေရတာတွေ အများကြီးရှိတယ်။ ဒါအဆန်းမဟုတ်ပါဘူး။ ဘုရားဟောပါဠိတော်မှာ များစွာရှိပြီးသားတွေပါ။ မမြင်ရလို့ မယုံဘူးလို့မပြောနဲ့။ မှားမယ်။

သူတို့မြင်ကြတယ်ဆိုတာလည်း အမှန်တွေပါ။ ငရဲရောက်သွားတဲ့သူကတော့ လူပြန်ဖြစ်ဖို့ခဲယဉ်းတယ်။

## ဘုရားရှင်လည်းအာနာပါနအားထုတ်ခဲ့

ဘုရားလောင်းယော်စဉ်ဘဝက အာနာပါနအားထုတ်ခဲ့ရတယ်။ ချာန်ဝင်စားနေလိုက်တာ သစ်ပင်တောင် အရိပ်မထွက်ဘူးတဲ့။ ပု–ဒိ–အာနဲ့ပြည့်စုံသွားတယ်။ အဲဒီကမှတစ်ဆင့် သဗ္ဗညုတ ရွှေဉာဏ်တော်အထိ ရသွားတော်မူတာ ဒီအာနာပါနပဲ။

အနည်းဆုံး သောတာပန်အဆင့်ရောက်အောင် ကြိုးစားအားထုတ်နိုင်ကြဖို့ လိုပါတယ်။ မြေဖြင်းတောရဆရာတော်ကြီး

http://www.dhammadownload.com



ပြသနေတဲ့ ဒီကန္တိနည်းဟာ ဘုရားဟောတော်မူတဲ့ ကျင့်စဉ်နည်း အတိုင်းပဲဖြစ်ပါတယ်။

လူဖြစ်ဖို့မလွယ်ကူဘူး။သာသနာနဲ့ကြုံကြိုက်ဖို့မလွယ်ကူဘူး။ ဘုရားရှင်မိန့်တော်မူခဲ့သလို လက်သည်းခွံပေါ်ကမြေမှုန့်နဲ့ မဟာပထဝီမြေကြီးယှဉ်ကြည့်။သမုဒ္ဒရာထဲက လိပ်ကန်းထမ်းပိုး ဥပမာလိုမှတ်သားကြ။ရေဲကျသွားရင်တော့ လူပြည်ပြန်ရောက်ဖို့ မလွယ်ဘူး။ကုသိုလ်ကောင်းမှုလည်းမလုပ်နိုင်တော့ဘူး။အပါယ် လေးဘုံသားတွေဆိုတာ နိုင်ရာစားနေကြတာ။

ဒီလို အချိန်ကောင်း အခွင့်ကောင်း အခါကောင်းတွေနဲ့ ကြုံကြိုက်တိုက်ဆိုင်တဲ့အခါမှာ အခွင့်ကောင်းလေးတွေ လက်မလွှတ် ရအောင် ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

အခြားရိပ်သာတွေလည်း ဘုရားရှင်ဟောတဲ့နည်းနဲ့ ပြသနေကြတဲ့ တရားစခန်းတွေပါပဲ။ဒီ့ပြင်ရိပ်သာတွေလည်း သွားလိုကသွားကြပါ။မြေဇင်းတောရဆရာတော်ဘုရားကြီး ပြသနေတဲ့ ကန္တိနည်း သမထ–ဝိပဿနာတရားရှုမှတ်နည်းတွေကိုလည်း ကြိုးစား အားထုတ်ကြပါ။အဲဒီလို ကြိုးစားအားထုတ်ကြပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လျင်မြန်စွာ ရရှိနိုင်ကြပါစေသတည်း။

[၇-၃၂၀၀၆နေ့ ဗဟန်း အာဇာနည်ဗိမာန်လမ်း ရှင်သာမဏေ ဗိမာန်၌ ကျင်းပပြုလုပ်သော 'အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ' ဘွဲ့တံဆိပ်တော်ရ မြေဇင်းတောရဆရာတော်ဘုရားကြီးအား ချီးကျူးဂုဏ်ပြု ပူဇော်ပွဲတွင် မိန့်ကြားတော်မူသော ဩဝါဒ ကထာကို အကျဉ်းချုပ် ဖော်ပြခြင်းဖြစ်ပါသည်။]

http://www.dhammadownload.com



# ဂုဏပူဇာ ကန်တော့ပန်းလွှာ

ဘယ်၍ဘယ်ခါ
အချိန်ကြာလည်း
ဘယ်ခါမမေ့
ကျွန်အောက်မေ့သည်
ပူဇော်နေ့ထူး
သူ့ကျေးဇူး။

ဦးသန်းအောင်
(သစ္စာဝါဒီဓမ္မရက္ခိတ)
ကျိုက်ဝိုင်း-သမိုင်း၊
ရန်ကုန်မြို့။

၂၀၀၆-ခုနှစ်၊မတ်လ-၁၇ရက်နေ့၊

http://www.dhammadownload.com



# အလင်းပေးသူ

ဦးကေလာသ (ကမ္မဋ္ဌာနာစရိယ)

လောကသားတို့၏ တူညီသောဆန္ဒမှာ ဆင်းရဲဒုက္ခကို အလို မရှိကြပါ။ ချမ်းသာသုခကိုသာ လိုလားကြပါသည်။ ယင်းဆန္ဒအရ ဆင်းရဲကိုပယ်ဖျောက်၍ ချမ်းသာကိုရောက်စေတတ်သော ဘုရား ရတနာ၊ တရားရတနာနှင့် သံဃာရတနာတို့ကို ကိုးကွယ်ဆည်းကပ် ကြသည်။

ဤမျှသာမဟုတ်၊ အချို့ကလည်း တော၊ တောင်၊ နေ၊ နတ်၊ ပြဟ္မာတို့ကို မိမိတို့၏ယုံကြည်မှုအရ ဆင်းရဲကိုပယ်ဖျောက်၍ ချမ်းသာသို့ရောက်စေတတ်သော ကိုးကွယ်အားထားရာဟူ၍ ဆည်းကပ် ပူဇော်လေ့ရှိကြပါသည်။

ယင်းသို့ ရတနာသုံးပါးနှင့် တောတောင် စသည်များကို ကိုးကွယ်ဆည်းကပ်ကြပြီးနောက်၊ ဆင်းရဲကိုပယ်ဖျောက် ချမ်းသာ ရောက်ရေးကိုရှေးရှု၍ ပေးကမ်းစွန့်ကြဲမှု အလှူဒါနအမျိုးမျိုးကို

http://www.dhammadownload.com



လည်း ပြုလုပ်ခဲ့ကြပါသည်။ ကိုယ်ကျင့်သီလအမျိုးမျိုးကိုလည်း စောင့်ထိန်းခဲ့ကြပါသည်။ စိတ်ငြိမ်းချမ်းတည်ကြည်မှု သမာဓိအမျိုးမျိုးကိုလည်း ခိုင်မာသည်ထက်ခိုင်မာအောင် ထူထောင်ခဲ့ကြပါသည်။

မည်သည့်အရာကို မည်မျှပင် ကိုးကွယ်ဆည်းကပ်ကြသည်ဖြစ်စေ၊ မည်သည့်အလှူဒါနကို မည်မျှပင် ပြုလုပ်ကြသည်ဖြစ်စေ၊ မည်သည့်ကိုယ်ကျင့်သီလကို မည်မျှပင် စောင့်ထိန်းနိုင်ကြသည်ဖြစ်စေ၊ မည်သည့်သမာဓိကို မည်မျှပင် ခိုင်ခံ့အောင် ထူထောင်နိုင်ကြသည်ဖြစ်စေ အမှန်အတိုင်း ထိုးထွင်းသိမြင်မှု ပညာအလင်း ဝိပဿနာအလင်း ဘာဝနာအလင်းကို ထုတ်ဖော်ခြင်းမရှိပါက ဆင်းရဲအားလုံးကို အကြွင်းမဲ့ပယ်ဖျောက်၍ တကယ့်ချမ်းသာစစ် ချမ်းသာမှန်အထိရောက်အောင် စွမ်းဆောင်နိုင်ကြမည်မဟုတ်ပါ။

ဤအကြောင်းကိုသိ၍ အမှန်အတိုင်း ထိုးထွင်းသိမြင်မှု ဘာဝနာအလင်းကို ထုတ်ဖော်လိုသော်လည်း အချိန်အခါမရွေး ထုတ်ဖော်နိုင်ကြမည်မဟုတ်ပါ။ ရပ်ပြစ်ရှစ်ပါးမှ လွတ်မြောက်၍ ဗုဒ္ဓဘုရားရှင်၏ သာသနာတော်တွင်း (အဆုံးအမအောက်) သို့ ရောက်မှသာ ထုတ်ဖော်နိုင်ခွင့်ရှိသည်။

လောက၌ အလင်းပျောက်လျှင် အမှောင်ရောက်စမြဲ။ အလင်းရောက်လျှင် အမှောင်ပျောက်စမြဲဖြစ်၏။ ဗုဒ္ဓမြတ်စွာ တရားတော်များသည် အမှောင်ကိုပယ်ခွင်း၍ အမှန်အတိုင်း ထိုးထွင်းသိမြင်မှု ဘာဝနာအလင်းကို ထွန်းပြောင်စေနိုင်၏။

တစ်နေ့သောအခါ မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီးသည် "ဘုတလင်မြို့နယ်၊ အလယ်စုရွာမှ မခင်သိန်းသည် အသက်သုံးနှစ်ထဲက မျက်စိနှစ်ကွင်း အလင်းမရရှာဘူး။ သူ့အတွက်

http://www.dhammadownload.com



ချမ်းသာတဲ့ဘဝရအောင် ဘာဝနာအလင်း တရားအလင်းရောင် တရားမျက်လုံး တပ်ဆင်ပေးဦးမှပဲ”ဟု အကြံဖြစ်တော်မူ၏။

သို့ဖြင့် ဆရာတော်သည် တစ်နေ့သောအခါ ကျောင်းလာနေကျ ဦးလူခင်နှင့် ဦးသန်းအောင်တို့ကို “ဦးကြော်ဌြာကို ပြောလိုက်၊ မင်းသမီး မခင်သိန်း တရားထိုင်ဖို့ ကျောင်းကိုလာပို့ပေး”ဟု မှာလိုက်၏။ ဦးကြော်ဌြာသည် သူ့သမီး မခင်သိန်းကို ဘေးက အကူအညီ မခင်ညိုနှင့် တရားထိုင်ရန် ကျောင်းသို့လာပို့၏။

ကျေးဇူးတော်ရှင် မောင်းထောင်မြေဇင်းတောရဆရာတော်သည် မခင်သိန်းနှင့် မခင်ညိုတို့ကို တရားပေးပါသည်။ မခင်သိန်းသည် တရားကို ကြိုးစားထိုင်သည့်အခါ နိမိတ်ရလာပါသည်။ နိမိတ်ရလာလျှင် ဘုရားဖူးခိုင်း၏။ ယွန်းဆက်ကျောင်းရုပ်ပွားတော်ရှေ့မှာ တစ်နာရီကြာအောင် ဘုရားဖူး၏။ ဝမ်းသာဝမ်းနည်းမှုဖြစ်လာပြီး မျက်ရည်များကျလာပါသည်။ တရားစစ်သောအခါ မခင်သိန်း ဘုရားဖူးရပုံတို့ကို ဆရာတော်အား လျှောက်၏။

ဆရာတော်က “ခင်သိန်း၊ ရုပ်ပွားတော်ရှေ့ရောက်တော့ ဝမ်းသာတယ်ဆိုတာ ဘယ်လိုကြောင့်လဲ”ဟုမေး၏။

မခင်သိန်းက ဆရာတော်ဘုရားညွှန်ကြားပြသ၍ နိမိတ်နှင့် ရုပ်ပွားတော်မှန်း စေတီမှန်း ဖူးမြင်ရလို့ ဝမ်းသာတာပါဘုရား”ဟု လျှောက်၏။

ဆရာတော်က “ခင်သိန်း ဝမ်းနည်းတယ်ဆိုတာ ဘယ်လိုကြောင့်လဲ”ဟုမေး၏။

မခင်သိန်းက “ဆရာတော်ဘုရား၊ တပည့်တော်ရဲ့ဘဝသည် အသက်ခုနစ်နှစ်သမီးကတည်းက မျက်စိနှစ်ကွင်း အလင်းမရပါဘူး။

http://www.dhammadownload.com



မျက်စိနှစ်ကွင်း အလင်းမရ၍ ပကတိလူတွေမြင်ရသလို တရား မထိုင်ဘဲနှင့် မမြင်ရသောကြောင့် ကိုယ့်ဘဝကိုဝမ်းနည်းပြီး မျက်ရည်ကျတာပါဘုရား"ဟု လျှောက်၏။

အဲဒီ မခင်သိန်းမြင်ရခြင်းသည် သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်း ဥဂ္ဂဟ နိမိတ်အဖွင့်၌ "မနောဒွါရဿ အာပါထမာဂတံ"အရ စိတ်ထဲက မြင်ရခြင်းဖြစ်သည်။ စိတ်ထဲကမြင်ရခြင်းသည် "စက္ခုနာ ပဿန္တ ဿေဝ" မျက်စိဖြင့်မြင်ရသကဲ့သို့ မြင်ရခြင်းဖြစ်သည်။

ဆရာတော်သည် မခင်သိန်းကို တရားအလင်းရောင်၊ တရား မျက်လုံး တပ်ဆင်ပေးရ၍ ဆရာဒကာ ပြုံးလို့ရွှင်လို့ ဖြစ်ကြ၏။

ဆရာတော်သည် မခင်သိန်းကို တရားအလင်းရောင်၊ တရား မျက်လုံး တပ်ဆင်ပေးသလို မောင်းထောင်မြေဇင်းတောရကျောင်း၊ မန္တလေး-ပုသိမ်ကြီး ရန်ကင်းအေးငြိမ်းရိပ်သာ၊ မှော်ဘီမြို့ လှုပဒါး ကျေးရွာ၊ ရွှေပါလရိပ်သာ၊ စစ်ကိုင်း-ရွှေတောင်ဦးရိပ်သာတို့၌လည်း ရဟန်းရှင်လူအပေါင်းတို့အား တရားအလင်းရောင် တရားမျက်လုံး တို့ကို တပ်ဆင်ပေးခဲ့ သည်။

ကံကံ၏အကျိုးကိုယုံကြည်မှု၊ သိမှု၊ ကမ္မဿကတာ ဉာဏ် အလင်း၊ ပုဂ္ဂိုလ်သတ္တဝါ သူငါမရှိ၊ ရုပ်နာမ်သာရှိ၏ဟု နာမရူပ ပရိစ္ဆေဒဉာဏ်အလင်း၊ ဤလောကကြီးကို အကြောင်းကင်း၍ ဖန်ဆင်းရှင်များ ဖန်ဆင်းထားသည်မဟုတ်၊ အဝိဇ္ဇာ, တဏှာ, ဥပါ ဒါန်, ကံ, အာဟာရ အတိတ်အကြောင်းတရားငါးပါးကြောင့် ရုပ်နာမ် တို့၏ဖြစ်ကြောင်းကို သိမှု မြင်မှု ပစ္စယပရိဂ္ဂဟဉာဏ်အလင်း၊ ရုပ် နာမ်တို့၏ဖြစ်ပျက်နေပုံ၊ ဆင်းရဲပုံ အစိုးမရပုံကို ကွက်ကွက်ကွင်းကွင်း သိမြင်မှု လက္ခဏပဋိဝေဓ ဥဒယဗ္ဗယ ဝိပဿနာဉာဏ်အလင်း၊ ဒုက္ခ

http://www.dhammadownload.com



ခပ်သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုသိမြင်မှု နိဗ္ဗာနပဋိဝေဓမဂ်ဉာဏ် ဖိုလ်ဉာဏ်အလင်းတို့သည် ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်၍ တရားတော်များ မကွယ်ပျောက်သေးသောကြောင့် ရနိုင်သော သာသနာ့အလင်းဓာတ်များဖြစ်သည်။

ကမ္ဘာပေါင်း အသင်္ချေနှင့်ချီ၍ အသက်ပေါင်းများစွာစတေးကာ စည်းစိမ်ဥစ္စာပေါင်းများစွာ ပေးအပ်ခဲ့ပြီး ထားတော်မူခဲ့သော ဗုဒ္ဓဘုရားရှင်၏ သာသနာ့အမွေတော် ပညာဉာဏ်ရောင် တရားအလင်းကြီး မှေးမှိန်ပျောက်ကွယ်ခြင်းသို့ မရောက်ရအောင် ဘုရားသားတော် သံဃာတော်များသည် ခေတ်အဆက်ဆက် အခက်အခဲ အမျိုးမျိုးကို ကျော်နင်းလျက် ပခုံးပြောင်းကာ ထမ်းရွက်ခဲ့ကြသည်။

ယင်းသို့ ထမ်းရွက်ကြရာ၌ ပစ္စည်းလေးပါးတို့ဖြင့် ပင်ပန်းနွမ်းနယ်မှု မရှိလေအောင် ဒါယကာ ဒါယိကာမများကလည်း ထောက်ပံ့ကူညီခဲ့ကြပါသည်။ ဤသို့ ဆရာဒကာတို့ တက်စုံဖွင့် ရွက်စုံလွှင့်၍ ကြိုးစားထမ်းရွက်ခဲ့ကြသောကြောင့် ယနေ့တိုင် ဗုဒ္ဓဘုရားရှင်၏ သာသနာ့အမွေတော် ပညာဉာဏ်ရောင် တရားအလင်းကြီး မြန်မာနိုင်ငံ၌ တဝင်းဝင်းတလက်လက် ထွန်းလင်းတောက်ပဆဲ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ ဗုဒ္ဓဘုရားရှင်၏ သာသနာ့အမွေတော် ပညာဉာဏ်ရောင် တရားအလင်းကြီး အဆက်မပြတ် ထွန်းလင်းတောက်ပအောင် ဆောင်ရွက်ကြသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်တို့တွင် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ မောင်းထောင်မြေဇင်းတောရကျောင်းတိုက်မှ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘိတ မဟာထေရ်လည်း တစ်ပါးအပါအဝင်ဖြစ်သည်။

http://www.dhammadownload.com



ဆရာတော်သည် စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ မောင်းထောင်ရွာ၊ ယွန်းဆက်ကျောင်း ဦးဇနိန္ဒနှင့် မုံရွာ၊ ပခုက္ကူ၊ မန္တလေး စသည့်မြို့များရှိ ပရိယတ္တိစာသင်တိုက်များတွင် စာပေသင်ယူလျက် ပထမကြီးတန်း၊ မူလဓမ္မာစရိယတန်းကို အောင်မြင်ခဲ့သည်။

ထို့ပြင် ဆရာတော်သည် ပဋိပတ္တိသာသနာ ပြန့်ပွားစေရန် နိဗ္ဗာနမဂ္ဂ အာနပါန ဝိနိစ္ဆယကျမ်း၊ ပဋိသမ္ဘိဒါဉာဏပါဒက ဂန္ထဝုရ ဝိပဿနာကျမ်း၊ ပဓာနပါရဂူခေါ် ကန္နီဆရာတော်၏ ဥပနိဿယ အာနာပါန လက်တွေ့အလုပ်ပေးတရားတော်၊ အာရညိကတောရ မှတ်ဖွယ်ကျမ်း၊ ဒဿနပါရဂူကျမ်း၊ ဓမ္မစကျွကျမ်းတို့ကို ရေးသား ခဲ့ပါသည်။

သမထဝိပဿနာတရားတို့ကို ထေရဝါဒပိဋကတ်နှင့်အညီ လူတိုင်းလက်ခံနိုင်အောင် တရားအလင်းရောင်များရအောင် စနစ် တကျ ပြသနိုင်စွမ်းရှိသည့်အတွက် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့ တံဆိပ်တော်နှင့်ထိုက်တန်သော ဆရာတော်တစ်ပါးဖြစ်သည်။

မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီးသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏အလယ်တွင် ခူဝံကြွယ်သဖွယ် ဖြစ်ပါ သည်။ တကယ်တော့ မြန်မာနိုင်ငံ အနောက်မြောက်တိုင်းမှ ထွက် ပေါ်လာသော နေလသဖွယ်လည်း ဖြစ်သည်။ မောင်းထောင် ယွန်းဆက်ကျောင်း၊ မြေဇင်းတောရကျောင်း၊ မန္တလေးတိုင်း၊ ပုသိမ် ကြီးမြို့နယ်၊ ရန်ကင်းအေးငြိမ်းရိပ်သာတို့မှ ထွက်ပေါ်လာသော သာသနာ့အာဇာနည်တစ်ပါးလည်း ဖြစ်သည်။

ထူးခြားသည့် သာသနာ့အာဇာနည်တစ်ပါး ပေါ်ထွန်းလာရ ခြင်းသည် သာသနာတော်နှင့် နိုင်ငံတော်အတွက် ကမ္ဘာသူကမ္ဘာ

http://www.dhammadownload.com



သားများအတွက် အထူးသဖြင့် စစ်ကိုင်းတိုင်းအတွက် လွန်စွာ အကျိုးများလှ၏။

ဤအရှင်မြတ်ကဲ့သို့

- အမှောင်ပယ်ခွင်း၍ သာသနာ့အလင်းကို ဆောင်နိုင်သော အာဇာနည်ပုဂ္ဂိုလ်ထူးများ ပေါ်ထွန်းနိုင်ပါစေ။
- စိတ်ကောင်းစာတတ် အကျင့်မြတ်နှင့်ပြည့်စုံသော သာသနာ့ အာဇာနည်ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်နိုင်ပါစေ။
- လောကသားတို့၏ တူညီသောဆန္ဒအရ ဆင်းရဲကိုပယ်ဖျောက်၍ ချမ်းသာသို့ရောက်စေနိုင်သော အမှန်အတိုင်း ထိုးထွင်းသိမြင်နိုင်သော သာသနာ့အမွေတော် ဘာဝနာ အလင်း တရားအလင်းကို ပေးစွမ်းနိုင်သော သာသနာ့ အာဇာနည်ပုဂ္ဂိုလ်ထူးများ စဉ်ဆက်မပြတ် ဖြစ်ထွန်းပေါ် ပေါက်ကြပါစေ

ဟု ဆုတောင်းပတ္ထနာ ပြုအပ်ပါသည်။

ဦးကေလာသ

သာသနဓဇဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ

ရန်ကင်းအေးငြိမ်းရိပ်သာ

ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း

http://www.dhammadownload.com



## မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏
## အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏဝိသိဋ္ဌပူဇာပွဲတွင်
## ချီးကျူးဂုဏ်ပြု ပူဇော်အပ်သော
# ဂုဏဝိသိဋ္ဌပူဇာဂါထာများ

၁။ ဘဒ္ဒန္တသောဘိတထေရော၊ ဒါနဓမ္မေသု ဉာဏိကော။
ဒါယကဿ မဟပ္ဖလေ၊ အဒါယကဿ ဒုပ္ဖလေ။
ဒါနဘာသနေ ဆေကတ္တာ၊ နာနာနယေဟိ ဒေသယိ။
ထေရဿိမဿိမံ ဂုဏံ၊ ပူဇေယျာမ ဂရုံဒရံ။

ဒါနဓမ္မေသု-စွန့်ကြဲပေးကမ်း လှူဒါန်းကြရ ဒါနတရားတို့၌။ ဉာဏိကော-ပါရမီရင့်သန် ပညာဉာဏ်ရှိတော်မူသော။ ဘဒ္ဒန္တသောဘိတထေရော-မဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာမကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တသောဘိတမထေရ်အရှင်မြတ်သည်။ ဒါယကဿ-စေတနာထက်စွာ သဒ္ဓါစင်ဖြူ လှူဒါန်းတတ်သောသူ၏။ မဟပ္ဖလေ-ဖြစ်ရာဘုံဘဝ၊ ကြွယ်ဝပေါ်ယယ်၊ ကြီးကျယ်များမြတ်သော အကျိုးရရှိခြင်းတို့ကိုလည်းကောင်း။ အဒါယကဿ-ပါရမီမပါ သဒ္ဓါနည်း၍ စွန့်ကြဲပေးကမ်း မလှူဒါန်းသူ၏ ကောင်း

http://www.dhammadownload.com



ကျိုးနည်းရခြင်းတို့ကိုလည်းကောင်း။ ဒါနဘာသနေ-ဒါနပါရမီ ဖြည့်သင့်သည်ဟု ဟောပြောမှု၌။ ဆေကတ္တာ-ဝေဖန်စိတ်ဖြာ လိမ္မာ တော်မူသည်၏အဖြစ်ကြောင့်။ နာနာ နယေဟိ-လိုက်နာကျင့်ဖွယ် နည်းအသွယ်သွယ်တို့ဖြင့်။ အဒေသယိ- ဗုဒ္ဓအလိုကျ ဟောဖော် ညွှန်ပြတော်မူလေပြီ။

ဣမဿ ထေရဿ-ဤမဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တသောဘိတ ထေရ်အရှင် မြတ်၏။ ဣမံဂုဏံ-ဤသို့ ဒါနအရာ ပြုတတ်စွာဖို့ လိမ္မာဟောကျူး ဂုဏ်ကျေးဇူးကို။ မယံ-သဒ္ဓါပိုပို ကြည်ညိုလှသည့် တပည့်တော်တို့ သည်။ ဂရုံဒရံ-ဂရုံအာဒရံ-လေးလေးမြတ်မြတ် မပြတ်ကြည်ညို ရိုသေလှစွာ။ ပူဇေယျာမ-အရှင်မြတ်ဂုဏ် ကိုယ်လုံးထုံ၍ ဖုံဖုံရိုကျိုး ရှိခိုးပူဇော်ကြပါကုန်၏ဘုရား။

၂။ ဘဒ္ဒန္တသောဘိတထေရော၊ သီလဓမ္မေသု ဉာဏိကော။
မဟာပ္ဖလေ သီလဝတော၊ ဒုဿီလဿစ ဒုပ္ဖလေ။
သီလဘာသနေ ဆေကတ္တာ၊ နာနာနယေဟိ ဒေသယိ။
ထေရဿိမဿိမံ ဂုဏံ၊ ပူဇေယျာမ ဂရုံဒရံ။

သီလဓမ္မေသု-ကာယဝစီ နှစ်လီဒုစရိုက် ရှိုင်းမိုက်သည့်ကံ ပယ်ရန်ဟောထား သီလတရားတော်၌။ ဉာဏိကော-ပါရမီရင့်သန် ပညာဉာဏ်ရှိတော်မူသော။ ဘဒ္ဒန္တသောဘိတထေရော-မဟာကမ္မ ဋ္ဌာနာစရိယ, အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တ သောဘိတမထေရ်အရှင်မြတ်သည်။ သီလဝတော-မကောင်းညစ် ကျူး ဒုစရိုက်စင်ဖြူ သီလရှိသောသူ၏။ မဟပ္ဖလေ-ထက်တန်းကျ၍ သုခကြီးမား သုဂတိဘဝသို့ လားရောက်ရခြင်းတို့ကိုလည်းကောင်း။

http://www.dhammadownload.com



ဒုဿီလဿ-ဆိုးညစ်ယုတ်မိုက် ဒုစရိုက်ပြုငြား ဒုဿီလသမား၏။ ဒုပ္ပလေစ-အောက်တန်းကျ၍ ဒုက္ခကြီးမား ဒုဂ္ဂတိဘဝသို့ လား ရောက်ရခြင်းတို့ကိုလည်းကောင်း။ သီလဘာသနေ-သီလပါရမီ ဖြည့်သင့်သည်ဟု ဟောပြောမှု၍။ ဆေကတ္တာ-ဝေဖန်စိတ်ဖြာ လိမ္မာ တော်မူသည်၏အဖြစ်ကြောင့်။ နာနာနယေဟိ-လိုက်နာကျင့်ဖွယ် နည်းအသွယ်သွယ်တို့ဖြင့်။ အဒေသယိ-ကရုဏာဆင့်ပွား မေတ္တာ ထား၍ ဟောကြားတော်မူခဲ့လေပြီ။

ဣမဿ ထေရဿ-ဤမဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တသောဘိတ ထေရ်အရှင် မြတ်၏။ ဣမံဂုဏံ-ဤသို့ သီလအရာ ပြုတတ်စွာဖို့ လိမ္မာဟောကျူး ဂုဏ်ကျေးဇူးကို။ မယံ-သဒ္ဓါပိုပို ကြည်ညိုလှသည့် တပည့်တော်တို့ သည်။ ဂရုံဒရံ-ဂရုံအာဒရံ-လေးလေးမြတ်မြတ် မပြတ်ကြည်ညို ရိုသေလှစွာ။ ပူဇေယျာမ-အရှင်မြတ်ဂုဏ် ကိုယ်လုံးထုံ၍ ဖုံဖုံရိုကျိုး ရှိခိုးပူဇော်ကြပါကုန်၏အရှင်ဘုရား။

၃။ ဘဒ္ဒန္တသောဘိတထေရော၊ ဘာဝနာယဥ္စ ဉာဏိကော။
မဟာပ္ပလေ ဘာဝနာယ၊ အဘာဝနာယ ဒုပ္ပလေ။
ဘာဝနာ ဝုတ္တေ ဆေကတ္တာ၊ နာနာနယေဟိ ဒေသယိ။
ထေရဿိမ မဿိမံ ဂုဏံ၊ ပူဇေယျာမ ဂရုံဒရံ။

ဘာဝနာယဥ္စ-နိဗ္ဗာန်ရောက်ရန် ဇွဲသန်ကြိုးကုတ် အားထုတ် ပွားများရာ ဘာဝနာများ၌လည်း။ ဉာဏိကော-ပါရမီရင့်သန် ပညာဉာဏ်ရှိတော်မူသော။ ဘဒ္ဒန္တသောဘိတထေရော-မဟာကမ္မ ဋ္ဌာနာစရိယ, အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တ သောဘိတထေရ်အရှင်မြတ်သည်။ ဘာဝနာယ-နိဗ္ဗာန်ရောက်မှု

http://www.dhammadownload.com



ကျေးဇူးပြုသည့် သမထဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းရခြင်း၏။ မဟပ္ဖလေ-မဂ်ဖိုလ်နိဗ္ဗာန် ဧကန်ရပြား ကြီးမားသောအကျိုးတို့ကိုလည်းကောင်း။ အဘာဝနာယ-နိဗ္ဗာန်ရောက်ရေး ထောက်ပံ့ပေးသည့် သမထဝိပဿနာ ကမ္မဋ္ဌာန်းမစီးဖြန်းရခြင်း၏။ ဒုပ္ဖလေ-သံသရာရှည်ဘိ ရရှိဆင်းရဲ အကျိုးနည်းရခြင်းတို့ကိုလည်းကောင်း။ ဘာဝနာဝုတ္တေ-ဘာဝနာသဘော ဟောပြောခြင်း၌။ ဆေကတ္တာ-ဝေဖန်စိတ်ဖြာ လိမ္မာတော်မူသည်၏အဖြစ်ကြောင့်။ နာနာနယေဟိ-လိုက်နာကျင့်ဖွယ် နည်းအသွယ်သွယ်တို့ဖြင့်။ အဒေသယိ-ကရုဏာတရား အစဉ်ထားလျက် မြွက်ကြားတော်မူခဲ့လေပြီ။

က္လမဿ ထေရဿ-ဤမဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တသောဘိတ ထေရ်အရှင်မြတ်၏။ က္လမံဂုဏံ-ဤသို့ ဘာဝနာအရာ ရှုတတ်စွာဖို့ လိမ္မာဟောကျူး ဂုဏ်ကျေးဇူးကို။ မယံ-သဒ္ဓါပိုပို ကြည်ညိုလှသည့် တပည့်တော်တို့သည်။ ဂရုံဒရုံ-ဂရုံအာဒရုံ-လေးလေးမြတ်မြတ် မပြတ်ကြည်ညို ရိုသေလှစွာ။ ပူဇေယျာမ-အရှင်မြတ်ဂုဏ် ကိုယ်လုံးထုံ၍ ဖုံဖုံရိုကျိုး ရှိခိုးပူဇော်ကြပါကုန်၏ဘုရား။

၄။ ဘဒ္ဒန္တသောဘိတထေရော၊ ဝုဒ္ဓသက္ကစ္စ ဉာဏီကော။
မဟပ္ဖလေ သက္ကစ္စဿ၊ အသက္ကစ္စဿ ဒုပ္ဖလေ။
သက္ကစ္စဝုတ္တေ ဆေကတ္တာ၊ နာနာနယေဟိ ဒေသယိ။
ထေရဿိမဿိမံ ဂုဏံ၊ ပူဇေယျာမ ဂရုံဒရုံ။

ဝုဒ္ဓသက္ကစ္စ-ဝုဒ္ဓသက္ကစ္စေ-အသက်သိက္ခာ ဂုဏ်ဝါကြီးမား မိဘာဆရာသမား စသည်တို့ကို ရိုသေသမှု ဂါရဝပြုရာ၌။ ဉာဏီကော-ပါရမီရင့်သန် ပညာဉာဏ်ရှိတော်မူသော။ ဘဒ္ဒန္တသောဘိတထေရော-မဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏ်

http://www.dhammadownload.com



ထူးရသည့် ဘဒ္ဒန္တသောဘိတထေရ်အရှင်မြတ်သည်။ သက္ကစ္စသာ-ယဉ်ကျေးသိမ်မွေ့ ရှိသေတတ်သောအလေ့၏။ မဟာပ္ဖလေ-လူနတ်ချစ်ခင် ကြီးမားသော အကျိုးအာနိသင်တို့ကိုလည်းကောင်း။ အသက္ကစ္စ-ကြမ်းတမ်းရိုင်းစိုင်း ညွှတ်ကိုင်းရိုသေ မရှိလေသောသူ၏။ ဒုပ္ဖလေ-လူနတ်ငြိုငြင် ဆင်းရဲသောအကျိုးအာနိသင်တို့ကိုလည်းကောင်း။ သက္ကစ္စဝုတ္တေ-သက္ကစ္စဂါရဝသဘော ပြောရေးဆိုမှု၌။ ဆေကတ္တာ-ဝေဖန်စိတ်ဖြာ လိမ္မာတော်မူသည်၏အဖြစ်ကြောင့်။ နာနာနယေဟိ-လိုက်နာကျင့်ဖွယ် နည်းအသွယ်သွယ်တို့ဖြင့်။ အဒေသယိ-ကရုဏာဆင့်ပွား မေတ္တာထား၍ ဟောကြားတော်မူခဲ့လေပြီ။

က္လမယ ထေရဿ - မဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တသောဘိတ ထေရ်အရှင်မြတ်၏။ က္လမ်ဂုဏ်-ဤသို့ အပစာယန ကုသလကို ဟောပြဖော်ကျူးဂုဏ်ကျေးဇူးကို။ မယံ-သဒ္ဓါပိုပို ကြည်ညိုလှသည့် တပည့်တော်တို့သည်။ ဂရုံဒရုံ-ဂရုံအာဒရုံ-လေးစားခါခါ ထာဝရရိုသေလှစွာ။ ပူဇေယျာမ-အရှင်မြတ်ဂုဏ် ကိုယ်လုံးထုံ၍ ဖုံဖုံရိုကျိုး ရှိခိုးကြပါကုန်၏ အရှင်ဘုရား။

၅။ ဘဒ္ဒန္တသောဘိတထေရော၊ ဝေယျာဝစ္စသု ဉာဏိကော။
မဟာပ္ဖလံ ဝေယျာဝစ္စေ၊ အဝေယျာဝစ္စ ဒုပ္ဖလံ။
ဝေယျာဝေစ္စေသု ဆေကတ္တာ၊ နာနာနယေဟိ ဒေသယိ။
ထေရဿိမဿိမံ ဂုဏံ၊ ပူဇေယျာမ ဂရုံဒရုံ။

ဝေယျာဝစ္စေသု-အများသူပြု ကုသိုလ်မှုတွင် ဝင်ရောက်ကူညီဆောင်ရွက်သည်တို့၌။ ဉာဏိကော-ပါရမီရင့်သန် ပညာဉာဏ်ရှိတော်မူသော။ ဘဒ္ဒန္တသောဘိတထေရော-မဟာကမ္မဋ္ဌာနာစရိယ,

http://www.dhammadownload.com



အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တ သောဘိတ ထေရ်အရှင်မြတ်သည်။ ဝေယျာဝစ္စေ-ကုသိုလ်ပြုရာ ဝင်ပါမနှေး ဆောင်ရွက်ပေးခြင်း၏။ မဟပ္ဖလံ-ကိုယ့်ကုသိုလ်၌ နှစ်ခြိုက်ကြည်ဖြူ ဝိုင်းကူသူများ ကြီးမားသောအကျိုးရရှိခြင်းတို့ကိုလည်းကောင်း။ အဝေယျာဝစ္စေ-ကုသိုလ်ပြုရာ ဝင်ကာမပြု ဆောင်ရွက်မှုမရှိခြင်း၏။ ဒုပ္ဖလံ-ကိုယ်တိုင်ကောင်းမှု ပြုရာကာလ ဖေးမဝိုင်းကူ ဆောင်ရွက်သူနည်း ဆင်းရဲရသော အကျိုးရရှိခြင်းတို့ကို လည်းကောင်း။ ဝေယျာဝစ္စေသု-ကုသိုလ်ပြုရာ ဝမ်းသာကြည်ဖြူ ကူညီဆောင်ရွက်ရခြင်းတို့၌။ ဆေကတ္တာ-ဝေဖန်စိတ်ဖြာ လိမ္မာတော်မူသည်၏အဖြစ်ကြောင့်။ နာနာနယေဟိ-လိုက်နာကောင်းကျိုး နည်းအမျိုးမျိုးတို့ဖြင့်။ အဒေသယိ-မေတ္တာတရား အစဉ်ထားလျက် မြွက်ကြားတော်မူခဲ့လေပြီ။

ဣမဿ ထေရဿ-ဤမဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တသောဘိတ ထေရ်အရှင်မြတ်၏။ ဣမံဂုဏံ-ဤသို့ ဝေယျာဝစ္စ ဆောင်ရွက်ကြဖို့ ဟောပြဖော်ကျူး ဂုဏ်အထူးကို။ မယံ-သဒ္ဓါပိုပို ကြည်ညိုလှသည့် တပည့်တော်တို့သည်။ ဂရုံဒရံ-ဂရုံအာဒရံ-လေးလေးမြတ်မြတ်၊ မပြတ်ခါခါ ရိုသေလှစွာ။ ပူဇေယျာမ-အရှင်မြတ်ဂုဏ် ကိုယ်လုံးထုံ၍ ဖုံဖုံရိုကျိုးရှိခိုးကြပါကုန်၏ဘုရား။

၆။ ဘဒ္ဒန္တသောဘိတထေရော၊ ပတ္တိဒါနေသု ဉာဏိကော။
မဟပ္ဖလံ ပတ္တိဒါနေ၊ အပတ္တိဒါနေ ဒုပ္ဖလံ။
ပတ္တိဒါနေသု ဆေကတ္တာ၊ နာနာနယေဟိ ဒေသယိ။
ထေရဿိမဿိမံ ဂုဏံ၊ ပူဇေယျာမ ဂရုံဒရံ။

http://www.dhammadownload.com



ပတ္တိဒါနေသု-မိမိပြုထား ကုသိုလ်များကို တပါးသူအား ဆင့်ကာပွားစေ အမျှဝေရာတို့၌။ ဉာဏိကော-ပါရမီရင့်သန် ပညာဉာဏ်ရှိတော်မူသော။ ဘဒ္ဒန္တသောဘိတထေရော-မဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တသောဘိတ ထေရ်အရှင်မြတ်သည်။ ပတ္တိဒါနေ-ကိုယ့်ကုသိုလ်များ သူတပါးအား ရပြားပါစေ အမျှပေးဝေရခြင်း၏။ မဟာပ္ဖလံ-ကိုယ့်ကုသိုလ်များ လျော့မသွားဘဲ ဆင့်ပွားကာနေ ချမ်းသာစေတတ် များမြတ်သော အကျိုးတို့ကိုလည်းကောင်း။ အပတ္တိဒါနေ-ကိုယ်တိုင်ပြုရ ကုသလကို အမျှရစေ မပေးဝေတတ်ခြင်း၏။ ဒုပ္ဖလံ-မဖွံ့မဖြိုး အကျိုးပေးနည်း ရခြင်းတို့ကိုလည်းကောင်း။ ပတ္တိဒါနေသု-အမျှဝေရ ပတ္တိဒါန ပူညကြိယတို့၌။ ဆေကတ္တာ-ဝေဖန်စိတ်ဖြာ လိမ္မာတော်မူသည်၏အဖြစ်ကြောင့်။ နာနာနယေဟိ-လိုက်နာကျင့်ရန် နည်းအတန်တန်တို့ဖြင့်။ အဒေသယိ-မေတ္တာတရား အစဉ်ထားလျက် မြွက်ကြားတော်မူခဲ့လေပြီ။

ဣမသ္မ ထေရဿ-ဤမဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တသောဘိတ ထေရ်အရှင်မြတ်၏။ ဣမံဂုဏံ-ဤသို့ ပြုပြုသမျှ ကုသလကို များလှဝေနေ ပေးငှဝေဖို့ မသွေဟောကျူး ဂုဏ်အထူးကို။ မယံ-သဒ္ဓါပိုပို ကြည်ညိုလှသည့် တပည့်တော်တို့သည်။ ဂရုံဒရံ-ဂရုံအာဒရံ-လေးလေးမြတ်မြတ် မပြတ်ခါခါ ရိုသေလှစွာ။ ပူဇေယျာမ-အရှင်မြတ်ဂုဏ် ကိုယ်လုံးထုံ၍ ဖုံဖုံရိုကျိုး ရှိခိုးကြပါကုန်၏ဘုရား။

၇။ ဘဒ္ဒန္တသောဘိတထေရော၊ ပတ္တာနုမောဒန ဉာဏိကော။

မဟာပ္ဖလံ နုမောဒနေ၊ အနနုမောဒနေ ဒုပ္ဖလံ။

http://www.dhammadownload.com



အနုမောဒနေ ဆေကတ္တာ၊ နာနာနယေဟိ ဒေသယိ။

ထေရဿိမဿိမံ ဂုဏံ၊ ပူဇေယျာမ ဂရုံဒရံ။

ပတ္တာနုမောဒနေ-မျှဝေသော်ကြား အားရရွှင်လန်း ဝမ်းမြောက်နုမော် သာဓုခေါ် ရခြင်းတို့၌။ ဉာဏိကော-ပါရမီရင့်သန် ပညာဉာဏ်ရှိတော်မူသော။ ဘဒ္ဒန္တသောဘိတထေရော-မဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တသောဘိတ ထေရ်အရှင်မြတ်သည်။ အနုမောဒနေ-အနုမောဒနဿ-တပါးသူပြုကုသိုလ်စုကို သာဓုခေါ်ကာ ဝမ်းသာရခြင်း၏။ မဟပ္ဖလံ-ကုသိုလ်ရှင်အလား မခြားတူသိ များစွာသောကောင်းကျိုးရရှိခြင်းတို့ကိုလည်းကောင်း။

အနုမောဒနေ-အနုမောဒနဿ-ပါရမီတရား အလွန်နည်းပါး၍ အခြားသူပြု ကုသိုလ်စုကို ဝမ်းမြောက်နုမော် သာဓုခေါ် ဆိုရခြင်း၏။ ဒုပ္ပလံ-ဘဝသံသရာ လျှောက်လှမ်းရာ၌ မဖွံ့မဖြိုး အကျိုးပေးနည်းရခြင်းတို့ကိုလည်းကောင်း။ အနုမောဒနေ-ပြုပြုသမျှ ကုသလကို ဝမ်းမြောက်နုမော် သာဓုခေါ် ဆိုရခြင်း ပတ္တာနုမောဒန၌။ ဆေကတ္တာ-ဝေဖန်စိတ်ဖြာ လိမ္မာတော်မူသည်၏အဖြစ်ကြောင့်။ နာနာနယေဟိ-လိုက်နာကျင့်ရန် နည်းအတန်တန်တို့ဖြင့်။ အဒေသယိ-ကရုဏာထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့လေပြီ။

ဣမဿ ထေရဿ-ဤမဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တသောဘိတ ထေရ်အရှင်မြတ်၏။ ဣမံဂုဏံ-ဤသို့ ပတ္တာနုမောဒနတရား ဟောကြားမြွက်ကျူး ဂုဏ်အထူးကို။ မယံ-သဒ္ဓါပိုပို ကြည်ညိုလှသည့် တပည့်တော်တို့သည်။ ဂရုံဒရံ-ဂရုံအာဒရံ-လေးလေးမြတ်မြတ် မပြတ်ခါခါ

http://www.dhammadownload.com



ရှိသေလှစွာ။ ပူဇေယျာမ-အရှင်မြတ်ဂုဏ် ကိုယ်လုံးထုံ၍ ဖုံဖုံရိုကျိုး ရှိခိုးပူဇော်ကြပါကုန်၏ အရှင်မြတ်ဘုရား။

၈။ ဘဒ္ဒန္တသောဘိတထေရော၊ ဓမ္မဿဝန ဉာဏိကော။
မဟပ္ဖလံ ဓမ္မဿဝနေ၊ အဓမ္မဿဝန ဒုပ္ဖလံ။
ဓမ္မဿဝနေ ဆေကတ္တာ၊ နာနာနယေဟိ ဒေသယိ။
ထေရဿိမဿိမံ ဂုဏံ၊ ပူဇေယျာမ ဂရုံဒရံ။

ဓမ္မဿဝန-ဓမ္မဿဝနေသု-သိဉာဏ်တိုးပွား ကုသိုလ်များ၍ တရားနာရ မြတ်ပုညတို့၌။ ဉာဏိကော-ပါရမီရင့်သန် ပညာဉာဏ် ရှိတော်မူသော။ ဘဒ္ဒန္တသောဘိတထေရော-မဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တသောဘိတ ထေရ်ရှင်မြတ်သည်။

ဓမ္မဿဝနေ-မင်္ဂဖိုလ်နိဗ္ဗာန် ရည်သန်တောင့်တ တရားနာရခြင်း၏။ မဟပ္ဖလံ-နိဗ္ဗာန်သို့တိုင် ရောက်ရှိနိုင်ကြောင်း ကြီးမားသောအကျိုး ရရှိနိုင်ခြင်းကိုလည်းကောင်း။ အဓမ္မဿဝန-အဓမ္မဿဝနေ-နိဗ္ဗာန်မင်္ဂဖိုလ် မရောက်လိုကြောင်း တရားမနာရခြင်း၏။ ဒုပ္ဖလံ-အပါယ်ဒုဂ္ဂတိ ရောက်မည့်အရေး ဆင်းရဲဘေးဆိုး မကောင်းသောအကျိုး ရရှိခြင်းကိုလည်းကောင်း။

ဓမ္မဿဝနေ-ပညာတိုးပွား ကောင်းကျိုးများ၍ တရားနာရ ဓမ္မဿဝနတို့၌။ ဆေကတ္တာ-ဝေဖန်စိတ်ဖြာ လိမ္မာတော်မူသည်၏ အဖြစ်ကြောင့်။ နာနာနယေဟိ-လိုက်နာကျင့်ရန် နည်းအတန်တန်တို့ဖြင့်။ အဒေသယိ-ကရုဏာထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့လေပြီ။

ဣမဿ ထေရဿ-ဤမဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တသောဘိတ ထေရ်အရှင်

http://www.dhammadownload.com



မြတ်၏။ ဣက္ကမ်ဂုဏ်-ဤသို့ ဓမ္မဿဝနကုသိုလ် ဟောဆိုမြွက်ကျူး ဂုဏ်အထူးကို။ မယံ-သဒ္ဓါပိုပို ကြည်ညိုလှသည့် တပည့်တော်တို့သည်။ ဂရုံဒရံ-ဂရုံအာဒရံ-လေးလေးမြတ်မြတ်၊ မပြတ်ခါခါ ရှိသေလှစွာ။ ပူဇေယျာမ-အရှင်မြတ်ဂုဏ် ကိုယ်လုံးထုံ၍ ဖုံဖုံရိုကျိုး ရှိခိုးပူဇော်ကြပါကုန်၏ အရှင်မြတ်ဘုရား။ ၂

၉။ ဘဒ္ဒန္တသောဘိတထေရော၊ ဓမ္မဒေသနာသု ဉာဏိကော။
မဟပ္ဖလေ ဓမ္မဒေသနာယ၊ အဓမ္မဒေသနာယ ဒုပ္ဖလေ။
ဓမ္မဒေသနာယံ ဆေကတ္တာ၊ နာနာနယေဟိ ဒေသယိ။
ထေရဿိမဿိမံ ဂုဏံ၊ ပူဇေယျာမ ဂရုံဒရံ။

ဓမ္မဒေသနာသု-သတ္တဝါဝေနေ မျှားထွေထွေတို့ မဂ်ဖိုလ်လို့ဌာ သေချာဟောကျူး ဓမ္မဒေသနာကုသိုလ်ထူးတို့၌။ ဉာဏိကော-ပါရမီရင့်သန် ပညာဉာဏ်ရှိတော်မူသော။ ဘဒ္ဒန္တသောဘိတထေရော -မဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တသောဘိတ ထေရ်အရှင်မြတ်သည်။

ဓမ္မဒေသနာယ-နတ်လူတတွေ ကျွတ်ထိုက်စေဖို့ မသွေ ဟောကျူး ဓမ္မဒါနကုသိုလ်ထူး၏။ မဟပ္ဖလေ-အမတဓာတ် နိဗ္ဗာန် မြတ်သို့ ဆိုက်ကပ်ရခြား ကျေးဇူးများရခြင်းတို့ကိုလည်းကောင်း။ အဓမ္မဒေသနာယ-ကရုဏာရှေ့ထား မေတ္တာအားဖြင့် တရားမဟော ကြားရခြင်း၏။ ဒုပ္ဖလေ-အမတံခေမံ မြတ်နိဗ္ဗာန်နှင့် အမှန်ဝေးလှ ဆင်းရဲရသော အကျိုးရရှိခြင်းတို့ကိုလည်းကောင်း။

ဓမ္မဒေသနာယံ-မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းမှန်၍ ဧကန် အကျိုးများ ဓမ္မဒေသနာတရား၌။ ဆေကတ္တာ-ဝေဖန်စိတ်ဖြာ လိမ္မာတော်မူသည်၏အဖြစ်ကြောင့်။ နာနာနယေဟိ-လိုက်နာကျင့်ဖွယ်

http://www.dhammadownload.com



နည်းအသွယ်သွယ်တို့ဖြင့်။ အဒေသယိ-မေတ္တာတရား အစဉ်ထား လျက် မြွက်ကြားတော်မူခဲ့လေပြီ။

ဣမဿ ထေရဿ-ဤမဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တသောဘိတ ထေရ်အရှင် မြတ်၏။ ဣမံဂုဏံ-ဤသို့ နိဗ္ဗာန်အလျှို အလားတူအပ် တရားမြတ် ကို မပြတ်ဟောကျူး ဂုဏ်အထူးကို။ မယံ-သဒ္ဓါပိုပို ကြည်ညိုလှသည့် တပည့်တော်တို့သည်။ ဂရုံဒရံ-ဂရုံအာဒရံ-လေးလေးမြတ်မြတ် မပြတ်ခါခါ ရှိသေလှစွာ။ ပူဇေယျာမ-အရှင်မြတ်ဂုဏ် ကိုယ်လုံးထုံ၍ ဖုံဖုံရိုကျိုး ရှိခိုးပူဇော်ကြပါကုန်၏ အရှင်မြတ်ဘုရား။

၁၀။ ဘဒ္ဒန္တသောဘိတထေရော၊ ဒိဋ္ဌိဇုကမ္မ ဉာဏိကော။
မဟာပ္ဖလေ ဒိဋ္ဌိဇုက္ကမ္မေ၊ အဒိဋ္ဌိဇုက္ကမ္မေ ဒုပ္ဖလေ။
ဒိဋ္ဌိဇုက္ကမ္မေ ဆေကတ္တာ၊ နာနာနယေဟိ ဒေသယိ။
ထေရဿိမဿိမံ ဂုဏံ၊ ပူဇေယျာမ ဂရုံဒရံ။

ဒိဋ္ဌိဇုက္ကမ္မ-ဒိဋ္ဌိဇုက္ကမ္မေ-ကမ္မဿကတာသမ္မာဒိဋ္ဌိ ဉာဏ်မြင်ရှိမှု ဒိဋ္ဌိဇုကမ္မဉ်။ ဉာဏိကော-ပါရမီရင့်သန် ပညာဉာဏ်ရှိတော်မူသော။ ဘဒ္ဒန္တသောဘိတထေရော - မဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တသောဘိတ ထေရ်အရှင် မြတ်သည်။

ဒိဋ္ဌိဇုက္ကမ္မေ-ဒိဋ္ဌိဇုက္ကမ္မဿ-သင်္ခါရက် ကြောင်းကျိုးမှန်ကို ကောင်းဖြောင့်မတ် သိမြင်တတ်ခြင်း၏။ မဟာပ္ဖလေ-မဂ်ဖိုလ်စခန်း နိဗ္ဗာန်လမ်းသို့ ဖြောင့်တန်းသေချာ ကြီးစွာသောအကျိုး ရရှိခြင်း တို့ကိုလည်းကောင်း။ အဒိဋ္ဌိဇုက္ကမ္မ-အဒိဋ္ဌိဇုက္ကမ္မဿ-သင်္ခါရက် ကြောင်းကျိုးမှန်ကို ကောင်းဖြောင့်မတ် မသိမြင်တတ်ခြင်း၏။ ဒုပ္ဖလေ-

http://www.dhammadownload.com



သံသရာဝဲ ဩဃထဲ၌ ဆင်းရဲနွံမ်းလျ ပင်ပန်းရသော အကျိုးတို့ကို လည်းကောင်း။

ဒိဋ္ဌိဇုက္ကမ္မေ-မိစ္ဆာ, သမ္မာ ကံနှစ်ဖြာ၌ ဖြောင့်စွာမြင်သိ ဒိဋ္ဌိဇုကမ္မ၌။ ဆေကတ္တာ-ဝေဖန်စိတ်ဖြာ လိမ္မာတော်မူသည်၏အဖြစ်ကြောင့်။ နာနာနယေဟိ-လိုက်နာကျင့်ရန် နည်းအတန်တန်တို့ဖြင့်။ အဒေသယိ-မေတ္တာတရား အစဉ်ထားလျက် မြွက်ကြားတော်မူခဲ့လေပြီ။

ဣမဿ ထေရဿ-ဤမဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏ်ထူးရသည့် ဘဒ္ဒန္တသောဘိတ ထေရ်အရှင်မြတ်၏။ ဣမံဂုဏံ-ဤသို့ ကမ္မာကမ္မ မြင်မှန်ရ၍ အမတနိဗ္ဗူ ရောက်စေဟူသား မေတ္တာထားလျက် ဟောကြားမြွက်ကျူး ဂုဏ်အထူးကို။ မယံ-သဒ္ဓါပိုပို ကြည်ညိုလှသည့် တပည့်တော်တို့သည်။ ဂရုံဒရံ-ဂရုံအာဒရံ-လေးလေးမြတ်မြတ်၊ မပြတ်ခါခါ ရိုသေလှစွာ။ ပူဇေယျာမ-အရှင်မြတ်ဂုဏ် ကိုယ်လုံးထုံ၍ ဖုံဖုံရိုကျိုး ရှိခိုးပူဇော်ကြပါကုန်၏ အရှင်ဘုရား။

[ ညောင်ကန်အေး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏပူဇာ အထိမ်းအမှတ်စာစောင်မှ မေမြို့၊ အနီးစခန်းဆရာတော်၏ ဂါထာကို နည်းမှီ ရေးသားပူဇော်ပါသည်။ ]

အရှင်ကေလာသ (ကမ္မဋ္ဌာနာစရိယ)
သာသနဓဇဓမ္မာစရိယ၊ ရန်ကင်းအေးငြိမ်းရိပ်သာ
ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း

http://www.dhammadownload.com



# အမှောင်ထုခွင်း ရောင်ခြည်လင်း ရန်ကင်းအေးငြိမ်းရိပ်သာ ဆရာတော်ဘုရားကြီး၏စေတနာ

ဦးသိန်းအောင် (မန်းသြဘာ)

ကျွန်ုပ်သည် မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏ ကန္ဒီနည်းဥပနိဿယ၊ နိဗ္ဗာနမဂ္ဂ အာနာပါန သမထဝိပဿနာ တရားတော်ကို အားထုတ်ဖို့ဝေးစွ၊ ကြားပင်မကြားဘူးသေးမီ၊ ငယ်စဉ်ကပင် တရားကို ဝါသနာပါခဲ့ပါသည်။ ခန္ဓာငါးပါး၏ လက္ခဏာများ၊ သစ္စာလေးပါး၏ သဘောသဘာဝများကို စာအုပ်များ၌ ဖတ်ရှုလေ့လာ၍တစ်ဖုံ၊ တရားပွဲများ သွားရောက် နာကြား၍ တစ်မျိုး ဆည်းပူးခဲ့ပါသည်။

ခန္ဓာ၏ဖြစ်ပျက်ပုံကို စာဖတ်လို့လည်းသိ၊ တရားတွေနာလို့လည်းသိပြီးတဲ့နောက် အေးငြိမ်းရာ၊ ချုပ်ရာ နိဗ္ဗာန်ကို ဘယ်လိုသွားမလဲဟု စဉ်းစားနေမိသည်။ တချို့ကလည်း သိနေ၊ ဆွေးနွေးနေလျှင် ပြီးတာပဲ၊ တချို့ကလည်း သမထလုပ်ဖို့ရန်မလိုဘူး၊ သမထ

http://www.dhammadownload.com



ဟာ လက္ခဏာရေးသုံးပါး မပါဘူး။ ဝိပဿနာဉာဏ်လမ်းနဲ့ ဖြစ်ပျက်မှတ်နေရင် ပြီးတာပဲ . . . စသည်ဖြင့် အမျိုးမျိုးဟောပြောမှုကို ကြားနာမှတ်သားခဲ့ရသည်။

ထို့နောက် ရန်ကင်းတောင်တော် အောင်ဗုဒ္ဓလိုဏ်ဂူ၊ ညီနောင်လိုဏ်ဂူတို့တွင် ဝိပဿနာနည်းမျိုးစုံတို့ဖြင့် တရားအားထုတ်ဖြစ်ခဲ့သည်။ ပုဆိုးပြတ်ဒုက္ခ၊ အိုးကွဲတဲ့အနိစ္စလောက်သိတာမျှကိုပင် ကျေနပ်ခဲ့ရပြီ။ အမြင့်ကို ပင်ပန်းစွာတက်ရသည့် ထန်းသမားလို လူအမြင်မှာ "ထန်းသမား ထန်းလျက်မရတော့ အလကား"ဆိုသည့် စကားပုံအတိုင်း ကျွန်ုပ်ဖြစ်ခဲ့ရသည်။

တစ်ဖန် မြန်မာနိုင်ငံသာသနာတော်တွင် အကျော်အမော်ဖြစ်သော လယ်တီဆရာတော်ကြီး၏ တရားနည်းစနစ်များနှင့် အနာဂါမ်ဆရာသက်ကြီး၏ သမထဝိပဿနာရှုနည်းများကို လေ့လာမှတ်သားရသည်။

အဲ-ဟုတ်ပြီဟု "သီလ-သမာဓိ-ပညာ" စုံညီစွာဖြင့် တရားအားထုတ်နည်းအဖုံဖုံကို နှစ်ခြိုက်သဘောကျနေစဉ် မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏ နိဗ္ဗာနမဂ္ဂ အာနာပါနသမထဝိပဿနာတရားနည်းများကို ဘဘ (ဓမ္မာစရိယဦးဌေးလှိုင်)၏ ဟောပြောမှုမှတဆင့် ကြားနာခဲ့ရပြန်သောအခါ လွန်စွာသဘောကျပြီး ဆရာသမားကောင်းတွေ့ပြီ၊ ကံကောင်းပြီဟုယူဆကာ မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏ သမထဝိပဿနာတရားများကို အားထုတ်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ကံမကောင်းခြင်းသည် အကြံကောင်းမရခြင်းက စ၏။ မင်္ဂလာတရားတော်နှင့်ကြည့်မည်ဆိုပါက ပညာရှိအား မှီဝဲဆည်းကပ်

http://www.dhammadownload.com



ရခြင်းသည် မင်္ဂလာတစ်ပါးဖြစ်၏။ ပညာရှိမိတ်ဆွေကောင်းနှင့် ပေါင်းရခြင်းသည် အကြံကောင်းရပြီး ကံကောင်းစေနိုင်သည်။ ယခု မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီးအား ဆည်းကပ် ခွင့်ကြုံပြီး အာနာပါန သမထ ဝိပဿနာနည်းစနစ်ကျကျ ရရှိတော့ မည်ဖြစ်၍ ဆရာကောင်းနှင့်တွေ့ပြီး ကျွန်ုပ်နှင့်တကွ တပည့်ယောဂီ အပေါင်း ကံကောင်းရခြင်းဖြစ်သည်။

ဆရာတော်ဘုရားကြီး၏ သမထ၊ ဝိပဿနာတရားတော်များ ပြန့်ပွားရန်နှင့် အားထုတ်လိုသောပုဂ္ဂိုလ်များ လွယ်ကူအဆင်ပြေစွာ အားထုတ်နိုင်ရန်အတွက် မောင်းထောင်မြေဇင်းတောရတိုက်ခွဲ တစ်ခု ဖွင့်လှစ်၍ ချီးမြှင့်ပေးသနားပါရန် ဆရာတော်ဘုရားကြီး၏ ညီ ဓမ္မာစရိယဦးဌေးလှိုင်ကိုယ်တိုင် ဆရာတော်ဘုရားကြီးအား လျှောက်ထားခွင့်ပန်ခဲ့သည်။ ဆရာတော်ဘုရားကြီး ခွင့်ပြုတော်မူ သဖြင့် ဘဘဦးဌေးလှိုင်ကိုယ်တိုင်ကြီးကြပ်ကာ မန္တလေးတိုင်း၊ ပုသိမ် ကြီးမြို့နယ်၊ ရန်ကင်းတောင်အရှေ့ဘက်ခြမ်း၌ ရန်ကင်းအေးငြိမ်း ရိပ်သာကြီးကို ထူထောင်နိုင်ခဲ့သည်။

မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီးက လည်း ၁၃၆၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက် (၉-၄-၂၀၀၃) ညနေ ၅ နာရီအချိန်၌ ယောဂီအပေါင်းတို့အား တရားစတင်ပေး အပ်၍၊ ပထမအကြိမ် တရားစခန်း မြေဇင်းတောရ ပထမဆုံးရိပ်သာ ခွဲအဖြစ် ရန်ကင်းအေးငြိမ်းရိပ်သာကို ဖွင့်လှစ်ပေးသနားချီးမြှင့်ခဲ့ သည်။ ရဟန်း-ရှင်-လူ-ယောဂီသူတော်စင်အပေါင်းတို့ လိုလား တောင့်တခဲ့ရသော ကန္တီနည်းတရားများ နာကြားအားထုတ်ရသဖြင့် "ဆာလောင်နေချိန် ရေအေးအေးလေးသောက်လိုက်ရသလို" အေး

http://www.dhammadownload.com



မြချမ်းသာ လန်းဖြာ၍ ဝမ်းသာပီတိ ဖြစ်ခဲ့ကြရသည်။ ထိုအချိန်၌ ကောင်းကင်တစ်ခိုမှ နတ်ပြဟ္မာတို့ ကောင်းချီးပေးသည့်အလား ရုတ်တရက် မိုးသဲသဲမဲမဲရွာချခဲ့ရာ ရာသီဥတု အမှန်ပင်အေး၍ ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်းအေးကြည်လင်သာယာသွားသည်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ တရားနည်းစနစ်ကို အနယ်နယ်အရပ်ရပ်မှ ရောက်လာကြသော ယောဂီသူတော်စင် အပေါင်းတို့ ချမ်းမြေ့ကြည်လင်စွာ အနှောင့်အယှက်မရှိ အားထုတ်နိုင်ရန် ကမ္မဋ္ဌာန်းကျောင်းတစ်ခုစီ၊ တစ်ယောက်တစ်ခန်းစီ ကိုယ့်အဆောင်နှင့်ကိုယ်အားထုတ်နိုင်အောင် စီစဉ်ထားရှိသည်။ ရန်ကင်းအေးငြိမ်းရိပ်သာတွင် အလွန်တင်းကြပ်သောစည်းကမ်းများ မထားရှိ။ နံနက် (၄)နာရီတွင် ယောဂီတို့အိပ်ယာမှနိုးထရန် အချက်ပေးတုံးခေါက်ပေးသည်မှတစ်ပါး တရားဝင်ချိန်၊ ထွက်ချိန်တွင် အသံပေးခြင်းမရှိ၊ တုံးခေါက်လျှင် ပြုဖွယ်ကိစ္စတို့ပြုလုပ်ပြီး တရားထိုင်ရန် ဖြစ်သည်။

နံနက် (၅)နာရီခွဲတွင် အရုဏ်ဆွမ်းစားပြီး ရန်ကင်းအေးငြိမ်းရိပ်သာ သစ်တောလေးအတွင်း သံဃာတော်ယောဂီနှင့် အမျိုးသားယောဂီတို့က တောင်ဘက်အပိုင်း၊ အမျိုးသမီးယောဂီတို့က မြောက်ဘက်အပိုင်းတွင် စင်္ကြန်လျှောက်နိုင်သည်။ နံနက် (၁၀)နာရီအထိ တရားထိုင်ချိန်၊ တရားစစ်ဆေးခံချိန်ဖြစ်ပြီး (၁၀း၄၅)နာရီအထိ ရေချိုးခြင်းနှင့် အခြားကိစ္စတို့ ဆောင်ရွက်နားနေနိုင်သည်။ (၁၀)နာရီ (၄၅)မိနစ်တွင် နေ့ဆွမ်းစားရန် တုံးမောင်းခေါက်ပေးသည်။ နေ့ (၁၂)နာရီနောက်ပိုင်းမှ ည (၉)နာရီအထိ တရားထိုင်ချိန် သတ်မှတ်ထားသည်။ ဓမ္မာရုံအတွင်း စုပေါင်းထိုင်ရသည့်စနစ်မဟုတ်ဘဲ

http://www.dhammadownload.com



ကိုယ့်အဆောင်၊ ကိုယ့်အခန်းထဲတွင် ကိုယ်ကြိုက်နှစ်သက်သလို၊ ထိုင်နိုင်သလိုထိုင်၊ စင်္ကြံလျှောက်လိုလျှင်လျှောက်၊ မိမိနှင့်သင့်လျော်မည့်အနေအထိုင်မျိုးဖြင့် အားထုတ်ရန်ဖြစ်သည်။ ကြာကြာမထိုင်နိုင်ပါက အချိန်တို အကြိမ်များများထိုင်နိုင်ရမည်ဖြစ်သည်။ ဆရာတော်ဘုရားကြီးက ဩဝါဒပေးထားသည် -

"ကိုယ့်လုပ်အားခ ကိုယ်ရတာ၊"

"ကိုယ့်နေ့တွက် ကိုယ်ရတာ၊"

"ကိုယ်လုပ်မှ ကိုယ်ရတာ၊"

"ကိုယ့်ဝေစုကို ရအောင်ယူကြ" ဟူ၍ဖြစ်သည်။

ကိုယ့်အခန်းနဲ့ကိုယ် လွတ်လွတ်လပ်လပ်ထိုင်ရတာပဲဆိုပြီး အိပ်နေ ပျင်းနေ ကြိုးစားအားမထုတ်ရင်တော့ သူများတွေအလင်းနိမိတ်တွေရပြီး ကိုယ်ကဘာမှမရဘဲ၊ သူများက နတ်သမီးဖြစ်ပြီး ကိုယ်က ဗျိုင်းမလေးဖြစ်ရတဲ့ မဗျိုင်းလို ငိုပြီး ရိပ်သာကပြန်ရတဲ့ ယောဂီတွေတောင်ရှိသေးသည်။

သို့သော် ယောဂီအများစုသည် ဝင်ချိန်၊ ထွက်ချိန် အချက်ပေး၍ ထိုင်ချိန်သတ်မှတ်သည်ထက်ပင် အချိန်ပိုမို ကြိုးစားအားထုတ်ကြသည်ကို တွေ့ရပါသည်။ သမထပိုင်းမှာ ထူထောင်လာတဲ့ သမာဓိအားနဲ့ ဝိပဿနာပိုင်းမှာ ဖြစ်ပျက်တွေကို တွေ့မြင်လာတော့ သဒ္ဓါစိတ်တွေတက်လာပြီး ပို၍ပို၍ ထိုင်လာကြသည်။ ကိုယ့်သဒ္ဓါတရားနဲ့ကိုယ်ထိုင်ရတော့ ယောဂီတွေ ပို၍စိတ်ချမ်းသာရသည်။

သမထပိုင်းနှင့် ဝိပဿနာသမ္မသနဉာဏ်ပိုင်းမှာ ဖြစ်ခဲ့ရတဲ့ အတိတ်ဘဝတွေ၊ သံသရာရေယာဉ်ကြောမှာ မြုပ်လိုက် ပေါ်လိုက်

http://www.dhammadownload.com



ဘဝတွေအများကြီးမြင်တော့ ဘဝတွေကို ရွံမုန်းစက်ဆုပ်လာပြီး ဇာတိမဖြစ်အောင် ကြိုးစားချင်လာကြသည်။ လက်ဖျစ်တစ်တွက်မှာ ကုဋေတစ်သိန်းဖြစ်ပျက်နေတဲ့ ခန္ဓာကြီးကို အလင်းနိမိတ်နဲ့ကြည့်ပြီး ခန္ဓာဖြစ်ပျက်ကို ဝိပဿနာတင်ပြီး အထူးကြိုးစား ပွားများကြတော့သည်။

၂၄-၁၁-၂၀၀၃ တွင် ဒုတိယအကြိမ် တရားစခန်းဖွင့်ရန် အတွက် ဆရာတော်ဘုရားကြီးအား ပင့်ဆောင်ရန် မောင်းထောင် မြေဇင်းတောရသို့ အတွင်းရေးမှူး ဦးနေမင်းအောင်နှင့်အတူ သွားရောက်ခဲ့သည်။ မြေဇင်းတောရတွင် ညအိပ်ခဲ့ပြီး နံနက်စောစော ဆရာတော်ဘုရားကြီးအား သွား၍ဝတ်ပြုသည်။

ဆရာတော်ဘုရားကြီးက အခြားဧည့်သည်များအား "ဘုရား ရှိခိုးပြီးအိပ်ရဲ့လား"ဟုမေးနေသည်။ ကျွန်ုပ်တို့အလှည့်ကျတော့ "ဦးသိန်းအောင်တို့ ပင်ပန်းလာတယ်ထင်တယ်။ ညက ဘုရားရှိခိုး မအိပ်ဘူး"တဲ့။

ကျွန်တော် ကြက်သီးမွေးညင်းထအောင် အံ့ဩသွားသည်။ ဆရာတော်သီတင်းသုံးသည့်ကျောင်းနှင့် ကျွန်ုပ်တို့အိပ်ဆောင်မှာ အတော်ဝေးသည်။ "မှန်ပါ၊ ရှိခိုးမအိပ်မိပါဘုရား"ဟု ပြန်လျှောက်ခဲ့ရသည်။ ဆရာတော်ဘုရားကြီးသည် ဆရာဒကာရင်းနှီး အနေကြာသော်လည်း "ဒကာ ဘာအလုပ်လုပ်သလဲ၊ စီးပွားရေးအဆင်ပြေရဲ့လား" တစ်ခါမှမမေး။ "သားသမီးရော ဘယ်နှစ်ယောက်ရှိသလဲ" လို့ တစ်မှုမမေး။ တော်တော်နေနိုင်သည်ဟု အောက်မေ့မိသည်။ ရောက်လာလျှင် ကားနဲ့လာသလား၊ ဘယ်အချိန်ကလာသလဲဆိုသည့်မေးခွန်းမျိုးကလွဲ၍ ကျန်တာ ဘာမှမမေးပါ။ အခြားသူများက

http://www.dhammadownload.com



ဆရာတော်မမေးဘဲ ကိုယ့်စီးပွားရေးအကြောင်း လောကီအကြောင်း လျှောက်ရင်လည်း ပြုံးပြုံးကြီးနားထောင်နေပြီး "အင်း - အင်း တော်တော်သနားဖို့ကောင်းတယ်၊ တစ်သံသရာလုံး လောဘတွေနဲ့ နေလာကြတာ ပြည့်တယ်ပဲမရှိဘူး။ တရားအားထုတ်ဖို့တော့ မေ့နေကြတယ်"ဟု မိန့်သည်ကို ကြားနာရပါသည်။

ကျွန်ုပ်သည် ရဟန္တာဟုသမုတ်ကြသော မြိုင်မြို့နယ်မှ ဆရာတော်ကြီးတစ်ပါးအား ငါးကြိမ်လောက်သွား၍ ဖူးဖူးသည်။ ၎င်း ရဟန္တာပုဂ္ဂိုလ်ကြီးကလည်း ဒကာတို့ ဘယ်မြို့ကလဲ၊ မန္တလေးကပါဘုရားဟုလျှောက်လျှင် ဘုန်းကြီးလည်း ငယ်ငယ်က မန္တလေးမှာ စာတက်ဖူးတယ်ဟုသာပြောပြီး လောကီအကြောင်း ဘာတစ်ခုမျှ မမေးဘဲ တရားကိုသာ ဟောကြားချီးမြှင့်သည်ကို ပြန်လည်၍ ကြည်ညိုမြင်ယောင်မိပါသည်။

မြေဇင်းတောရဆရာတော်ဘုရားကြီးက ယောဂီများ ဝီရိယဖြင့် ကြိုးစားအားထုတ်ရန် သတိပေးတရား အမြဲဟောကြားလေ့ရှိသည်။ ဘုန်းကြီးငယ်ငယ်တုန်းက ကန္နီဆရာတော်ကြီးဆီမှာ အားမထုတ်ခင် ဝေဘူဆရာတော်ကြီးဆီမှာ အားထုတ်ခဲ့ဖူးတယ်။ ဝေဘူဆရာတော်ကြီးက ဒီကနေ့ကနေ နောက်နေ့ ဒီအချိန်ထိ တစ်စပ်ရအောင် အားထုတ်ခိုင်းတယ်။ တစ်စပ်ရဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ ညရောက်တော့ အိပ်ငိုက်ပြီး ပျက်သွားပြန်ရော။ နောက်တစ်ခါ အစက ပြန်စပြန်ရော။ တစ်စပ်ရဖို့ တော်တော်ကြိုးစားရတယ်" ဟု မိန့်ဖူးသည်။

"အခု ယောဂီတို့ သက်သောင့်သက်သာနဲ့ ကြိုးစားရတာ၊ ကြိုးစားအားထုတ်ကြ။ ဒီနည်းကို အရင်ကဆို ရဟန်းတွေပဲအား

http://www.dhammadownload.com



ထုတ်ရတာ၊ လူတွေကိုမပေးဘူး”ဟုလည်း ဘဘဦးဌေးလှိုင်က ရှင်းပြတတ်သည်။

ညှော်သည်များလာရောက်လျှင် မောင်းထောင်ဘုန်းကြီးကို သွားဖူးကြအုံးဟု ဝေဘူဆရာတော်ဘုရားကြီးက မိန့်လေ့ရှိသည်ဟု ဓမ္မာစရိယဦးဌေးလှိုင်၏ ပြောကြားမှုကိုလည်း ကျွန်ုပ် မှတ်သားခဲ့ရဖူးပါသည်။

မောင်းထောင်ကို ပြန်ကြွတော့မည်ဟု လျှောက်ထားသောအခါ မြေဇင်းတောရဆရာတော်ဘုရားကြီးအား အထူးချီးမြှောက်သောအားဖြင့် ဝေဘူဆရာတော်ကြီး အမြဲစီးသောကားဖြင့် လိုက်ပို့စေသည်။ ဝေဘူဆရာတော်၏တပည့်များ အပူဇော်ခံနိုင်ရန် အမိန့်ရှိခြင်းဖြစ်သည်။

ကားပေါ် ရောက်သောအခါ (ဝေဘူဆရာတော်ကြီးထိုင်သောကားထိုင်ခုံပေါ် မှာထိုင်ရမည်ဖြစ်သဖြင့်) နေကထိုင်ကိုဖယ်ပြီး ထိုင်ခုံကို ဦးသုံးကြိမ်ချပြီးမှ သီတင်းသုံးကာ မောင်းထောင်ဆရာတော်ကြီးက လှည့်လည်အပူဇော်ခံခဲ့ကြောင်း၊ အပြန်တွင် ဝေဘူဆရာတော်ကြီးက ပစ္စည်းများ များစွာချီးမြှင့်လိုက်၍ မောင်းထောင်ရောက်သောအခါ တစ်ခုမကျန် ပြန်စွန့်ခဲ့ကြောင်း သိရသည်။ “ငါ ပူဇော်စရာတောင် တစ်ခုမှမကျန်ဘူး၊ တစ်ခုခုကျန်ရင် အခုထိ ပူဇော်နေရပြီး ကုသိုလ်တွေအများကြီးရမှ ဟု အမိန့်ရှိကြောင်း မောင်းထောင်ဆရာတော်ကြီးအား ဝတ်ကြီးဝတ်ငယ်အမြဲပြုရသော မောင်းထောင်ဦးသန်းအောင်က ထပ်ဆင့်ပြောပြသည်ကို ကျွန်ုပ် ကြည်ညိုဖွယ်မှတ်သားခဲ့ရသည်။

ဆရာတော်ဘုရားကြီး၏ ရန်ကင်းအေးငြိမ်းရိပ်သာ၊ မြေဇင်းတောရတိုက်ခွဲသည် ယခုဆိုလျှင် ရက် (၆၀) တရားစခန်းပေါင်း

http://www.dhammadownload.com



(၁၇)ကြိမ်မျှရှိပြီဖြစ်ပြီး ဆရာတော်ဘုရားကြီး၏တရားကို အားထုတ်ပြီးသော ရဟန်းရှင်လူ (၇၀၀)ကျော်ရှိသွားပြီဖြစ်သည်။ ဆရာတော်ဘုရားကြီးအား အင်တာနက်မှတစ်ဆင့် ကမ္ဘာသူကမ္ဘာသားတို့ ဖူးမြင်နိုင်ကြပြီဖြစ်သည်။ နိုင်ငံခြားယောဂီများ စတင်လာရောက်အားထုတ်နေကြပြီဖြစ်၍ အစွမ်းထက်လက်နက်မျိုးစုံတို့ဖြင့် လောဘမီး၊ ဒေါသမီးတွေ တောက်လောင်နေသည့် ကမ္ဘာကြီးတစ်ခုလုံး စကြဝဠာ မဟာလောကဓာတ်ကြီးတစ်ခုလုံး အမှောင်ထုခွင်း ရောင်ခြည်လင်းကာ မေတ္တာခြုံလွှမ်း ဘေးမသန်းဘဲ အေးချမ်းတော့မည်ဟု ယုံကြည်ထားပြီးဖြစ်သည်။

ဆရာတော်ဘုရားကြီးမှာ သက်တော် (၈၆)နှစ်ရှိပြီဖြစ်၍ ဆရာတော်ဘုရားကြီးနှင့် ဓမ္မာစရိယဦးဌေးလှိုင်၏တူတော်သူ ဦးကေလာသ (သာသနဓဇ ဓမ္မာစရိယ)အား တရားပြရန် လွှဲအပ်တာဝန်ပေး၍ တရားစခန်းများဖွင့်လျက်ရှိပါသည်။ ရက် (၆၀) နှစ်လတရားစခန်းများ၊ နှစ်လပြီးနှစ်လ၊ တစ်နှစ်ပတ်လုံး ဖွင့်လှစ်လျက်ရှိသည်။ မြန်မာပြည်အထက်ပိုင်း၊ အောက်ပိုင်း၊ အလယ်ပိုင်း စသော မြန်မာနိုင်ငံတစ်ဝန်းတလျားမှ ယောဂီများ တဖွဲဖွဲလာရောက်တရားအားထုတ်ကြပြီးဖြစ်၍ အကျိုးကျေးဇူးများခဲ့သည်မှာ ကျေးဇူးရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မောင်းထောင်မြေဇင်း တောရဆရာတော်ဘုရားကြီး၏ ဧမေတ္တာစေတနာတော်ကြောင့်ပင်ဖြစ်သည်။

တစ်ခေတ်တစ်ခါ တစ်သာသနာတွင် ပျောက်ကွယ်လုလု ကန္တီနည်းဥပနိဿယ၊ နိဗ္ဗာနမဂ္ဂ သမထ ဝိပဿနာတရားတော်များ မပျောက်ကွယ်ရလေအောင် ယောဂီများအား သနားငဲ့ညှာပြီး ပြသပေးသနားတော်မူသည့် ဂုဏ်ကျေးဇူးအထူးကြီးမားလှသဖြင့် နိုင်ငံ

http://www.dhammadownload.com



တော်မှကပ်လှူသည့် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မောင်းထောင် မြေဇင်းတောရဆရာတော်ဘုရားကြီး၏ ဘွဲ့တော်ရှေ့တွင် "ကျေးဇူးရှင်"ဟူသော ဂုဏ်ပုဒ်ကို ဖြည့်စွက်၍ "ကျေးဇူးရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး"ဟု ကြည်ညိုအောက်မေ့ကာ အကြိမ်ကြိမ်ဦးနှိမ်ချ၍ ရှိခိုးပူဇော်အပ်ပါသည် ကျေးဇူးရှင် ဆရာတော်ကြီးဘုရား။

ဦးသိန်းအောင် (မန်းဩဘာ)
ဥက္ကဋ္ဌ
ရန်ကင်းအေးငြိမ်းရိပ်သာ
သဒ္ဓမ္မဇောတိကဖောင်ဒေးရှင်း (အထက်မြန်မာပြည်)
ရန်ကင်းတောင်တော်
ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း။
ဖုန်း -

http://www.dhammadownload.com



# ကျေးဇူးအနန္တ ဆပ်၍မဝ

ဦးဥတ္တမ (မြေဖင်း)

စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ မောင်းထောင်မြေဇင်း တောရဆရာတော်ကြီးအား မြန်မာနိုင်ငံတော်အစိုးရမှ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ် ဆက်ကပ်ပူဇော်ပြီး ရန်ကုန်မြို့ရှိ တပည့် ဒါယကာ ဒါယိကာမများမှ ဆရာတော်ကြီး၏ ဩဝါဒခံပူဇော်ပွဲ ကျင်းပပြုလုပ် ကျေးဇူးဆပ်ဂုဏ်ပြုစာတမ်း ရေးသားပူဇော်ကြမည် ဖြစ်ကြောင်း တူဖြစ်သူ (ဦးသောပါက)မှ လျှောက်ထားပါသည်။

ထို့ကြောင့် ဆရာတော်ကြီးအား ကျေးဇူးဆပ်သောအားဖြင့် ဆရာတော်ကြီး၏ ထူးခြားဖွယ်ရာအချို့ကို ရေးသားပူဇော်လိုပါ သည်။

မောင်းထောင်မြေဇင်း တောရဆရာတော်ဘုရားကြီးသည် ငယ်ရွယ်စဉ်အခါက မန္တလေး၊ တောင်မြို့၊ ပခုက္ကူမြို့များရှိ စာသင် တိုက်ကြီးများကိုကြွလျက် ပရိယတ္တိစာပေကျမ်းဂန် သင်အံပို့ချလျက် တစ်ဖက်မှ မိုးကုတ်၊ မဟာစည်၊ ဝေဘူ၊ အင်ချောင်၊ ကန္နီ စသည့်

http://www.dhammadownload.com



ဆရာတော်ကြီးများထံ ပဋိပတ္တိဘာဝနာတရားများ နည်းခံကျင့်ကြံ ပွားများအားထုတ်ခဲ့ပါသည်။

၁၃၂၇-ခုနှစ်၊ မြေဖင်းတောရဆရာတော်ကြီး၏ဆရာ ပျံလွန်တော်မူသဖြင့် ၁၃၂၈-၂၉ ခုနှစ်၊ မောင်းထောင်ယွန်းဆက်ကျောင်း စာသင်တိုက်ကြီး၌ တွဲဖက်လက်ထောက်ဆရာတော် (ဦးဣန္ဒာစရိယ)နှင့်အတူ ကျောင်းထိုင်ဘုန်းကြီးအဖြစ် ခံယူတော်မူပြီး စာသင်သားသံဃာများအား ပရိယတ္တိစာပေပို့ချ၊ ဒကာ ဒကာမများအား ဩဝါဒပေး သွန်သင်ဆုံးမတော်မူပါသည်။

ထိုကဲ့သို့နေစဉ် တစ်ချိန်မှာ ဆရာတော်ဘုရားကြီးသည် "ငါ ယခုလို စာသင်သားသံဃာများကို စာပေပို့ချရင်း ဒကာ ဒကာမများကို ဩဝါဒပေး သွန်သင်ဆုံးမရင်း တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်တရားအလုပ်ကို အေးအေးဆေးဆေးအားထုတ်လို့တော့ မဖြစ်ဘူး။ အေးဆေးငြိမ်သက်တဲ့နေရာတစ်နေရာရှာပြီး တောထွက်အားထုတ်မှ ဖြစ်တော့မည်"လို့ စဉ်းစားဆင်ခြင်တော်မူမိပါသည်။

ဆရာတော်ဘုရားကြီးသည် စဉ်းစားဆင်ခြင်တော်မူသည့်အတိုင်း လက်ထောက်ဆရာတော်အား "မောင်ဣန္ဒာ၊ ငါတော့ သံဃာများကို စာပေပို့ချ၊ ဒကာ ဒကာမများကို သွန်သင်ဆုံးမ ဩဝါဒပေးနေရင်း အေးအေးဆေးဆေး တရားအားထုတ်လို့တော့ မဖြစ်ဘူး။ ငါ တောထွက်ပြီး အေးဆေးငြိမ်သက်တဲ့တစ်နေရာသွားပြီး တရားအားထုတ်ဦးမည်။ ဟောဒီတိုက်တာကြီးကို မင်းပဲ ဆိုးမွေကောင်းမွေ စောင့်ရှောက်ပေတော့"လို့ လွှဲအပ်တော်မူပါသည်။

လက်ထောက်ဆရာတော်ကလည်း တားပါသည်။ "တပည့်တော် အသက်ငယ်ရွယ်ပါသေးသည်ဘုရား၊ ဒီတိုက်တာ သံဃာ

http://www.dhammadownload.com



ပရိသတ်နှင့် ဒကာ ဒကာမပရိသတ်များကို တပည့်တော်တစ်ပါး တည်း မထိန်းသိမ်းနိုင်သေးပါဘူးဘုရား။ တောထွက်တော်မမူပါနဲ့ ဦးဘုရား”လို့ အကြိမ်ကြိမ်လျှောက်ထား တားပါသော်လည်း ဆရာ တော်ဘုရားကြီးက “ငါတော့ တောထွက်တော့မယ်၊ မင်းလည်း ဟောနိုင်ပြောနိုင်၊ စာပေပို့ချနိုင်သားပဲ။ ရပါတယ်၊ ဖြစ်ပါတယ်ကွာ” လို့ အမိန့်ရှိတော်မူပါသည်။

“ကိုင်း ဒီလိုဆိုလည်း အဝေးကိုတော့မကြွပါနှင့်၊ အရှင်ဘုရား က တပည့်တော်ကိုလည်းစောင့်ရှောက်နိုင်၊ တပည့်တော်ကလည်း အရှင်ဘုရားကိုစောင့်ရှောက်နိုင်တဲ့ မနီးမဝေး တပည့်တော်၏ ဦးလေးရဲ့မြေယာကို အလှူခံပေးပါမည်ဘုရား”ဆိုပြီး ကျောင်းဝိုင်း မြေနေရာကို အလှူခံပေးပါသည်။

ယခု သီတင်းသုံးသော ကျောင်းဝိုင်းမြေနေရာသည် စစ်ကိုင်း တိုင်း၊ ဘုတလင်မြို့နယ်၊ မယ်ဂျန်စုရွာ၊ ဦးဘိုးကြွယ်၊ ဒေါ်မယ်မတို့ မိသားစုမှ လှူဒါန်းပါသည်။ ဆရာတော်ဘုရားကြီးသည် ၁၃၃၁-ခု နှစ်၊ ဝါဆိုလဆန်း (၁၀)ရက်နေ့မှာ ရဟန်းတစ်ပါးနှင့် သာမဏေ တစ်ပါး ဝေယျာဝစ္စနှင့် အစောင့်အရှောက်အဖြစ် ခေါ်တော်မူ၍ တန်းလျားခုံတစ်လုံး၊ သောက်ရေအိုးတစ်လုံး၊ သပိတ်တစ်လုံး၊ သက်န်းသုံးထည်နှင့် အနီးအနားရှိ ရွာစဉ်လျှောက်ဆွမ်းခံ၊ ထန်းရွက် မိုး နှစ်ခန်းပတ်လည်ကျောင်းဆောင်လေးနှင့် ဖြစ်သလိုသီတင်းသုံး ကာ အေးဆေးစွာ တရားဘာဝနာများကို အားထုတ်တော်မူခဲ့ပါ သည်။

ထိုစဉ်အခါက ဆရာတော်ကြီးသီတင်းသုံးသောနေရာသည် ကြီးကြီးမားမားသစ်ပင်ရယ်လို့ မန်ကျည်းပင်နှင့် ဟင်းခွတ်ပင် တွဲ

http://www.dhammadownload.com



လျက်ပေါက်နေသော အပင်နှစ်ပင်သာရှိပါသည်။ ထိုအပင်များသည် အရိပ်ခိုနားရုံသာသာရှိပါသည်။ သိပ်ပြီးမကြီးမားပါ။ သောက်ရေချိုးရေအဖြစ် လယ်ထဲမှာရှိသောရေကိုသာ သောက်ရေချိုးရေအဖြစ် သုံးခဲ့ရပါသည်။ နွေရာသီ ရွာထဲမှ ရေများလာရောက်လှူဒါန်းကြပါသည်။

ဆရာတော်ကြီးသည် မောင်းထောင်ယွန်းဆက်ကျောင်း၌ လက်ထောက်ဆရာတော်နှင့် သီတင်းသုံးစဉ်အခါက စာရေးသူသည် ၁၁-နှစ်၊ ၁၂-နှစ်၊ ၁၃-နှစ်သား ကျောင်းသားအရွယ်ရှိပါသေးသည်။ ၁၄-နှစ်အရွယ် သင်္ကန်းဝတ်ခဲ့ပါသည်။ ငယ်ရွယ်စဉ် ကလေးဘဝကစ နေမှု၊ ထိုင်မှု၊ စားမှု၊ သောက်မှု စသည့် သွန်သင်ဆုံးမ ဩဝါဒပေးမှုကို နာခံ ဝေယျာဝစ္စပြုလုပ်လျက် ဆရာတော်နှစ်ပါးတို့ ပို့ချပေးသော က, ခ ကအစ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ စာပေကျမ်းစာများကို သင်ယူလေ့ကျက်ခဲ့ရပါသည်။

ကျေးဇူးရှင်ဆရာတော်ကြီးနှစ်ပါးတို့သည် တပည့်ရဟန်းနှင့် ဒကာ ဒကာမယောဂီအပေါင်းအား ပစ္စုပ္ပန်လောက ချမ်းသာရေးအတွက် သွန်သင်ဆုံးမ ဩဝါဒပေးရုံသာမက၊ သံသရာလောက ကောင်းစားချမ်းသာရေးအတွက်ပါ တရားဘာဝနာများ ဟောပြောပြသတော်မူပါသည်။

စာရေးသူသည် ငယ်ရွယ်စဉ်ကလေးဘဝကအစ ယခုအချိန်အထိ ခြေတော်ရင်း၌ ဆရာတော်ကြီး၏ အဆုံးအမများနာယူလျက် တရားဘာဝနာအားထုတ်ရင်း ဝေယျာဝစ္စများ ဆောင်ရွက်လျက်ရှိပါသည်။ ဝေယျာဝစ္စဆောင်ရွက်ရတယ်ဆိုတာ သာမညလောက်ထင်ကြမှာပါ။ ဦးပဥ္စင်း ဂုဏ်ယူကြွားဝါခြင်းမဟုတ်ပါ။ ဆရာတော်

http://www.dhammadownload.com



ကြီး ဆွမ်းဘုဉ်းပေးနိုင်မှု၊ ကျန်းမာရေး၊ ကျောင်းအဆောက်အဦ ဆောက်ရာ၊ ယောဂီညှော်သည် စသည့် ညှော်ခံကျွေးမွေးစောင့်ရှောက်မှုအားလုံး ဆောင်ရွက်ရတဲ့တာဝန်ဟာ မသေးလှပါ။ အညာဒေသဟာ မိုးခေါင်ရေရှား အလွန်ရှားပါတယ်ဆိုတာ စာဖတ်ပရိသတ်အားလုံး သိရှိပြီးဖြစ်ကြပါသည်။

တစ်ခါတစ်ရံ ပုထုဇဉ်တို့သဘာဝအတိုင်း ပူပန်သောစိတ်ဖြင့် ဆရာတော်ကြီးအား လျှောက်ထားမိပါသည်။

"ဘုန်းကြီးဘုရား၊ ယောဂီက (၂၀)လောက်ရှိနေပြီ၊ ယောဂီအသစ် လက်မခံပါနဲ့တော့ဘုရား၊ တွင်းရေတင်ရတာ မနိုင်တော့ဘူးဘုရား၊ ရေတွင်းကလည်း ရေသိပ်မလိုက်၊ ရေတင်စရာ စက်သုံးဆီကမရှိတော့ဘူးဘုရား"လို့ လျှောက်တဲ့အခါ "အောင်မာ သူ့ဟာသူဖြစ်လာမှာပါကွာ"လို့ အမိန့်ရှိပါသည်။

သူ့ဟာသူဖြစ်လာမှာပါဆိုပေမယ့် လက်တွေ့ဆောင်ရွက်ရသူက စိတ်မချင့်မရဲဖြစ်မိတာတော့ အမှန်ပါ။ ဆရာတော်ကြီးအမိန့်ရှိပြီးနောက် ရက်ပိုင်းမကြာမီ စက်သုံးဆီအလှူ ပေါ်ပေါက်လာပါသည်။

စက်သုံးဆီအလှူ ပေါ်ပေါက်လာပါသော်လည်း ဦးပဉ္ဇင်းဟာ လူငယ်ပီပီ ထူးခြားတယ်လို့မထင်မိသေးပါ။ ဆရာတော်ကြီးရဲ့ရိပ်သာမှာ ဆွမ်းပဒေသာပင်၊ ရေ မီးအတွက် ပဒေသာပင်စိုက်ထူထားတာ ယခုအချိန်အထိ မရှိသေးပါ။ ယောဂီများကို ရေ မီး၊ ဆွမ်းအတွက် ကောက်ခံမှုလည်း မပြုပါ။ ဟိုက၊ ဒီက ဆန်တစ်ခွဲ၊ တစ်တင်း၊ ဆီတစ်ပိဿာ၊ နှစ်ပိဿာ စသည်လှူတဲ့ အလှူမျိုးနဲ့ ဆရာတော်ကြီးရဲ့ ရတဲ့လာဘ်လာဘများနှင့် ယောဂီများကို အရုဏ်၊ နေ့ဆွမ်း ကျွေးမွေးပြီး တရားပြသတော်မူခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



တစ်ခါက ဦးပဥ္စင်း အလွန်စိတ်ပူပန်သောကဖြစ်မိတာလေး တင်ပြလိုပါသည်။ ကျောင်းမှာ ယောဂီများက ၃၀-ကျော်၊ မိုးက ခေါင်လို့ တောင်သူလယ်လုပ်သူတွေ စပါးကမရ။ အတော့်ကို ကျပ် တည်းနေတဲ့အချိန် ဆွမ်းတော်မဆိုထားနဲ့၊ ဝမ်းတောင်မှအနိုင်နိုင် ဖြစ်နေကြရပါသည်။ ကျောင်းမှာရှိတဲ့ဆန်ကလည်း ကုန်လုကုန်ဆဲ၊ စားဆီ၊ စက်ဆီကလည်း ပြတ်လုပြတ်ဆဲ၊ လက်ရှိယောဂီတွေကို ပြန်လွှတ်ရတော့မလို၊ အလှူခံထွက်ရတော့မလို ဖြစ်နေပါသည်။

ထို့ကြောင့် ဦးပဥ္စင်းက ဆရာတော်ကြီးကို အကျိုးအကြောင်း တက်လျှောက်ပါသည်။ ဆရာတော်ကြီးက ဘယ်လိုအမိန့်ရှိသလဲ ဆိုတော့ "မင်းနှယ်ကွာ၊ မပူပါနဲ့၊ ကိုယ့်အလုပ်ကို ကိုယ်လုပ်ပါ။ ကိုယ့်တရားကိုသာ ကြိုးစားပြီး မှန်မှန်လုပ်ပါ။ ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရိ - တဲ့။ တရားကိုစောင့်တဲ့သူ၊ တရားကိုအားထုတ်တဲ့သူကို တရားက ပြန်ပြီး စောင့်ရှောက်သွားမှာကွ။ မင်း ကိုယ့်အလုပ် ကိုယ်သာလုပ်။ ဘာမှစိတ်ပူမနေနဲ့။ သူ့ဟာသူ ဖြစ်လာမှာပါ"လို့ ဆရာတော်ကြီးက အမိန့်ရှိတော်မူပါသည်။ အမှတ်တမဲ့ သဘော မထားမိသေးတဲ့ဦးပဥ္စင်းကတော့ စိတ်ပူမြဲအတိုင်း ပူနေရပါသည်။

ဆရာတော်ကြီးအမိန့်ရှိပြီး နှစ်ရက်လောက်ကြာတော့ ဒီပဲရင်းမြို့နယ်၊ ကိုင်းကန်ရွာမှ ဆရာတော်ကြီး၏ တပည့်ဒကာ ဒကာမများက ဆန်ဆယ်တင်း လာရောက်လှူဒါန်းသွားကြပါသည်။ ထိုအချိန်ကျမှ ဦးပဥ္စင်းလည်း ဟင်-ဆိုတဲ့အလုံးကြီး ကျသွားရပါ တော့သည်။ ဆန်လာလှူသည့် ကိုင်းကန်ရွာမှ ဒကာ ဒကာမတွေကို ဆရာတော်ကြီးက တရားဟောပြော အမိန့်ရှိလိုက်သည့်အတွက် ကိုင်းကန်ရွာမှ ဒကာ ဒကာမများက နှစ်စဉ်နှစ်တိုင်း ဆန်အတင်း

http://www.dhammadownload.com



တစ်ရာနီးပါး လှူဒါန်းကြပါသည်။ ဆရာတော်ဘုရားကြီး၏ကျောင်းမှာ တစ်နေ့တစ်နေ့ လူပေါင်း (၅၀)လောက် ကျွေးမွေးရတဲ့ စားစရိတ်ဟာ တွက်ကြည့်မည်ဆို မနည်းလှပါ။ ၁၃၃၅-ခုနှစ်လောက်မှစပြီး ဆန်၊ ဆီ စသည် ပြတ်သွားလို့ ယောဂီများကို ပြန်လွှတ်လိုက်ရတယ်လို့ ယခုအချိန်အထိ မရှိသေးပါ။ ယခုဆိုလျှင် နေ့စဉ် ယောဂီရော၊ ဧည့်သည်ပါ လူပေါင်းတစ်ရာလောက် ကျွေးမွေးဧည့်ခံရပါသည်။ ဆွမ်းပဒေသာပင်၊ ရေ၊ မီးအတွက် စသည် ကောက်ခံမှုမရှိပါဘဲ ဆရာတော်ကြီးမှ တာဝန်ယူကျွေးမွေးပြီး တရားပြနိုင်သည်မှာ အံ့သြစရာမည်မျှကောင်းကြောင်း အကျယ်ချဲ့ မတင်ပြလိုတော့ပါ။

ဆရာတော်ဘုရားကြီးအမိန့်ရှိသလို "ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ" ဆိုသလို တရားကိုစောင့်တဲ့သူ၊ တရားကိုပွားများအားထုတ်တဲ့သူအား ပစ္စုပ္ပန်ကောင်းစားချမ်းသာရေးတွင်သာမက သံသရာချမ်းသာရေးပါ အကျိုးပေးနိုင်ကြောင်း အားလုံးသော ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ အတုယူအားထုတ်နိုင်ကြပါစေရန် တင်ပြရင်း ကျေးဇူးရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော်ဘုရားကြီးအား ရှိခိုးဦးချ ကျေးဇူးဆပ် ပူဇော်ကန်တော့အပ်ပါသည်။

ဦးဥတ္တမ (မြေဇင်း)
လက်ထောက်ကမ္မဋ္ဌာနာစရိယ
မောင်းထောင်မြေဇင်းတောရကျောင်း
၂၅-၂-၀၆

http://www.dhammadownload.com



# သူတော်ကောင်းဟူသည်

**တပည့်-သောပါက**

အသိအလိမ္မာ ဉာဏ်ပညာ အဆင်အခြင်ရှိသူတို့သည် သူတော်ကောင်းများကိုသာ ပေါင်းဖော်မှီဝဲ ဆည်းကပ်လေ့ရှိကြသည်။

မြတ်ဗုဒ္ဓ မိန့်မြွက်စကားတော်ကလည်း -

"သူတော်ကောင်းများနှင့် ပေါင်းသင်းဆက်ဆံရသောသူတို့သည် ပစ္စုပ္ပန်သံသရာ နှစ်ဖြာကောင်းကျိုး တိုးပွားရကြောင်း" မိန့်တော်မူခဲ့လေသည်။

သူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံရသူတို့မှာ မည်သည့်အခါမှ အကျိုးစီးပွားမဆုတ်ယုတ်ပေ။

အသိအလိမ္မာ ဉာဏ်ပညာ ကင်းမဲ့သူတို့သည် သူတော်ကောင်းနှင့် သူယုတ်မာတို့ကို မခွဲခြားတတ်ဘဲ တွေ့ရာလူနှင့် ပေါင်းသင်းတတ်လေသည်။ သူယုတ်မာများနှင့် ပေါင်းသင်းလျှင် သူယုတ်မာကဲ့သို့ အကျင့်ဆိုးများ မကျင့်သော်လည်း သူယုတ်မာ၏ အငွေ့အသက်ကိုတော့ ရှူရှိုက်ရပေသည်။ ဒီနေရာ စာရေးသူသည် ဆရာတော်ကြီး အမြဲဩဝါဒပေးနေကျ စကားတစ်ခုကို သွားသတိရမိသည်။

http://www.dhammadownload.com



"အမွှေးနံ့သာထည့်ပြီးသားပုလင်းဟာ အမွှေးနံ့သာရည်မရှိတော့ပေမယ့် အမွှေးအနံ့အသက်ကျန်ပြီး မွှေးနေသလိုပဲ။ မကောင်းတဲ့ သေရည်အရက်ထည့်ပြီးသားပုလင်းဟာလည်း မကောင်းတဲ့ သေရည်အရက် မရှိတော့ပေမယ့် သေရည်အရက်အနံ့အသက် ကျန်မနေဘူးလား။ ဒီလိုပဲ မိမိတို့လည်း သူတော်ကောင်းများနှင့် တွေ့ပြီး သူတော်ကောင်းတရားတွေ လိုက်နာကျင့်သုံးနေထိုင်သွားရင် ဒီသူတော်ကောင်းတရားတွေရဲ့အငွေ့အသက်တွေက နိဗ္ဗာန်မရမချင်း သံသရာအဆက်ဆက် ပါသွားမှာဗျ။ မကောင်းတဲ့လူတွေနဲ့ ပေါင်းသင်းဆက်ဆံနေရင်လည်း အဲဒီမကောင်းတဲ့အငွေ့အသက်တွေက တစ်သံသရာလုံးပါသွားမှာပဲ။"

စာရေးသူနားထဲ အမြဲကြားယောင်နေသော ဩဝါဒစကားဖြစ်သလို စာဖတ်ပရိသတ်တွေလည်း မြေဇင်းတောရဆရာတော်ကြီးထံ ဆည်းကပ်ပူဇော်ဖူးပါက ကြားဖူးပြီးသောဩဝါဒစကား ဖြစ်မည်ထင်ပါသည်။

မြတ်ဗုဒ္ဓတိုက်တွန်းထားသည်ကလည်း -

"သဗ္ဘိရေဝ သမာသေထ" စသည်ဖြင့် သူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံပါလို့ (ဓမ္မပဒအဋ္ဌကထာ)မှာ တိုက်တွန်းထားသည်။

"သူတော်ကောင်းတို့နှင့် တစ်ကြိမ်တစ်ခါမျှ ပေါင်းဖော်ဖူးလျှင် ထိုပေါင်းဖော်ရခြင်းသည် ထိုသူ့ကို ပြန်လည်စောင့်ရှောက်နိုင်၏။ သူယုတ်မာတို့နှင့် အကြိမ်များစွာပေါင်းဖော်ရသော်လည်း ထိုပေါင်းဖော်ရခြင်းသည် ထိုသူ့ကို ပြန်မစောင့်ရှောက်နိုင်"ဟု (မဟာသုတသောမဇာတ်တော်တွင်လည်း) ဖော်ပြထားပြန်ပါသေးသည်။

http://www.dhammadownload.com



သူတော်ကောင်းတို့နှင့် ပေါင်းသင်းရမည်ဆိုလျှင် သူတော်ကောင်းတို့၏လက္ခဏာရပ်များ သိထားဖို့လိုအပ်လိမ့်မည်။ သူတော်ကောင်းတို့သည် တစ်ဖက်သားစိတ်ချမ်းသာအောင်၊ တစ်ဖက်သားပစ္စုပ္ပန်သံသရာကောင်းကျိုးရအောင် ပြုလုပ်ဆောင်ရွက်တတ်သည်။ မိမိ၊ သူတစ်ပါးတို့၏ အကျိုးစီးပွားဖြစ်မည့် အပြော၊ အဆို၊ အလုပ်အကိုင်၊ အကြံအစည်များကိုသာ ပြောဆိုပြုလုပ် ကြံစည်တတ်သည်။ မကောင်းမှုပြုလုပ်ခြင်းကို အရှက်အကြောက်ထား၍ ရှောင်ကြဉ်တတ်သည်။ သူတစ်ပါးဂုဏ်ကျေးဇူးကို အထူးသိမြင်တတ်သည်။ ကျေးဇူးရှိသူတို့အပေါ် အခွင့်သာခိုက် တတ်စွမ်းသရွေ့ ကျေးဇူးပြန်ဆပ်လေ့ရှိသည်။ မိမိအပေါ် တစ်ခါကောင်းဖူးလျှင် သူများအပေါ် ဆယ်ခါကောင်းတတ်သည်။ မိတ်ဆွေအပေါင်းအသင်းတို့အပေါ် မပြစ်မှားတတ်၊ ကျေးဇူးမကန်းတတ်ခြင်းတို့ဖြစ်သည်။

ထိုကဲ့သို့ အင်္ဂါရပ်များနှင့်ပြည့်စုံသော သူတော်ကောင်းတို့သည် နေထိုင်ရာအရပ်တိုင်းတွင် မရှိနိုင်ပါပေ။

အကယ်၍ ထိုသို့သော သူတော်ကောင်းများ ဖြစ်ပေါ်လာပြီဆိုလျှင် ထိုသူတော်ကောင်းတို့နှင့်ဆက်စပ်သော တပည့်၊ ဒကာ၊ ဒကာမ၊ တစ်ဆွေလုံး တစ်မျိုးလုံး၊ တစ်ရပ်လုံး တစ်ရွာလုံး၊ တစ်နယ်လုံး၊ တစ်တိုင်းလုံး၊ တစ်ပြည်ထောင်စုလုံး ကောင်းကျိုးဖြစ်ထွန်းခဲ့ကြခြင်းဖြစ်ပါသည်။

(အင်္ဂုတ္တိုရ်-သပ္ပုရိသသုတ်)တော်မှာလည်း မြတ်ဗုဒ္ဓက -

"ရဟန်းတို့၊ အကြင်အမျိုး၌ သူတော်ကောင်းတစ်ယောက်ဖြစ်ထွန်းသည်ရှိသော် များစွာသောလူအပေါင်းတို့သည် အကျိုးရှိရန်၊ အစီးအပွားဖြစ်ရန်၊ ချမ်းသာရန်ဖြစ်၏။ ပုံပမာဆိုရသော် -

http://www.dhammadownload.com



ကြီးစွာသောမိုးသည် ကောက်စပါးအားလုံးကို ကောင်းစွာပြည့်စုံစေသည်ဖြစ်၍ လူများစွာတို့၏ အကျိုးရှိရန်၊ အစီးအပွားဖြစ်ရန်၊ ချမ်းသာရန်ဖြစ်သကဲ့သို့ပေတည်း" ဟူ၍ မိန့်ဆိုထားသည်။

ထိုစကားတော်များကို ရှုဆင်ခြင်ခြင်းဖြင့် သူတော်ကောင်းကြီးများ ဖြစ်ပေါ်လာလျှင် မည်မျှ အကျိုးစီးပွားဖြစ်ရကြောင်းကို သူတော်ကောင်းများနှင့် ပေါင်းသင်းရသူတိုင်း မလွဲကေန်မုချ သိကြရပေလိမ့်မည်။

အခါအခွင့်သင့်ခိုက် ဝေဘူဆရာတော်ဘုရားကြီး မြေဇင်းတောရဆရာတော်အပေါ် ထားရှိသော မှတ်ချက်ပေး မိန့်မြွက်စကားကို စာဖတ်သူတို့အား မျှဝေချင်ပါသေးသည်။

မောင်းထောင်မြေဇင်းတောရဆရာတော်ကြီးသည် ကျောက်ဆည်ဝေဘူဆရာတော့်ဘုရားကြီးထံတွင် ဝါတွင်းသုံးလပတ်လုံး တရားဘာဝနာများ နည်းခံအားထုတ်ပြီး၍ မောင်းထောင်ပြန်ကြွခါနီးအချိန်တွင် ကျောက်ဆည်ဝေဘူချောင်မှာရှိကြသော ရဟန်း၊ ရှင်၊ လူ၊ ယောဂီ ဝေယျာဝစ္စများအားလုံးကို ဝေဘူဆရာတော်ဘုရားကြီးက "ဒို့များ ဝေဘူချောင်မှာရှိကြတဲ့ ရဟန်း၊ ရှင်၊ လူ ယောဂီ ဝေယျာဝစ္စတွေအားလုံး ဓမ္မာရုံပေါ်မှာစုဝေးကြ။ မနက်ဖြန် မောင်းထောင်ဆရာတော် ပြန်ကြွမှာဖြစ်တယ်။ အားလုံးကန်တော့ကြပါ။ မောင်းထောင်ဆရာတော်ဟာ သူတော်ကောင်းကြီး၊ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး"

ဝေဘူဆရာတော်ကိုယ်တိုင် ပစ္စည်း၊ ပရိက္ခရာစုံလင်စွာစွန့်လှူပြီး မိန့်တော်မူသော မှတ်ချက်ပေးစကားဖြစ်သည်။ ယခုကဲ့သို့ စာဖတ်သူတို့ ဆည်းကပ်ကိုးကွယ်နေကြသော မောင်းထောင်မြေ

http://www.dhammadownload.com



ဇင်း တောရဆရာတော်ကြီးသည် သာမန်ပုဂ္ဂိုလ်မြတ်ကြီးမဟုတ်နိုင် ခြင်းကို မောင်းထောင်မြေဇင်းတောရဆရာတော်ကြီးထံ ကန္တီနည်း ဥပနိဿယအတိုင်း သမထ ဝိပဿနာတရားများ အားထုတ်ဖူးကြ သော ယောဂီများနှင့် ဆရာတော်ကြီးအပါး ဆည်းကပ်ကိုးကွယ် လေ့လာဖူးသောပုဂ္ဂိုလ်တိုင်း သိရှိကြပေလိမ့်မည်။

မိမိတို့၏ လောကီ လောကုတ္တရာ ကောင်းကျိုးသုခအဝဝကို သွန်သင်ဆုံးမ ပေးသနားတော်မူသော ကျေးဇူးတော်ရှင် သက်တော် ရှည် မြေဇင်းတောရဆရာတော်ကြီး၏ ပင်မမောင်းထောင်မြေဇင်း တောရကျောင်း တရားစခန်း၊ မော်ဘီလှပဒါးကျေးရွာ ရက် (၆၀) တရားစခန်း၊ မန္တလေးမြို့၊ ရန်ကင်းတောင်ခြေ၊ မောင်းထောင်မြေ ဇင်းတောရတိုက်ခွဲ ရန်ကင်းအေးငြိမ်းရိပ်သာတရားစခန်းအသီးသီး တို့တွင် ကန္တီနည်းဥပနိဿယအတိုင်း သမထအခြေခံပြီး သမာဓိ စွမ်းအားဖြင့် နိမိတ်အလင်းရောင်နှင့်အတူ ယောဂီတို့ တရားရှုမှတ် ပွားများနေသော မိမိနေရာဌာနမှ မြန်မာပြည်ရှိ ဘုရားအဆူဆူ၊ အိန္ဒိယဒေသ ဗုဒ္ဓဂယာ၊ သီရိလင်္ကာနိုင်ငံ စွယ်တော်မြတ်နှင့် နတ် ပြည်၊ ဗြဟ္မာပြည်ရှိ စေတီအဆူဆူ ဖူးနိုင်ပြီး ဝိပဿနာပိုင်းမှာလည်း လိုးစား၊ ဖြတ်စားအပိုင်းကစပြီး နာမရူပပရိစ္ဆေဒ၊ ပစ္စယပရိဂ္ဂဟ စသော ဉာဏ်စဉ်များကို ကွက်ကွက်ကွင်းကွင်း ရှုမြင်နိုင်အောင် ဆရာတော်ကြီးကိုယ်တိုင်ကိုယ်ကျ ပြသတော်မူလျက်ရှိသည်။

၁၃၆၇-ခုနှစ်၊ ဇန်နဝါရီ (၄)ရက်၊ လွတ်လပ်ရေးနေ့တွင် နိုင်ငံ တော်မှ ဆက်ကပ်သော "အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ် တော် ရရှိခဲ့၍ မြေဇင်းတောရကျောင်း၏ ဂုဏ်ထူးရှင် မထေရ်မြတ် ကြီး ပေါ်ပေါက်လာခြင်းဖြင့် ဆရာတော်ကြီး၏ ပဋိပတ္တိသာသနာပြု သမိုင်းကြောင်းများက သက်သေထူလျက်ရှိနေပါသည်။

http://www.dhammadownload.com



မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး ပဋိပတ္တိ သာသနာ့တာဝန်များ ထမ်းဆောင်တော်မူရင်း နိုင်ငံတော်မှ ဆက်ကပ်သော "အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ်တော်မြတ်ကို အကြောင်းပြုပြီး တပည့်ယောဂီ ဒကာ ဒကာမအပေါင်းတို့ကလည်း မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တွေကို အာရုံပြုပြီး တပည့် ဒကာ၊ ဒကာမများအားသွန်ကြီးပမ်း ဂုဏ်ပြုပူဇော်ပွဲ ကျင်းပကြသည်မှာ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်၊ ဓမ္မဿဝနကုသိုလ်၊ သမဏာနုဿဒဿနကုသိုလ်၊ ဝေယျာဝစ္စကုသိုလ် စသည်တို့ သူတော်ကောင်းများထုံး နှလုံးမူအတိုင်း ထပ်ဆင့်ဂုဏ်ပြုပူဇော်ခွင့်၊ ကျေးဇူးဆပ်ခွင့် ရရှိကြသော ကုသိုလ်ထူးကြီးဖြစ်ပေသည်။

"ကုသလောဓမ္မော ကုသလဿဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော"ဟူသော ပဋ္ဌာန်းတရားဒေသနာတော်အရ ကုသိုလ်တစ်ခုက ကုသိုလ်တစ်ခုကို ကျေးဇူးပြုကြသဖြင့် ကုသိုလ်ပေါ် ကုသိုလ်ဆင့်၍ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောဘဝတို့တွင် မြင့်သည်ထက်မြင့်ကြရပေဦးတော့မည်။

ထိုသို့ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောဘဝ မြင့်ကြရခြင်းသည် ကျေးဇူးရှင် သက်တော်ရှည် "အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ်တော်ရ မောင်းထောင်မြေဇင်းတောရဆရာတော်တည်းဟူသော သူတော်ကောင်းအာဇာနည်ပုဂ္ဂိုလ်မြတ်ကြီး ပေါ်ပေါက်ခဲ့သောကြောင့် မဟုတ်ပါလော။

"ဒုလ္လဘော ပုရိသာဇညော၊ နသော သဗ္ဗတ္ထ ဇာယတိ။
တတ္ထ သော ဇာယတိ ဓိရော၊ တံ ကုလံ သုခမေဓတိ"

(ဓမ္မပဒ-၄-၂ ၁၆၁)

http://www.dhammadownload.com



"သားကောင်းတစ်ယောက်, ထွန်းပေါ်ပေါက်က
သူနောက်ဆွယ်ကျုံး တစ်နယ်လုံးသည်
ကံဘုန်းဆင့်လျှောက်, အမြင့်ရောက် ၏"
ဆရာ့ဂုဏ်တော် အောက်မေ့မျှော်
ပူဇော်ကန်တော့ပါ၏ . . .

တပည့် - သောပါက
ညောင်ကန်အေးသာသနာ့ရိပ်သာ
ကြို့ကုန်း၊ အင်းစိန်၊ ရန်ကုန်

လူတွေက ထမင်းစားရမှာတော့ နေ့တိုင်း မမေ့ကြဘူး။
တစ်နေ့တစ်ခါ ဘုရားဝတ်ချကန်တော့ရမှာတော့
မေ့နေကြတယ်မဟုတ်လား။
ဟင် . . . ဟုတ်ပဗျာ။

(မြေဇင်းတောရဆရာတော်ကြီး)

"ရှေးရှေးဘဝတွေက သူတော်ကောင်းကြီးတွေနှင့်တွေ့ပြီး တရားအထုံ ပါရမီဓာတ်ခံတွေပါလာလို့ အခုလို တရားတွေ အားထုတ်နိုင်တာ၊ တရားအထုံ ပါရမီဓာတ်ခံတွေ မပါတဲ့လူတွေကျတော့ အခုလို တရားအားထုတ်ဖို့ အဝေးကြီး၊ တစ်နှစ်တစ်ခေါက် ရောက် ဖို့တောင်မလွယ်ဘူးဗျ"

(မြေဇင်းတောရဆရာတော်ကြီး)

http://www.dhammadownload.com



# သဒ္ဓါတရား အရေးကြီး

မဏ္ဍလ (ကန္နီသရက်ပင်)

အာဠဝကဘီလူးကြီးက မြတ်စွာဘုရားရှင်တော်မြတ်ကို "အဘယ်တရားဖြင့် သံသရာမှကူးမြောက်နိုင်ပါသနည်း"ဟု ပြဿနာမေးသည်။

မြတ်စွာဘုရားက "သဒ္ဓါယ တရတိ ဩဃံ = ယုံကြည်မှုသဒ္ဓါတရားဖြင့် သံသရာမှကူးမြောက်နိုင်သည်"ဟု ဖြေကြားဟောတော်မူပါသည်။ ယုံကြည်မှုသဒ္ဓါတရားသည် ဒါန၊ သီလ၊ သမာဓိ၊ ပညာ၊ ကုသိုလ်ကောင်းမှုပြုရာ၌ မပါလျှင်မပြီးသော တရားဖြစ်ပါသည်။

သာစ (သဒ္ဓါ) သဗ္ဗကုသလာနံ မူလဘူတာ။

ထို့ကြောင့် သူတော်ကောင်းဥစ္စာ (၇)ပါးထဲလည်း သဒ္ဓါတရားပါသည်။ သူတော်ကောင်းတရား (၇)ပါးထဲလည်း သဒ္ဓါတရားပါသည်။ ဒုလ္လဘတရား (၅)ပါးထဲလည်း သဒ္ဓါတရားပါသည်။ သမ္ပဒါတရား (၈)ပါးထဲမှာလည်း သဒ္ဓါတရားပါသည်။

http://www.dhammadownload.com



ထို့ကြောင့် အဋ္ဌကထာဆရာက -

"သဟတ္ထာ ဝိတ္တိ ဗီဇာနိဝိယ"

သဟတ္ထာ=ယုံကြည်မှုသဒ္ဓါတရားသည် လက်နှင့်လည်းတူ၏။ လူတွင် လက်မရှိလျှင် ဘာကိုမျှ ယူငင်၍မရပါ။ လက်ရှိမှ လိုချင်ရာ အရာဝတ္ထုအားလုံးကို ယူငင်၍ရသည်။ ထို့အတူ လက်နှင့်တူသော သဒ္ဓါတရားဖြင့် ကောင်းမှုဟူသမျှကိုပြု၍ ကောင်းကျိုးချမ်းသာကို ရနိုင်၏။

ဝိတ္တိ=ဥစ္စာနှင့်လည်းတူ၏။ ဥစ္စာရှိလျှင် ပစ္စည်းဝတ္ထုဟူသမျှကို ဝယ်ယူနိုင်၏။

ဥစ္စာနှင့်တူသော သဒ္ဓါတရားရှိသောသူသည် ကုသိုလ်ဟူသမျှကို ပြုနိုင်စွမ်း၏။

ဗီဇာနိ=မျိုးစေ့နှင့်လည်းတူ၏။ မျိုးစေ့ရှိသောသူမှ စိုက်ပျိုးနိုင်သလို မျိုးစေ့နှင့်တူသော သဒ္ဓါတရားရှိသောသူသည် ကုသိုလ်ကောင်းမှုဟူသမျှ ပြုစွမ်းနိုင်၏။

နောက်ဆုံး သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်မှုကိုပင် ရယူနိုင်သော သဒ္ဓါတရားဖြစ်ပေသည်။ သာသနာ့အကျိုး သယ်ပိုးဆောင်ရွက်ရာ၌ သဒ္ဓါစေတနာပါမှ လွယ်ကူစွာပြီးမြောက်၍ အကျိုးသက်ရောက်နိုင်ပါသည်။ ရဟန်းဖြစ်စေ၊ လူဖြစ်စေ သဒ္ဓါတရားသည် အရေးကြီးပါသည်။ မြတ်စွာဘုရား ရှေ့လက်ထက်တော်အခါက ရဋ္ဌပါလသတို့သားသည် သဒ္ဓါပဗ္ဗဇိတ (သဒ္ဓါတရားဖြင့် ရဟန်းပြုလာသူ)ဖြစ်၍ ဧတဒဂ်ရသောပုဂ္ဂိုလ်ဖြစ်ပေသည်။

ထို့ကြောင့် သာသနာတော်ကြီးသည် သဒ္ဓါတရား ပြဋ္ဌာန်းပေသည်။ သဒ္ဓါတရားကောင်းမှ သာသနာ့ဝန်ကို ရိုရိုသေသေ လေး

http://www.dhammadownload.com



လေးစားစား ထမ်းဆောင်နိုင်သည်ဟု ဆရာတော်အရှင်မြတ်များ ပြောကြားလေ့ရှိပါသည်။

မောင်းထောင်မြေဇင်းတောရဆရာတော်ကြီးကလည်း လူ ဒကာ ဒကာမယောဂီတွေ ရောက်လာလို့ရှိရင် ထိခြင်း ၅-ပါးနှင့် အညီ ရှိခိုးခိုင်းလေ့ရှိ၏။ "လူ့ဘဝရောက်လာလို့ရှိရင် အသိဉာဏ် ရှိဖို့ သဒ္ဓါတရားရှိဖို့ အရေးကြီးတာပဲ"ဟု အမိန့်ရှိ ပြောကြားပါသည်။

ဆရာတော်ဘုရားကြီးက မြတ်စွာဘုရား၏ဂုဏ်တော် ကျေးဇူးတော်များကို ပြောတော်မူတဲ့အခါ ဂုဏ်တော် ကျေးဇူးတော်များ ကို ပေါ်လွင်အောင်ပြောတော်မူပြီး -

"နည်းနည်းသိ၊ နည်းနည်းကြည်ညိုတာ၊
များများသိ၊ များများကြည်ညိုတာ၊
ဘာမှမသိ၊ ဘာမှမကြည်ညိုတော့
ဘာမျှကုသိုလ်မရဘူးဗျ"

မှန်ပါသည်။ သာသနာကို ထမ်းဆောင်ရာ၌ သဒ္ဓါတရားနည်း ကြတော့ ဝဋ္ဋိတိုင်းသား ရဟန်းများသည် အပြစ်အမျိုးမျိုးကို လွန် ကျူးကြသည်။ သဒ္ဓါတရားရှိကြသော ရဟန်းရှင်လူများသည် အပြစ် လွန်ကျူးမှုနည်းကြပြီး ကုသိုလ်ဖြစ်အောင် နေထိုင်ကြသည်။

သဒ္ဓါတရားနည်းသော ပုဂ္ဂိုလ်များကား သာသနာတော်ကို အပြစ်အမျိုးမျိုးရှာကြသည်။ ဝေဖန်မှုအမျိုးမျိုးတွေပြုလုပ်ပြီး ယုံ မှားသံသယ များလာကြပါသည်။ သဒ္ဓါရှိမှသာလျှင် သီလ၊ သမာဓိ၊ ပညာ၊ သာသနာကို ကိုယ်စွမ်းနိုင်သလောက်ပြုကြ၏။ ဓုတင်အကျင့် များကိုလည်း ကျင့်ကြ၏။

ဂန္ထဓုရ၊ ဝိပဿနာဓုရများနှင့်တကွ သာသနာကြီးပွားတိုး တက်ရေး ဒါယကာ ဒါယိကာမတို့ လိမ္မာယဉ်ကျေးသိမ်မွေ့ရေး

http://www.dhammadownload.com



နတ်ရွာနိဗ္ဗာန်သို့ပို့ဆောင်ရေး ဟောကြားဆုံးမကြသည်။ သဒ္ဓါတရားနည်းသောပုဂ္ဂိုလ်များ ထမ်းဆောင်နိုင်သည်မဟုတ်။

သဒ္ဓါစေတနာကောင်းသော ပုဂ္ဂိုလ်များသည် မိဘကောင်း၊ ဆရာသမားကောင်း၊ မိတ်ဆွေကောင်းနှင့် တွေ့ကြရသည်။ ပုဗ္ဗေစကတပုညတာစက်နှင့်ပြည့်စုံသောပုဂ္ဂိုလ်များ ယခုဘဝမှာ မိကောင်း၊ ဖကောင်း၊ ဆရာသမားကောင်း၊ မိတ်ဆွေကောင်းများနှင့် တွေ့ရတတ်သည်။

မန်လည်ဆရာတော်ဘုရားကြီး အမိန့်ရှိသလို -

ကံကောင်း - ကောင်းကောင်းတွေ့၊ ကောင်းကောင်းခံစားရ။

ကံဆိုး - ဆိုးဆိုးတွေ့၊ ဆိုးဆိုးခံစားရ ဟု အမိန့်ရှိတော်မူတတ်၏။

ဝါသနာဘာဂီ ဆက်တိုင်းမှီဆိုသည့်အတိုင်း ဆရာတော်ကြီးငယ်ငယ်ကလေးဘဝကတည်းက သူတစ်ဖက်သားကို ငဲ့ညှာသနားတဲ့စိတ်ဓာတ်ရှိခဲ့သည်။

၇-နှစ် ၈-နှစ် ကလေးအရွယ်က လူကြီးတွေ နှမ်းရိတ်သွားတဲ့အခါ အတူလိုက်လာသည်။

နေကလည်းပူ၊ သောက်ရေကလည်းနည်းနေလို့ နှမ်းရိတ် "ဘောက်"အဖွဲ့တွေမကြားအောင် သူကြီးတော်က "ဟဲ့ကောင်လေး၊ သွား သစ်ပင်အောက်ကရေဘူးထဲမှာ သွား ရေသောက်ချေ၊ ရေကရှိတော့တာမဟုတ်ဘူး၊ တော်ကြာ ရေငတ်နေဦးမယ်"ဟုပြောပြီး လွှတ်လိုက်တော့ ကလေးက ရေရှိရာသစ်ပင်ဆီသွားပြီး ချက်ချင်းပြန်လာသည်။

ရေသောက်ခဲ့ပြီလားမေးတော့ သူက ဘာပြောတယ်မှတ်လဲ။

http://www.dhammadownload.com



"အကြီး၊ ရေက တစ်ယောက်စာပဲရှိတော့တယ်။ ကျွန်တော် သောက်လိုက်ရင် နှမ်းရိတ်သူမတွေ မသောက်ရဘဲနေမှာပေါ့"လို့ ပြောသတဲ့။ မသောက်ဘဲပြန်လာ၏။ လူလူချင်းငဲ့ညှာတတ်တဲ့ ကရုဏာတရား ရှိခဲ့ပါသည်။

"ဥပုသ်စောင့်တွေက သူ့ကျောင်းရောက်လို့ သူ့ကိုတွေ့ချင်ရင် တခြားကိုရင် ကျောင်းသားတွေ စုစုရှိတဲ့အထဲမှာ သွားမရှာနဲ့၊ မတွေ့ရဘူး။ ကျောင်းဝင်းအရှေ့တောင်ဘက် ဥန္နဲပင်တောထဲမှာ သွားရှာမှတွေ့တာ။ ကိုရင်ကတည်းက သူ့ဝါသနာကတစ်မျိုး" ဟု မယ်တော်ကြီးက ပြောပြလေ့ရှိ၏။ ကိုရင်ငယ်လေးဘဝကတည်းက တိတ်ဆိတ်ငြိမ်သက်နေသောအရပ်မှာ နှစ်သက်တော်မူသည်။

## ပရိယတ္တိဆရာသမားများ

ဆရာတော်ကြီးသည် စာသင်သားဘဝမှာလည်း ဆရာကောင်း သမားကောင်းတွေထံ စာဝါများ သင်ယူတော်မူခဲ့သည်။

စစ်ကိုင်းပဋ္ဌာန်းသိပ္ပံဆရာတော်၊

တောင်မြို့ မင်္ဂလာတိုက် ပဋ္ဌာန်းဆရာတော်၊

ပခုက္ကူ မဟာဝိသုတာရာမအလယ်တိုက် ဆရာတော်သုန်၊ ဆရာတော်နန် စသော ပုဂ္ဂိုလ်ကျော်များထံ နည်းခံသင်ယူတော်မူခဲ့သည်။

ပခုက္ကူ မဟာဝိသုတာရာမ အလယ်တိုက်ဆရာတော်ကြီးတို့ ဩဝါဒများကိုမှတ်သား၍ တပည့်ယောဂီ ရဟန်းတော်များကို တစ်ဆင့်ဩဝါဒပေးတော်မူ၏။

"အမောင်တို့၊ ဒို့များတော့ကြီးပါပြီမောင်တို့၊ ဘုရားသာသနာကြီးက အမောင်တို့လက်ထဲမှာပဲရှိတော့တယ်။ ကြိုးစားကြပါမောင်

http://www.dhammadownload.com



တို့” ဟု ပရိယတ္တိ ပဋိပတ္တိသာသနာကို တိုးတက်အောင်၊ ကြီးပွား တည်တံ့အောင် ဆုံးမဩဝါဒပေးတော်မူ၏။ မြတ်စွာဘုရားရှင် မိမိရဲ့ ခန္ဓာကိုယ်ကို သစ်ရွက်ခြောက်၊ ဖက်ရွက်ခြောက်လောက်မှ တန်ဖိုး မထားဘဲ ကျင့်ပေးတော်မူခဲ့တဲ့ သာသနာတော်ကြီးကို မြေဇင်း ဆရာတော်ကြီးက -

“သာသနာတော်ကြီးရဲ့တန်ဖိုးကိုသိမှ နှမြောတာ၊ တန်ဖိုး မသိရင် မနှမြောဘူးဗျ” ဟု အမိန့်ရှိတော်မူသည်။

သာသနာတော်ကြီး စည်ပင်ပြန့်ပွားစေချင်သောဆန္ဒ ကြီး မားတော်မူပါသည်။

## ရခဲလှစွ လူ့ဘဝ

ဆရာတော်ကြီးသည် ဩဝါဒပေးသည့်အခါ လူဒကာ၊ ဒါယိ ကာမ ယောဂီတွေ အသည်းနှလုံးထဲအထိ စွဲမြဲသွားအောင် သာသ နာတော်ကို ပိုပြီးယုံကြည်လာအောင် ဩဝါဒပေးတော်မူ၏။

“လူ့ဘဝဆိုတာ ရလွယ်ရောက်လွယ်တဲ့ဘုံဌာနမဟုတ်ဘူး။ ကုသိုလ်ကံပါရမီကလေးက အကျိုးပေးရင့်သန်လို့သာ ရောက်ရ၊ ရ,ရတာ။ ကမ္ဘာကြီးတစ်ခုလုံးကို ဉာဏ်မျက်စိနဲ့ဖြန့်ပြီးကြည့်လိုက်။ ကုသိုလ်တို့၊ အကုသိုလ်တို့ကို မသိတာကများတယ်။ ဒါကြောင့် ခာတ်ခံကောင်းဖို့၊ ခာတ်ကောင်းကို ဝါသနာပါဖို့ အရေးကြီးတယ် လို့ပြောတာ။

ကြည့်လေ၊ ကမ္ဘာပေါ်မှာ နိုင်ငံတွေက အများကြီးရှိတာ။ လူတွေကလည်း အများကြီးပဲ။ အဲဒီနိုင်ငံတိုင်းမှာရှိတဲ့လူတွေကရော ဘုရားစစ်ဘုရားမှန်၊ တရားစစ်တရားမှန်၊ သံဃာစစ်သံဃာမှန် ဒါ

http://www.dhammadownload.com



တွေရော သိကြမှာတဲ့လား။ သိတဲ့လူတွေကျတော့ကော တရားအား ထုတ်ဖြစ်ဖို့ လွယ်သေးလား။

ဒီလောကကြီးထဲမှာ ပုရွက်ဆိတ်တွေနဲ့ အခြားအကောင်ဗလောင်တွေမပြောနဲ့ ပုရွက်ဆိတ်တစ်မျိုးစာတောင်မရှိဘူး။ ရှိတဲ့လူတွေကလည်း ဂျော်ဒန်တို့ ပါကစ္စတန်တို့ အီရန် အီရတ်တို့လို ဘာသာအယူကွဲနိုင်ငံတွေ အများကြီးရှိတာ။

ကုသိုလ် အကုသိုလ်ကိုသိဖို့ဆိုတာက ဘုရားတစ်ဆူ တစ်ဆူ ပွင့်မှသိရတာ။ ဗုဒ္ဓဘာသာနိုင်ငံက မြန်မာ၊ သီဟိုဠ် (သီရိလင်္ကာ)၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ တရုတ်၊ နီပေါ၊ စင်္ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုးရီးယား အားလုံးပေါင်းရင် ဒီ (၁၂)နိုင်ငံပဲရှိတာပဲ။ အဲဒီထဲမှာ မြန်မာရယ်၊ အိန္ဒိယရယ်၊ သီဟိုဠ်ရယ် ဒီသုံးနိုင်ငံပဲ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်နေတာ။ ကျန်တဲ့နိုင်ငံတွေက အုတ်ရောရော ကျောက်ရောရောတွေပဲရှိတာ။ ဗုဒ္ဓဘာသာနိုင်ငံက ခပ်နည်းနည်းရယ်။

တို့နိုင်ငံကလူတွေကရော ဘုရားတို့၊ တရားတို့၊ သံဃာတို့ သိကြမှာတဲ့လား။ သိတဲ့လူတွေကရော ဘုရားကို ကြည်ညိုဖို့ တရားကိုအားထုတ်ဖြစ်ဖို့ လွယ်သေးလား။ ဘာကြောင့် ညာကြောင့်ဆိုပြီး ရိပ်သာဘက်ရောက်ရဲ့လား။ အခုဆို မြတ်စွာဘုရားရှင်က ပရိနိဗ္ဗာန်စံဝင်တော်မူသွားပြီ။ မရှိတော့ဘူး။ သက်တော်ရှစ်ဆယ်၊ ဝါတော်လေးဆယ့်ငါးဝါမှာ ပရိနိဗ္ဗာန်စံဝင်သွားတာ။

သာသနာအနှစ်ငါးထောင်ထားခဲ့တာ။ အခုဆို သာသနာက အနှစ် နှစ်ထောင့်ငါးရာကျော်ခဲ့ပြီ။ ကျန်နေတာက တစ်ဝက်လောက်ပဲကျန်တော့တာ။ ဒီတစ်ဝက်ကလည်း ကိုယ့်သာသနာ ကိုယ့်ဟာမဟုတ်ဘူး။

http://www.dhammadownload.com



သာသနာသက်တမ်းတစ်ဝက်မပြောနဲ့။ သာသနာသက်တမ်း သိန်းချီ သန်းချီပြီးကျန်နေပါစေ။ ကိုယ့်သာသနာ ကိုယ့်ဟာမဟုတ်ဘူး။ ကိုယ်မသေခင်လေး ကိုယ်ပိုင်တာ ကိုယ့်ဥစ္စာဗျ။

ကိုယ်က လူ့ဘဝရတုန်းကလေးပိုင်တာ။ ပိုင်တယ်လို့ပြောရအောင်ကလည်း ကိုယ်က တရားအားထုတ်မှဖြစ်တာ။

ကိုယ်က ဘာသာတရားအပေါ် စိတ်မဝင်စားဘူး။ ဘာသာတရားနဲ့ပတ်သက်လို့ ဘာမှမလုပ်ဘူးဆိုရင် ပိုင်တယ်လို့ပြောလို့မရဘူး။ ဒါကြောင့် ပွားများကြစမ်းပါ။

ပွားမှများမှာ။

မပွားရင်မများဘူး။

ကိုယ့်ကိုယ်ကို ကိုယ်ကယ်မှ ဒီသံသရာဝဋ်က ကိုယ်လွတ်မှာ။ ကိုယ်ချမ်းသာမှာဗျ။ ကိုယ့်ကိုယ်ကိုချစ်ရင် ကိုယ့်ကိုယ်ကိုသနားရင့် တရားအားထုတ်ကြ။"

## ပဋိပတ္တိ ဆရာ ရှာရာမှာ

ဆရာတော်ကြီးကို စာသင်ဘဝမှ မောင်းထောင်ယွန်းဆက်ဆရာသမားက စာပေး၍ပြန်ခေါ်စဉ် ယွန်းဆက်ကျောင်းသို့ ပြန်ကြွပြီး စာသင်သားတပည့်ရဟန်းသာမဏေများကို စာချပေးတော်မူ၏။

စာမေးပွဲဖြေသည့်အခါ တပည့်ရဟန်းသာမဏေများကို မုံရွာစာဖြေဌာနသို့ ကိုယ်တိုင်လိုက်ပို့ စောင့်ရှောက်ရသည်။

စာမေးပွဲဖြေပြီး မုံရွာရောက်ခိုက် တပည့် ရဟန်းသာမဏေများနှင့် မိုးညှင်းသမ္ဗုဒ္ဓေဆရာတော်ကြီးထံ ဖူးမြော်ဩဝါဒခံယူရင်း

http://www.dhammadownload.com



ရောက်ဖူးအောင်သွားဦးမှပဲဟု စိတ်အကြံဖြစ်ပြီး မသွားခင်ည ကတည်းက မိုးညှင်းသမ္ဗုဒ္ဓေဆရာတော်ကြီးကို အာရုံပြုပြီး မေတ္တာ အကြိမ်ကြိမ်ပို့တော်မူ၏။ မနက်လင်းတော့ နေ့ဆွမ်းစားပြီး သမ္ဗုဒ္ဓေ သို့ ကြွကြသည်။

သမ္ဗုဒ္ဓေဘုရားဖူးပြီးတော့ ဆရာတော်ကြီးသီတင်းသုံးနေ ထိုင်ရာကျောင်းသို့ သွားရောက်၏။ ကျောင်းရောက်တော့ ဆရာ တော်ကြီး၏ အလုပ်အကျွေး ရဟန်းငယ်က ဘာကိစ္စလဲဘုရားဟု မေး၏။ ဆရာတော်ကြီးဖူးမြော်ချင်လို့ပါဘုရားလို့ လျှောက်တော့ ခဏသီတင်းသုံးပါဦး၊ ဆရာတော်ကြီး တော်ကြာနေ ထွက်လာပါ လိမ့်မယ်ဘုရား၊ လျှောက်ပြီး ခဏကြာတော့ တောင်ဝှေးထောက်ပြီး ဒုက္ခ-ဒုက္ခဟုဆိုပြီး ထွက်လာတော်မူပြီး ခုံရှည်ပေါ် တင်ပါးလွှဲချ ထိုင်ပြီး ဤသို့မိန့်ရှိပါသည်။

"ကိုယ်တော်တို့က ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်ဒေသကလဲ ဘုရား"လို့ မေးမြန်းလိုက်သောအခါ "ဘုရားတပည့်တော်တို့က ဘုတလင်မြို့နယ်၊ မောင်းထောင်ကြီးရွာ၊ ယွန်းဆက်တိုက်ကပါ ဘုရား"ဟု လျှောက်ထားပါသည်။

မောင်းထောင်ဦးဥက္ကံသရှိပါသလားဟုမေးမြန်းရာ ရှိပါတယ် ဘုရား၊ အဲဒါ တပည့်တော်တို့ဆရာပါဘုရားဟု လျှောက်ပါသည်။

"သြော် သြော်" - ဟု ဝမ်းသာအားရ မိန့်ကြားပါသည်။

မြေဇင်းတောရဆရာတော်က "ဆရာတော်ဘုရား၊ ဖူးခွင့်ရ သောအခါ သာသနာတော်မှာ နေနည်းထိုင်နည်း အကျနဆုံးဖြစ် အောင် သွန်သင်ဆုံးမ ဩဝါဒပေးသနားချီးမြှင့်တော်မူပါဘုရား" ဟုလျှောက်ထားရာ -

http://www.dhammadownload.com



"ဒါတော့ မလိုပါဘူးဘုရား၊ ကိုယ်တော်တို့လည်း စာချ ဘုန်းကြီးတွေပဲ၊ မလိုပါဘူး။ ကိုယ်တော် ဘယ်နှစ်ဝါရပြီတုန်း"

"တပည့်တော် (၁၇)ဝါရပါပြီဘုရား"

"ဘုန်းကြီးလည်း (၁၇)ဝါအရမှာ တောထွက်လာခဲ့တာပါ။ တောထွက်ဖို့ရာမလွယ်ကူဘူး" စသည်ဖြင့် ဟောပြောဆုံးမပါသည်။ "ကိုယ်တော်လဲ တောထွက်ဖြစ်အောင်ထွက်ပါ"ဟု အမိန့်ရှိတော်မူသည်ကို မြေဇင်းဆရာတော်ကြီးက "ဘုန်းကြီးကို တောထွက်ဖြစ်အောင်ခိုင်းတာ သမ္ဗုဒ္ဓေဆရာတော်တစ်ပါးပဲ"ဟု အမိန့်ရှိပါသည်။

ဝေဘူဆရာတော်ကြီးထံမှာ သုံးဌာနလုံး သီတင်းသုံး တပည့်ခံ၍ တရားဘာဝနာ အားထုတ်တော်မူ၏။

ရွှေဘို၊ အင်ကြင်းပင်၊ ကျောက်ဆည် ကမ္မဋ္ဌာန်းဌာနများ ဖြစ်ပါသည်။

ဝေဘူဆရာတော်ကြီးက မြေဇင်းဆရာတော်ကို အထူးချီးမြှောက်တော်မူပါသည်။

နောက် အင်ချောင်ဆရာတော် (စရိယမဂ္ဂပါရဂူကျမ်းပြု)၊

ကန္နီမြို့ ရွှေသိမ်တော်တောရဆရာတော် (ပါရဂူကျမ်းပေါင်းများစွာပြု)၊ ဆရာတော်ကြီးထံ နည်းခံကျင့်ကြံကြိုးကုတ် အားထုတ်တော်မူသည်မှာ ၁၃၂၅-ခုနှစ်က ဖြစ်ပါသည်။

ရွှေသိမ်တော်ဆရာတော်ကြီးဘွဲ့တော်ကလည်း ဦးသောဘိတ၊ မောင်းထောင်မြေဇင်းဆရာတော်ဘွဲ့တော်ကလည်း ဦးသောဘိတ၊ ဘွဲ့ချင်းတူနေတော့ မြေဇင်းဆရာတော်ကြီးက သူ့ဘွဲ့ကို ဦးသုဇာတလို့ ပြောင်းလိုက်၏။

"ဦးဇင်းဘွဲ့က ဘယ်သူတုန်း"

"ဦးသုဇာတပါဘုရား"

http://www.dhammadownload.com



ကန္နီဆရာတော်ကြီးက မြေဇင်းတောရဆရာတော်ကို ဦးသုဇာတလို့လည်းခေါ်၏။ တစ်ခါတလေ မောင်းထောင်လို့လည်း ခေါ်၏။

"ဦးသုဇာတ"

"ဘုရား . . ."

"အနိစ္စဆိုတာ သိသလား"

"မှန်ပါ၊ ခန္ဓာငါးပါးပါဘုရား"

"အေး အေး" ဟု မိန့်တော်မူ၏။

"ဦးသုဇာတ၊ ဘုန်းမကြီးချင်နဲ့၊ ဒို့များနေသလိုကြည့်နေ။ ဒီခန္ဓာကိုယ်ကြီးအကြောင်းပြုပြီး ဩဃကူန်အောင်လုပ်"ဟု အမိန့်ရှိဖူးပါသည်။

ကန္နီ ရွှေသိမ်တော်တောရဆရာတော်ကြီးက မျက်စိနှစ်ကွင်းသာအလင်းမရသော်လည်း ဉာဏ်ပညာ အင်မတန်ထက်ကြောင်း၊ လူတစ်ယောက် တစ်ခါတွေ့ရင် နောက်လာရင်မှတ်မိကြောင်းများကို မြေဇင်းဆရာတော်ကြီးက အမိန့်ရှိဖူးပါသည်။

ဆရာတော်တစ်ပါးက ကန္နီဆရာတော်ကြီးကို မေးလျှောက်ဖူး၏။

"ပိဋကတ်သုံးပုံ အကုန်ရတယ်ဆိုတာ ဟုတ်ပါသလားဘုရား"

"အေး ပိဋကတ်သုံးပုံတင်မကပါဘူး။ အဋ္ဌကထာတွေပါ ရပါတယ်။ ခုဒ္ဒကနိကာယ်ကတော့ လွယ်လို့ မပြန်ပါဘူး" အမိန့်ရှိဖူးပါသည်။

ကန္နီဆရာတော်ကြီးသည် ငယ်စဉ် ကိုရင်ဘဝတုန်းက သင်္ဂြိုဟ် (၉)ပိုင်း (၉)ရက်တည်းနှင့် အရကျက်မှတ်တာ၊ သူမယ်

http://www.dhammadownload.com



တော်ကြီးက "ဒီလက်တစ်ဝါးလောက်ရှိတဲ့စာအုပ် ၉ ရက်ကျက်တာ ဘယ်ကလာ စာတတ်မှာလဲ"ဟု ပြောဖူး၏တဲ့။

ကန္နီဆရာတော်ကြီးသည် မန်လည်ဆရာတော်ကြီးထံ (၁၁) နှစ် (၁၂)နှစ်ကြာမျှ နေထိုင်သီတင်းသုံးလျက် ပရိယတ် ပဋိပတ် ပြောင်မြောက်တော်မူသည့် ကျမ်းပြုပုဂ္ဂိုလ်ကြီးပေတည်း။

ကန္နီ ရွှေသိမ်တော်ဆရာတော်ဘုရားထံ မြေဇင်းတောရ ဆရာတော် သမထဝိပဿနာကျင့်စဉ်များ လပေါင်းများစွာ နည်းခံယူ၍ ကျင့်တော်မူပြီး မောင်းထောင်ယွန်းဆက်တိုက်ကို တပည့်ဖြစ်သူ ဦးကုန္ဒာစာရ (သာသနဓဇ သိရီပဝရဓမ္မာစရိယ)အား လွှဲအပ်ပြီး ၁၃၃၁-ခုနှစ်၊ ဝါဆိုလကစ၍ တောထွက်၍ အာရညိကဓုတင်ဆောက်တည်လျက် ရဟန်းရှင်လူ ယောဂီအပေါင်း တစ်နှစ်ပတ်လုံး တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူ၏။ မြေဇင်းဆရာတော်ကြီးသည် မိမိ၏ သက်တော် (၈၆)နှစ်ကို ပဓာနမထားဘဲ ညှော်သည်ယောဂီ ကျေးလက်တောရွာမှ ဒကာ ဒကာမတွေကို မမောနိုင် မပန်းနိုင် သနား၍ သဒ္ဓါစေတနာထက်သန်အောင် ဟောတော်မူပါသည်။

ကျောင်းဝေယျာဝစ္စဒကာကြီးတွေက "ဆရာတော် သိပ်ပြီး တရားတွေ အရှည်ကြီးဟောမနေနဲ့ဘုရား"လို့ လျှောက်တော့ -

"အေး၊ အခုခေတ်လူတွေက ပိုက်ဆံရှိလို့ သူဌေးလို့သာ ပြောရကာ။ ဘုရားသာသနာနှင့်တွေ့တဲ့အချိန် ဝတ်တောင်မချဘက်ကြဘူး။ သနားစရာတွေပါကွာ။ ဒါကြောင့် သိအောင် ဟောရတာကွ" ဟု မိန့်ပါသည်။

http://www.dhammadownload.com



ကန္နီဆရာတော်ကြီးနည်းအတိုင်း သမထအရာမှာ သတိကို အခြေခံ၍ သမထ ၄-ဆင့်လုံး တစ်ခုမကျန် မြေဇင်းတောရ ဆရာတော်ကြီးတစ်ပါးသာ ပြသမည့်ပုဂ္ဂိုလ်ရှိတော့သည်။ သမထ ပွားမှ သမာဓိတရားရပါလျက် သမထကိုသာသနာပတရားလို့ ပြော သောပုဂ္ဂိုလ်များအား ဆရာတော်ကြီး မိန့်ကြားတော်မူသည်မှာ-

"ဂေါတမမြတ်စွာဘုရားက သတ္တဝါတွေကိုသနားလို့ သာသ နာ (၅၀၀၀) ထားခဲ့တာ။ အခုဆို (၂၅၀၀)ကျော်သွားပြီ။ အကုန် များပြီး ကျန်နေတာက နည်းလာပြီ။ ကျန်နေတဲ့ဟာကလည်း ကိုယ့် ဥစ္စာမဟုတ်ဘူး။ သာသနာသက်တမ်းတစ်ဝက်မပြောနဲ့။ သက်တမ်း တွေ သိန်းချီသန်းချီ ကျန်နေပါစေ။ ကိုယ့်ဟာမဟုတ်ဘူး။ ကိုယ် မသေခင်လေး ကိုယ်ပိုင်တာ ကိုယ့်ဥစ္စာဗျ။

ဆုတ်ကပ်ကြီးဆိုတော့ အစစအရာရာ အကုန်ဆုတ်ကုန် တော့တာပဲ။ သိုလို့ရှိရင်တော့ နှမြောစရာကောင်းတယ်။ နှမြော တယ်ဆိုတာလည်း တန်ဖိုးသိမှ နှမြောလို့ရတာ။ တန်ဖိုးမသိရင် မနှမြောဘူး။ ဘုရားရှင်က သတ္တဝါတွေကို သနားတော်မူလို့ ထား ခဲ့တဲ့တရားတွေ၊ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဘဝပေါင်းများစွာစတေးပြီး ကျင့်ကြံအားထုတ်ခဲ့တဲ့တရားတွေ၊ အခု ခေတ်လူတွေက မယုံကြတော့ဘူး။

ဇဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓါဓမ္မာ အစိန္တိယာ တဲ့။

ဗုဒ္ဓမြတ်စွာဘုရားနှင့် တရားတော်ရဲ့ ဂုဏ်တော်တွေ ကျေး ဇူးတော်တွေက ကြံစည်လို့လည်းမရနိုင်ဘူး။ တွေးတောကြည့်လို့ လည်း ရနိုင်ကောင်းတဲ့အရာတွေမဟုတ်ဘူး။ ဒီတော့ လူတွေက အားမထုတ်ကြဘူး။ အားမထုတ်တော့ မသိဘူး။ မသိတော့ မယုံ ကြဘူး။

http://www.dhammadownload.com



ကြည့်လေ၊ ကိုယ့်ကိုသနားလို့ ပေးတော်မူခဲ့တဲ့တရားတော်ကိုပဲ သာသနာတွင်း သာသနာပရယ် ဝေဖန်နေကြတာ မခက်ပေဘူးလား။ ဘုရားရှင်က သမထတရားတွေဟာ သာသနာပမှာ ကျင့်ရမယ်။ သာသနာအတွင်းမှာမကျင့်ရဘူးလို့ ဟောမထားခဲ့ပါဘူးဗျ။ ပရိနိဗ္ဗာန်စံဝင်တော်မူသွားကြတဲ့ ဘုရားရှင်အဆူဆူကလည်း ဒီအာနာပါနကိုကျင့်ပြီးမှ ပွင့်ကြတာပါဗျ။ မြေလှိုးမိုးပျံနိုင်တဲ့ ရဟန္တာတွေလည်း အာနာပါန သမထဝိပဿနာကျင့်လို့ ဖြစ်ကြတာဗျ။ သမထမပါတဲ့ ရဟန္တာတွေ ဒီလိုမရကြဘူး။

ဒီတော့ သူများပြောတိုင်း နားမယောင်ကြနဲ့။

သာသနာဆုတ်တယ်ဆိုတာ ဒီလိုပဲ။ ဒီလိုနဲ့ ဗုဒ္ဓရဲ့တရားတော်တွေ ပျောက်ကွယ်သွားမှာ နှမြောစရာကောင်းလှပါတယ်။"

ဆရာတော်ကြီး၏ဩဝါဒများမှာ သာသနာတော် ကြီးပွားတိုးတက်စေချင်သောဆန္ဒ၊ အားလုံးသော ရဟန်းရှင်လူများ ချမ်းသာရေးအတွက် ဖြစ်ပေ၏။

ဆရာတော်ကြီးသည် ကျောက်ဂူဆရာတော်ကြီးထံ၌လည်း သမထဝိပဿနာတရားတော် နည်းခံကျင့်ကြံ အားထုတ်ခဲ့ပါသည်။

ဆရာတော်ကြီးသည် သတ္တဝါတွေ သုခိတ ဒုက္ခိတအားလုံး အပေါ်မှာ မေတ္တာတရား၊ ကရုဏာတရား အမြဲတမ်းပွားများတော်မူပါသည်။ (ကရုဏာပွားပုံမှာ ဓမ္မာစရိယဦးဌေးလှိုင်ရေးသည့် ကျွတ်တီးကုန်းမှာပွင့်သောပန်းစာမူတွင် ကြည့်လေ။)

မြေဇင်းတောရဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးကို ပူဇော်သောအားဖြင့် ဆရာတော်ကြီးဩဝါဒတော်ဖြင့် နိဂုံးချုပ်အပ်ပါသည်။

http://www.dhammadownload.com



- "ဟုတ်လိမ့်မယ်ထင်လို့ ကြံမိတတ်တယ်၊ လွဲတတ်တယ်၊ သတိထား။"
- "ဟုတ်လိမ့်မယ်ထင်လို့ ပြောမိတတ်တယ်၊ လွဲတတ်တယ်၊ သတိထား။"
- "ဟုတ်လိမ့်မယ်ထင်လို့ လုပ်မိတတ်တယ်၊ လွဲတတ်တယ်၊ သတိထား။"

(မောင်မောင်ပြေစာပေမှ မောင်လှိုင်မျိုးထွန်း (စိတ်ပညာ)၊ ကျတ်တီး ကုန်းမှာပွင့်သောပန်း (ဦးဌေးလှိုင်-ဓမ္မာစရိယ) နှင့် မိမိအား ဩဝါဒပေးစဉ်က မှတ်သားမှုများကို မှမ်းမံတင်ပြပါသည်။

တပည့်
မဏ္ဍလ (ကန္တီသရက်ပင်)
မောင်းထောင်မြေဇင်းတောရ
၁၃၆၇-ခု၊ တပို့တွဲလ

http://www.dhammadownload.com



# မြေဇင်းထေရာ စေတနာ

- မုံရွာနယ် နောက်မြောက်ချဉ်း၊
  မြေဇင်းတဲ့ ဝိဟာ။
- မောင်းထောင်ရွာ အမှီပြု၊
  မျှော်ရှုသာယာ။
- ဆရာမြတ် ထေရ်မဟာ၊
  စေတနာလွန်ကဲ။
- တရားတော် ချော်မလွဲဖို့
  နေ့စဉ်ပင် လုံ့လဖွဲ့နဲ့
  မှီခိုသူ ခြိမ့်ခြိမ့်သဲအောင်
  ဟောမြွက်မစဲ။

အရှင်ဝိမလာနန္ဒ
သုံးပါးရတနာစာသင်တိုက်
အောင်ကေဒါစိုက်မွေးစခန်းအနီး
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်
ရန်ကုန်မြို့။

http://www.dhammadownload.com



# မြေဇင်းတောရရိပ်သာတေးထပ်

မောင်းထောင်ရွာနယ်အတွင်း
မြေဇင်းတောဝနာ၊
သေစာရင်းပယ်ကွာအောင်
ထေရ်ဆရာကယ်မ၊
ကန္တီနည်းနယယှဉ်တယ်
ခဏလျှင် ပေါက်ရောက်ပါကြ၊
သုံးဆယ့်တစ်ဘုံဌာနေ၊ ကုန်စွာပေမှန်စွ၊
စေလိုရာဆန္ဒနှင့်၊ အမှန်ပရောက်စေ၊
နိမိတ္တေအလင်းရ၊ တွင်း+အပ ရှင်းကြမသွေ၊
ကိုယ်ကာယ ငါးခန္ဓေမှာ
ပွားပြန်လေဂုဏ်လင်းလို့
မှန်မယွင်း ရုပ်နှင့်နာမ်၊ ဖြစ်ပျက်နှစ်တန်
ရှုမှတ်ပွား အမြင်သန်တယ်
မဂ်+ဖိုလ်ဉာဏ် ရစေဖို့လေး။
သုံးဆယ့်တစ်အသေဒဏ်ကို
မသွေမှန် လွတ်ရန်ဖို့လေး။

မြေဖင်းတောရဆရာတော်ကြီးအား
ဦးညွတ်လျက် -
အရှင်ဝိမလာနန္ဒ (ဒဂုံမြို့သစ်အရှေ့ပိုင်း)

http://www.dhammadownload.com



# အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
# ဂုဏသဘင် မော်ကွန်းတင်တေးထပ်

မောင်းထောင်ရာဇဝင် သမိုင်းရှာကြည့်မှ
တိုင်းကမ္ဘာသိ စာဦးဆောင်။
နှိုင်းစရာမရှိ ဓမ္မာအထူးဆောင်သည်
သာသနာ့ဥဒ္ဒေါင် သမိုင်းမော်ကွန်း။
"ကမ္မဋ္ဌာနာစရိယ" ထပ်ဆင့်ပြန်ပြီ
မပြတ်ချင့်မီ ရည်မျှော်ညွှန်း။
မောင်းထောင်ဘူမိ နက်သံမြေမှာ
ထေရ် "အဂ္ဂမဟာ" ပေါ်ထွက်ထွန်း။
ဇေတဒဂ္ဂ ဘဝဂ်ညံလွှမ်းသည်ပ
ဓမ္မစက်သံ အမွှန်းတင်ခဲ့ပြီ။
မြေဇင်းဂုဏ်ရောင် တောက်ပြောင်းလင်းသမို့
နောက်နောင်မယွင်း ကမ္ပည်းတင်သချီ။
သာသနာတွက် မပျက်ရင်းတည်ကာ
ချက်ချင်းပြည်ရွာ သာစေကြောင်းနဲ့
ကမ္မဋ္ဌာရေလောင်း ဒဿနအထွေထွေ
မပြတ်ငှဝေ။
မှန်မယွင်း ဉာဏ်လင်းလေပြီ
ရန်ကင်းအေးမသွေ ဂုဏ်ပြုပါရဲ့လေး။
မြေဇင်းထေရ ဂုဏအဖုံဖုံကို
ပြုကြအစုံစုံ ဦးခိုက်ပါလို့လေး။

တပည့်တော်-စိတြ ပူဇော်ပါသည်။

http://www.dhammadownload.com



## နောက်မှနောင်တမရကြနဲ့

- ကျုပ်ကတော့ ဘာဆေးမှ မပေးနိုင်ဘူးဗျ။ မြေဇင်းတောရ ဘုန်းကြီးကမှ လိမ်းဆေးရော၊ သောက်ဆေးရော အကုန်ပေးနိုင်တာ၊ အဲသည်ကိုရောက်အောင်သွားကြ . . .။ သိသူရော၊ မသိသူတွေပါ ဖော်ကြ၊ စားကြ။ နောက်မှ နောင်တမရချင်ကြနဲ့။

[ရဟန္တာဟု ကျော်ကြားတော်မူသော
ဘုတလင်မြို့၊ ရေမွန်ရွာ၊ သက်တော် ၈၀-ကျော်ရှိ
သုသာန်ကျောင်းဆရာတော်ဘုရားကြီး
မိန့်တော်မူချက်]

ဦးဓမ္မသာရ (ဓမ္မဇေယျာ-ရေစကြို)
မဟာဒက္ခိဏာရာမ ရွာဦးကျောင်း
ကံသစ်ကျေးရွာ၊ ရေစကြိုမြို့နယ်

http://www.dhammadownload.com



# ကျေးဇူးတွေ ဆပ်၍မကုန်

- မောင်းထောင်မြေဇင်း တောရဆရာတော်ကြီး၏ တရားကျေးဇူးတော်တွေကား ဦးဇင်းတစ်သက်တာ ဆပ်၍မကုန်နိုင်အောင် များပြားလှပါသည်။
- ဦးဇင်းလည်း ဆရာတော်ကြီး၏ တရားကျေးဇူးတွေကို စွမ်းနိုင်သလောက် တရားဖြင့်သာ ကျေးဇူးဆပ်သွားပါမည်။

ဦးဇဝန

ဖားအောက်တောရရိပ်သာခွဲ

သန်လျင်မြို့

http://www.dhammadownload.com



# မှတ်သားဖွယ်ရာ ဩဝါဒကထာများ

## တစ်ကြိမ်ဖူး-တစ်ကြိမ်လွှတ်အကျိုး

"တစ်ကြိမ်ဘုရားဖူးတိုင်း၊
နိမိတ်တစ်ကြိမ်လွှတ်တိုင်း
အဝိဇ္ဇာတုံးကြီး၊ တဏှာတုံးကြီး
ပြုတ်-ပြုတ် ကျသွားတယ်မှတ်ဗျ"

* * *

## တယ်ဟုတ်ကြ

"တို့ဘုရားအလောင်း
တောထွက်တော့ ဘာပါလို့လဲ . . .။
တို့များယောဂီတွေကျတော့
စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊
ဆေးပစ္စည်းအပြည့်အစုံနဲ့
တယ်လည်းဟုတ်ကြပါ့။"

http://www.dhammadownload.com



## ခက်တာက စိတ်

တရားကမခက်ဘူး။
ခက်တာက စိတ်ကွယ့်။
စိတ်မပျံ့လွင့်စေနဲ့။
သတိတစ်လုံး အခက်ဆုံး
သတိတစ်လုံး အရှိသုံး၊ အဆုံးနိဗ္ဗာန်သာ. . . တဲ့၊
ကြိုးစား။
အံကြိတ်၊ လျှာလိပ်ကြိုးစားထားကွယ့်။

* * *

## ဆွဲချခံမလား . . . အထက်တက်မလား . . .

တရားကျင့်တဲ့သူနဲ့ မကျင့်တဲ့သူ
ဘဝက ကမ္ဘာခြားသွားပြီ။
ဘဝအသချေ့ ခြားသွားပြီ။
စိန်တွေ ရွှေတွေ သားတွေ သမီးတွေက
အောက်ကို ဆွဲချနေတာ။
ကိုယ်လုပ်တဲ့ တရားက
ကိုယ့်ကို အထက်ပို့မှာ။
ကြိုးစားလုပ်။

http://www.dhammadownload.com



## အခွင့်ကောင်းမလွတ်စေနဲ့

- ဒီလိုဘဝ၊ ဒီလိုအခွင့်အခါကောင်းရဖို့ဆိုတာ စဉ်းစားလေ ခက်လေပဲ။ တရားပြသမယ့်ဆရာသမားကလည်း ကျန်းမာ တုန်း၊ ကိုယ်ကလည်း ကျန်းမာတုန်းသာ လုပ်နိုင်တာ။
- ဒီလို အခွင့်အရေးမျိုး အမြဲရနေမယ်မထင်နဲ့။ နေ့ရွှေ့၊ ရက်ရွှေ့၊ လရွှေ့ နှစ်ရွှေ့နေလို့မရဘူး။

* * *

## ကြိုးစားကြ

- တစ်ရှူတစ်ရှိုက်လုပ်နေတာ နိဗ္ဗာန်သွားနေတဲ့ ခြေလှမ်း ကုသိုလ်ကြီး၊ နည်းတယ်လို့မမှတ်နဲ့၊ ကြိုးစား။
- သာသနာ ၂၄၀၀ ကျော်ပဲကျန်တော့တယ်။ ကျန်တာ ကိုယ်နဲ့ မဆိုင်ဘူး။ ကြုံချင်မှ ကြုံဆုံတော့မှာ။ ကိုယ့်အတွက်ကျန်တဲ့ သာသနာကာလနှစ်က နည်းနည်းလေး၊ ဖိကြိုးစားထား။
- ဘုရားဖြစ်တဲ့၊ ပွင့်တဲ့ကာလကောင်း၊ အချိန်ကောင်းကြီးနဲ့ ကြုံလို့ ဘုရားအရိယာသူတော်ကောင်းကြီးတွေရဲ့အကျင့်ကို ကျင့်ခွင့်ရတာ၊ ဟာ ကုသိုလ်တော်ကြီး ကြိုးစားလုပ်ကြ၊ ကုသိုလ်ဆိုတာ ဘယ်တော့မှ မပျောက်ပျက်တော့ဘူး။ နိဗ္ဗာန် တိုင် အကျိုးပေးတာ၊ ပျောက်ပျက်ရင် ဘုရားဆိုတာ ဘယ်ဖြစ်လာတော့မလဲ၊ ကြိုးစားကြ။

http://www.dhammadownload.com



## ကြက်လောက်တောင် တန်ဖိုးမရှိ

- တန်ဖိုးရှိတဲ့လူတစ်ယောက်နဲ့ ကြက်တစ်ကောင်သေရင် ဒီမသာနှစ်ခုထဲက ကြိုက်တာတစ်ခုယူပြီး အိမ်ပေါ်တင်လို့ ပြောရင် ဘယ်ဟာကိုယူကြမလဲ?
- ကြက်သေကောင်ကိုပဲယူပြီး ချက်စားလိုက်ကြမှာနော်။ ကြက်သေလောက်မှ တန်ဖိုးမရှိတဲ့ ခန္ဓာကိုယ်ကြီးကို သိပ်အလိုမလိုက်ကြနဲ့။

* * *

- လူတွေက ထမင်းစားရမှာတော့ နေ့တိုင်းမမေ့ကြဘူး။ တစ်နေ့တစ်ခါ ဘုရားဝတ်ချကန်တော့ရမှာတော့ မေ့နေကြတယ်မဟုတ်လား။

ဟင် . . . ဟုတ်ပေဗျာ။

* * *

## အဝေးကြီး

- ရှေးရှေးဘဝတွေက သူတော်ကောင်းကြီးတွေနှင့်တွေ့ပြီး တရားအထုံပါရမီဓာတ်ခံတွေပါလာလို့ အခုလို တရားတွေ အားထုတ်နိုင်တာ။
- တရားအထုံပါရမီဓာတ်ခံတွေ မပါတဲ့လူတွေကျတော့ အခုလို တရားအားထုတ်ဖို့ အဝေးကြီး၊ တစ်နှစ် ကျောင်းတစ်ခေါက် ရောက်ဖို့တောင် မလွယ်ဘူးဗျာ။

http://www.dhammadownload.com



## ဝေးသူ နီး၊ နီးသူ ဝေး

◆ ခုအခါ နိုင်ငံခြားသားတွေတောင် တရားထိုင်ကြလို့ ကံကောင်းတဲ့လူတွေများ အဲသလိုရကြတာ။ ဝေးတဲ့လူတွေက နီးကုန်ကြပြီ။ တချို့ နီးတဲ့လူတွေက ခုထိဝေးနေကြတုန်း။ ကိုယ့်အလုပ်ကလေးနှင့်၊ ကိုယ့်သားသမီးမြေးမြစ်တွေနှင့် ကိုယ် မေ့နေလိုက်ကြတာ။ (ဒသာန-၂၃၄)

* * *

## အရှယ်သုံးပါး

◆ ဘုရားရှင်က -

အရွယ်သုံးပါး တစ်ပါးပါးမှာ

အရအမိ ကြိုးစားအားထုတ်ရမယ်-တဲ့။

* * *

## ပွဲတိုင်းအောင်တဲ့တရား

◆ သီလ၊ သမာဓိ၊ ပညာ၊ ပါရမီဆိုတဲ့ လက်နက်တွေကျတော့ ဘယ်လူနတ်ပြဟ္မာကမှ မပြိုင်ရဲဘူး။ ပွဲတိုင်းအောင်တယ်။ သိပ်ကို အားကိုးရတဲ့တရားတွေ။

* * *

## ဟိုလိုလို - ဒီလိုလို

◆ မနေ့ကလည်း ဒီလို၊ ဟိုလကလည်း ဒီလို၊ ဟိုနှစ်ကလည်း ဒီလို၊ ကြာလို့ အိုလို့သာသေသွားတယ်။ ဘာမှမသိဘူး။ လူ့ဘဝ ရလာတဲ့အခါကလေး ကိုယ်လိုသူလို သူလိုကိုယ်လိုနဲ့ ပြီးရော။

အချိန်တွေ နှမြောစရာမကောင်းဘူးလား။

http://www.dhammadownload.com



[ ဤဆောင်းပါးကို ဆရာကြီး ဓမ္မစရိယဦးဌေးလှိုင်က ရတနာမွန်မဂ္ဂဇင်း၌ ရေးသားခဲ့ရာ အထူးနှစ်သက်ကြသဖြင့် စာအုပ်၊ စာစောင်အချို့တွင်လည်း ပုံနှိပ်ဖော်ပြခဲ့ကြပြီးဖြစ်ပါသည်။

ယခုတစ်ဖန် ပြန်လည်ဆန်းသစ်သည့်အနေဖြင့် ဖတ်ရှုကြည်ညိုနိုင်ကြစေရန် ထည့်သွင်းလိုက်ပါသည် ]

# ကျတ်တီးကုန်းမှာပွင့်သောပန်း

(၁)

တရားဘာဝနာဖြင့် အမြဲနေလေ့ရှိသောပုဂ္ဂိုလ်တို့ လောက၌ ဤဖော်ပြလတ္တံ့သောအကြောင်းအရာများကား ထူးခြားဆန်းကြယ်လှသည်ဟုမဆိုသာ။ အံ့ဩစရာလည်းမဟုတ်တတ်။ သာမန်ဖြစ်ရိုးဖြစ်စဉ်မျှသာတည်း။

သို့သော် လူသာမန်တို့ကမ္ဘာအဖို့ လွန်စွာဆန်းကြယ်၏။ အံ့ဩဖွယ်ကောင်း၏။ သီလ သမာဓိ ပညာ ဘာသာရေး ကိုယ်တွေ့

http://www.dhammadownload.com



အလုပ်စခန်း၌ လေ့ကျင့်ခန်းဝင်စ၊ ဝင်ဆဲပုဂ္ဂိုလ်များအတွက် ပို၍ အတုယူအားကျဖွယ်လည်း ကောင်းလှပေ၏။

ဤ၌ တရားဘာဝနာနှင့် အမြဲနေလေ့ရှိသောပုဂ္ဂိုလ်ဆိုသည်မှာ ယခုဖော်ပြလတ္တံ့သော တောရဆရာတော်ကြီးအပါအဝင် ယောဂါဝစရ အရှင်မြတ်များကို ဆိုလိုပါ၏။ တုယူအားကျထိုက်သောကိစ္စကား မေတ္တာ, ကရုဏာဖြန့်ပွားခြင်းအလုပ်ဖြစ်သည်။ အဘယ်နေရာဌာနမျိုး၌ မေတ္တာကိုဦးစားပေး၍၊ အဘယ်နေရာဌာနမျိုး၌ ကရုဏာကို ပို၍လုပ်ရကြောင်း၊ တွေ့ဆုံရသောပုဂ္ဂိုလ်, နေရာအလိုက် မိမိသန္တာန်၌ မေတ္တာစိတ်ဖြစ်အောင်၊ ကရုဏာစိတ်ဖြစ်အောင် လေ့ကျင့်ထားရကြောင်း၊ တစ်နည်းအားဖြင့် နေရာဌာန, ပုဂ္ဂိုလ်ကိုလိုက်၍ အလိုလိုနှလုံးသွင်းမိလျက်သားဖြစ်အောင် လေ့ကျင့်ယူရပုံကို အဆိုပါတောရဆရာတော်ကြီး၏ ကိုယ်တွေ့ မေတ္တာကရုဏာကသင်ခန်းစာပေးလျက်ရှိပါ၏။

ထိုတောရဆရာတော်ကြီးထံ စာရေးသူ တစ်နှစ်တစ်ခေါက်ရောက်လေ့ရှိသဖြင့် စာရေးသူလည်း ကိုယ်နှင့်တန်သလောက် ထိုအလေ့အကျင့်ကောင်းများ အလိုလို အဆင်သင့်လေ့ကျင့်မိလျက်သားဖြစ်နေတတ်သည်။ ဖြစ်အောင်လည်း ကြိုးစားရသည်။

(၂)

ဤနေရာ၌ ဆရာတော်ကြီး သီတင်းသုံးသော တောရကျောင်းကလေး၏အကြောင်း အနည်းငယ်ဖော်ပြရသော် တောရကျောင်းကလေးတည်ရှိရာဒေသကား မိုးခေါင်ရေရှားသော မုံရွာခရိုင်၊ ဘုတလင်မြို့နယ်ဝန်းကျင်၌ ဖြစ်သည်။

http://www.dhammadownload.com



ကျောင်းပတ်ဝန်းကျင် အရပ်လေးမျက်နှာ၌ ထန်းပင်များနှင့် တောင်ယာကွင်းပြင်များက ဝိုင်းရံထား၏။ ၂ - ဧကခန့်ရှိသော ကျတ်တီးကုန်းယာမြေကွက်မှာ မည်သည့်သီးပင်မျှ စိုက်ပျိုး၍မရသဖြင့် တောရကျောင်းဝင်းဖြစ်လာသည်။ အရိပ်အာဝါသကောင်းသော သစ်ကြီးဝါးကြီးမရှိ။ သန်းပင်၊ ဒဟတ်ပင်၊ ရှားပင်၊ တမာပင်နှင့် ဆူးခြုံများသာရှိ၏။ နွေခါတွင် ထိုအပင်များမှာလည်း အရိုးကျဲကျဲ လေတဟဲဟဲနှင့် မွဲခြောက်နေ၏။

ကျောင်းဝင်းအတွင်း၌လည်း တစ်ယောက်နေ ကမ္မဋ္ဌာန်းကျောင်းကလေးများနှင့် ထန်းရွက်တဲကြီးများသာရှိ၏။ ထန်းရွက်တဲကြီးကား စုပေါင်းသီလယူ, တရားထိုင်ရာ ဓမ္မာရုံတည်း။

တောကျောင်းရှိရေကန်မှာလည်း တစ်နှစ်လျှင် အများဆုံး ၇-လ ၈-လခန့်မျှသာ ရေရှိ၏။ ဒါလည်း မိုးလေဝသကောင်းပါမှ။ အစာရေစာ ဆွံ့ရှားလှသော အညာဒေသဖြစ်၍ အစားအသောက်အကြောင်း အထူးပြောရန်မရှိ။ သို့သော် ဆန်စပါး သားငါးပေါလှသော အောက်သူအောက်သားများ အနည်းငယ်ခန့်မှန်းနိုင်ရန် စားရေးသောက်ရေး အနည်းငယ်ပြောလိုပါသေးသည်။ သူတော်ကောင်းတရားကိုရှာရာ၌ လျှာအလိုမလိုက်ကြပုံ သာဓကတစ်ခုဟုလည်း ဆိုနိုင်ပါ၏။

တောကျောင်း၌ ဝေယျာဝစ္စလုပ်သော ကိုရင်ငယ် ၂-ပါးနှင့် ကပ္ပိယကာရကတစ်ဦးရှိရာ နံနက်အရုဏ်အတွက် ဆန်ပြုတ်သောက်ကြရသည်။ အဆီအစေးမရှိသော အညာဆန်ဖြင့် ပြုတ်ထားသည့်ဆန်ပြုတ်မှာလည်း ကျဲတောက်တောက်၊ အရည်တခြား အဖတ်တခြား။ ထိုသို့ နေ့စဉ် ဆန်ပြုတ်ပြုတ်လောက်အောင် ဆန်

http://www.dhammadownload.com



"အလျှင်မီ"နေသည်ကိုပင် "တရားတန်ခိုး"ဟု ပြောစမှတ်ပြုနေကြ ရသည်။

နေ့ဆွမ်းအတွက် အစ္စဝေပိုင်းနှစ်များက ဆရာတော်ကြီးကိုယ်တိုင် ပတ္တပိုဏ်ဆွမ်းခံ၏။ အသက်အရွယ်ကြီးလာသဖြင့် အစောင့်အရှောက်များရှိလာချိန်မှစ၍ ကိုရင်ငယ်နှစ်ပါးက ဆွမ်းခံကျွေး၏။ အနီးအနားရွာရှစ်ရွာ တစ်လှည့်စီဆွမ်းခံရသည်။ ဒကာများက လိုက်ပို့ကြ၏။ ဟင်းများ ချိုင့်ကြီးချိုင့်ငယ်ဖြင့် စေတနာသဒ္ဓါထက်သန်စွာ လောင်းလှူကြရာ လူနှစ်ဆယ်စားလောက်၏။ ဟင်းခွက်ချိုင့်များ စားပွဲကြီးတစ်ချပ်မဆံ့။

သို့သော် ဟင်းများကို တူရာပေါင်းလိုက်လျှင် ၄-ခွက်သာရှိ၏။ ချဉ်ရည်၊ ငရုတ်သီးဟင်း၊ ပဲကြားပြုတ်နှင့် အညာအသားဟင်းခေါ် သော ငါးပိကောင်ကြော်၊ ထိုငါးပိကောင်ကြော်မှာလည်း အနံ့ အသက်နှင့်တကွ ငန်လွန်းအားကြီးသဖြင့် အလွန်အစားခံ၏။

ယင်းသို့ ကျောင်းအနေအထားနှင့် အစာရေစာကိုကြည့်လျှင် အဘယ်မျှ နှလုံးမွေ့လျော် ပျော်ဖွယ်ကောင်းသော တောကျောင်း ဖြစ်ပါသနည်း။ ရာသီဥတုက ပူချိန်တွင် အစွမ်းကုန်ပူ၍ ဆောင်းခါတွင် ခိုက်ခိုက်တုန်လေတော့သည်။

သို့သော် သူတော်ကောင်းတရားတို့မည်သည်မှာ လောကီအာရုံများကင်းဆိတ်ရာ၌သာ တည်ရှိတတ်ပေသည်။ ထို့ကြောင့်လည်း ညောင်လွန့် ရဟန္တာအရှင်မြတ်ကြီးက -

"ခေါင်းပါးသော အစာရေစာနှင့် အာရုံကင်းဆိတ်သော တောရိပ်တောင်ရိပ်က ယောဂီတို့အား တစ်ဝက်ဆုံးမပြီးဖြစ်သည်"ဟု မိန့်တော်မူဖူးသည်မဟုတ်ပါလော။

http://www.dhammadownload.com



ဤမျှ ခြောက်သွေ့ခေါင်းပါး၍ အစာရေစာ ဆွံ့ရှားလှသော ကျတ်တီးကုန်းတောရကျောင်းမြေပေါ်တွင် လူသားတိုင်း၏နှလုံး သား၌ ကူးယူစိုက်ပျိုး “မျိုးပွား”သင့်သော မေတ္တာ, ကရုဏာပန်း နှစ်ပွင့်တို့ကား ၁၂-ရာသီ လန်းဆန်းလျက်။

(၃)

“လွန်ခဲ့သော ၁၀-နှစ်လောက်ကပေါ့ကွာ၊ (မောင်းထောင်ရွာ ကြီးအနောက်ဘက်) လယ်တီရွာအလှူရှိလို့ ကြွရတယ်။ အလှူက လည်း တော်တော်စည်ကားတဲ့အလှူ။ ဘုန်းကြီးများ ပရိတ်ရွတ်၊ ရေစက်ချပြီးတော့ အသံချဲ့စက်ကနေ တစ်ပါးချင်းပင့်တာပေါ့။ သံဃာစင်အဆင်း မဏ္ဍပ်အထွက်ကနေပြီး လှူဖွယ်ဝတ္ထုကပ်တယ်။

“တော်တော်နဲ့ ဘုန်းကြီးအလှည့်မကျဘူး။ မဏ္ဍပ်အထွက် မှာလည်း လူတွေက ရုတ်ရုတ်ရုတ်ရုတ်နဲ့။ မဏ္ဍပ်ထဲကပရိသတ်တွေ ကလည်း ဘုန်းကြီးတွေ တစ်ပါးပြီးတစ်ပါး ဆင်းကြွနေချိန်မှာ စိတ်တွေလွတ်လပ်သွားပြီး ဒူးထောင်ပေါင်ကားနဲ့ ဟိုကြည့်ဒီကြည့် ကြည့်တဲ့လူတွေကကြည့်၊ လူတော်တော်များများက ဆေးလိပ်ကြီး တွေတငေါငေါနဲ့ မီးခိုးတလူလူထအောင် အားရပါးရ သောက်နေ ကြတယ်။

“အသံချဲ့စက်ကနေ ဘယ်ဆရာတော် ကြွပါဘုရား၊ ဘယ် ဆရာတော်ကြွပါဘုရား၊ ဆက်ပြီးပင့်နေတယ်။ ဘုန်းကြီးအလှည့်က နောက်ဆုံးလောက်အထိဖြစ်နေတယ်။ ‘တောရကျောင်းဆရာတော် ကြွပါဘုရား’လို့ အသံချဲ့စက်ကလည်းပင့်ရော စောစောက ကိုးယိုး ကားယားနဲ့ ဆေးလိပ်သောက်နေတဲ့လူတွေအားလုံး ဆေးလိပ်ကိုယ်

http://www.dhammadownload.com



စီချပြီး လက်အုပ်ချီနေကြတယ်။ သံဃာစင်ပေါ်က ဆင်းတယ်ဆို ရင်ပဲ သူ့ထက်ငါ တဘက်တွေတောက်လျှောက်ခင်း၊ အားလုံး ကုန်းပြီး ဝတ်ချကြသကွ။

ဒါကို ဘုန်းကြီးက သာယာလို့ပြောတာမဟုတ်ဘူး။ မေတ္တာ များ အလွန်စူးရှတဲ့အကြောင်းပြောချင်လို့။ ဘုန်းကြီးကြွဖို့အလှည့် က တော်တော်နဲ့မကျတော့ 'အလကားနေ အလကားပဲ၊ ဒီလူတွေ ဟာ တစ်သက်မှတစ်ခါတွေ့ရမယ့်သူတွေလဲ ဖြစ်ချင်ဖြစ်မယ်၊ ဒီ တော့ ချမ်းသာကြပါစေ"ဆိုပြီး မေတ္တာပို့နေလိုက်တယ်။

ဟိုရွာကြီးထဲက အလှူတစ်ခုမှလည်း အဲသလိုပဲ။ သိသာ လောက်အောင် ထူးခြားတယ်။ ကျန်တဲ့ကိုယ်တော်တွေများမြင်ရင် ခံချင်မှာတောင်မဟုတ်ဘူး။ ကား၊ ရထား စသည့် ခရီးသွားတဲ့အခါ မှာလည်း ပိုပြီး မေတ္တာပွားလို့ကောင်းတယ်။ ဒီခရီးသည်တွေဟာ တစ်သက်မှာတစ်ခါပဲ တွေ့ဆုံရမယ့်သူတွေဖြစ်ချင်ဖြစ်မယ်'ဆိုတဲ့ အသိက ပိုပြီးဦးစီးတော့ မေတ္တာပွားလို့ပိုကောင်းတယ်။

တစ်ခါက ကိုယ့်ထက်ကြီးတဲ့ မထေရ်ကြီးတစ်ပါးနှင့်အတူ ကားစီးသွားကြရတယ်။ ဘယ်သူကမှ နေရာဖယ်မပေးကြဘူး။ ဒကာ တစ်ယောက်က နေရာလှူတယ်။ ကိုယ့်ထက်ကြီးတဲ့ဆရာတော်ကြီး ရှိလျက်နဲ့ ဘုန်းကြီးက ထိုင်လို့မတော်ဘူး။ ဒီတော့ ဆရာတော်ကြီး ကို ထိုင်ဖို့လျှောက်ရတယ်။ ဘုန်းကြီးလည်း မကြာခင် နေရာရပါ တယ်။

ဗုဒ္ဓဘာသာနိုင်ငံလည်းဖြစ်၊ တောသူတောင်သားတွေလည်း ဖြစ်ပြီး လူကြီးသူမ၊ ရဟန်းသံဃာ မလေးစားတဲ့လူတွေလည်း အများ သား။ လိုရင်းက ခရီးသွားရင်လည်း မေတ္တာမမေ့ဖို့ ပြောချင်တာ ပါပဲ။"

http://www.dhammadownload.com



လူတစ်ဖက်သား ကောင်းစားချမ်းသာစေလိုသောစိတ်၊ ကိုယ်ချင်းစာနာစိတ်ကလေးဖြစ်ပွားအောင် လေ့ကျင့်ရသောအလုပ်သည် ဘာမျှခဲယဉ်းပင်ပန်းသောအလုပ် မဟုတ်ချေ။

အောင်မြင်အောင် လေ့ကျင့်ယူနိုင်ပါလျှင် သတ္တလောကကြီးအတွက် အလွန်ကျေးဇူးများလှ၏။ အိမ်တွင်းပြဿနာမှအစ အရာရာ ချောမွေ့စေ၏။ လူအများစုနှင့်ဆက်ဆံရသောသူများအတွက် ပို၍အသုံးဝင်လှသည်။

(၄)

"ကရုဏာကတော့ ဒုက္ခိတသတ္တဝါတွေ ကြုံတွေ့ရတဲ့အခါ သာပြီးပွားလို့ကောင်းတယ်။

ဘုန်းကြီးလက်တွေ့ပြောရရင် ငါးနှစ်လောက်ရှိရောပေါ့ကွာ။ တောကျောင်းဒကာ ကိုဖိုးအောင်ရဲ့သား တင်ဝင်း ဘာရောဂါလည်း မသိပါဘူး။ တီဘီဆိုထင်ပါရဲ့။ ဘုတလင်ဆေးရုံတက်ရတယ်။ တော်တော်ကြာတော့ ဆေးရုံကဆရာဝန်က 'ဒီလူနာတော့ မရတော့ဘူး။ အိမ်ပြန်ယူကြ'ဆိုလို့ လှည်းနဲ့တိုက်လာကြတယ်။

အိမ်ရောက်တော့ ဘာတတ်နိုင်မှာလဲ။ ဒီလိုပဲ ဝိုင်းကြည့်နေရတာပေါ့။ ဒီအချိန်မှာ ကိုဖိုးအောင်ရဟာန်း ဦးဇာဂရလည်း အောက်ပြည်ကရောက်လာတယ်။ သူက မြန်မာဆေးဝါး တော်တော်နားလည်တယ်။ သူလည်း လူနာကြည့်မေးစမ်းပြီး ကျောင်းရောက်လာလို့ -

'ဦးဇာဂရ၊ လူနာအခြေအနေ ဘယ့်နှယ်လဲ' လို့ မေးတော့

'လူနာကတော့ ဆရာဝန်ကတောင် လက်လွှတ်လိုက်ပြီပဲဟာ၊ သူ့လက္ခဏာကြည့်ရတာလဲ သေဖို့များပါတယ်။ သေမှာပါပဲ' ဆိုတော့ ဘုန်းကြီးစိတ်ထဲမှာ တော်တော်စိတ်မချမ်းသာသွားဘူး။

http://www.dhammadownload.com



ဒါနဲ့ ဘုန်းကြီးက လူနာကို လူနာနေတဲ့နေရာကိုမှန်းပြီး ကရုဏာပွားတယ်။ စူးစူးစိုက်စိုက်ပွားတယ်။ ဘုန်းကြီးပွားပုံက ဒီလို-

၁။ 'ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော = ဆင်းရဲဒုက္ခက
လွတ်ကင်းကြပါစေ'

၂။ 'ဘယပ္ပတ္တာ စ နိဗ္ဘယာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော = ဘေးရန်တွေ့နေတဲ့
သတ္တဝါတွေအားလုံး ဘေးရန်ကင်းကြပါစေ'

၃။ 'သောကပ္ပတ္တာ စ နိသောကာ။
ဟောန္တု သဗ္ဗေပိ ပါဏိနော = စိုးရိမ်ကြောင့်ကြ၊
ပူပန်သောကရောက်နေတဲ့ သတ္တဝါတွေအားလုံး
စိုးရိမ်ကြောင့်ကြ ပူပန်သောက ငြိမ်းကြပါစေ'

မောင်တင်ဝင်းမိဘတွေကစပြီးတော့လည်း ခြေမကိုင်မိ၊ လက်မကိုင်မိ စိုးရိမ်ပူပန်နေကြရှာမယ်။ ဘုန်းကြီးက မြန်မာလို မဆိုတော့ဘူး။ ပါဠိလိုပဲ တစ်လုံးချင်းဆွဲပြီး အနက်အဓိပ္ပာယ်ပေါ် အောင် ဖြည်းဖြည်းကလေး၊ တိုးတိုးကလေး ရွတ်ဆိုပွားများတယ်။ စုစုပေါင်း ၇-ကြိမ်ပွားများတော့ လူမမာပုံသဏ္ဌာန် မျက်စိထဲမှာ ကွင်းကွင်းကွက်ကွက်ပေါ်လာတယ်။ ကရုဏာအာရုံအဖြစ် ပေါ် လာတယ်။

ပွားရင်းပွားရင်းနဲ့ အာရုံထဲမှာ လူမမာဟာ ခြင်ထောင်ကိုဖွင့် ပြီး အိမ်တံခါးပေါက်အထိ ထလာတာကို တွေ့ရတာပဲ။ ဒါနဲ့ နောက် တစ်ရက်ရောက်တော့ -

http://www.dhammadownload.com



'ဦးဇာဂရ၊ ကိုယ်တော့်လူနာ မသေပါဘူး။ စိတ်သာချပြီး ပရိတ်ကိုသာ အနားကရွတ်ပေးပါ' လို့ ဘုန်းကြီးက ရဲရဲပဲပြော လိုက်တယ်။ တကယ်ပဲ မောင်တင်ဝင်းဟာ အံ့ဩလောက်အောင် နေကောင်းသွားတယ်။

နောက်တစ်ယောက်ကတော့ ဘုန်းကြီးတူမ သိန်းကြွယ်။ သူ ကတော့ ဆေးရုံမတက်ရပါဘူး။ အိမ်မှာပဲ ဆရာဝန်နဲ့ ဆေးထိုးနေ ရတယ်။ ရောဂါက သိပ်မသက်သာဘူးလို့ပဲ သိရတယ်။ ဒါနဲ့ ခုနက ပြောတဲ့အတိုင်း ကရုဏာပွားပို့တာပေါ့။

တစ်ရက်နှစ်ရက်လောက်ဆိုရင်ပဲ စိုးရိမ်ရတဲ့အခြေအနေက တော့ လွတ်လာတယ်။ ဒါပေမယ့် မသက်သာလှသေးဘူး။ မောင် ချစ်ဖေတို့၊ မအေးရှင်တို့ မိဘတွေကတော့ ပူကြတာပေါ့လေ။ မအေးရှင် ကျောင်းလာတော့ -

'နင့်သမီးမသေဘူး စိတ်ချ၊ နင်လည်း လူနာကိုအာရုံပြုပြီး မေတ္တာပို့၊ တရားကို ခါတိုင်းထက်တိုးပြီးရှုမှတ်၊ မသေစေရဘူး။ ငါ တာဝန်ယူတယ်' လို့ ပြောလိုက်တယ်။

ဘုန်းကြီးအာရုံထဲမှာက တစ်ရက်နှစ်ရက်လောက်ရှိတော့ လူနာက ခြင်ထောင်ထဲမှာ ငုတ်တုတ်ထထိုင်တယ်။ ခြင်ထောင်ကိုပါ မ,တင်ပြီး ထွက်ထိုင်နေတယ်။ အာရုံထဲမှာ အဲသလို မလှုပ်ရှားဘူး ဆိုရင် အဲဒီလူနာ မရဘူးကွ။ ဘုန်းကြီးအတွေ့အကြုံမနည်းတော့ ဘူး။

နောက်တစ်ယောက်က ရေကန်စုက ခင်မောင်ကြီး။ ဆေးရုံ လည်း အခေါက်ခေါက်ရှိနေပြီ။ သင်းရဲရတဲ့ကြားထဲ ပိုက်ဆံကကုန်၊ လူက မသက်သာ၊ ဆရာဝန်က အရိုးတီဘီလို့ ယူဆပုံပေါ်ပါတယ်။ ဒီရောဂါမျိုးက ကုရပိုခက်သတဲ့။

http://www.dhammadownload.com



မေးလိုက်တိုင်း ကြားရတဲ့သတင်းက မကောင်းဘူး။ ရက်တွေလတွေလည်း ကြာလှပြီ။ အိပ်ရာထဲမှာပဲနေရသတဲ့။ ဒါနဲ့ ဘုန်းကြီးကြိုးစားပြီး ကရုဏာပွားပါတယ်။ ၂-ရက်၊ ၃-ရက်၊ ၄-ရက်၊ ၅-ရက် . . .။ အာရုံထဲမှာ 'အင်း . . . ဒီကောင်တော့ မလွယ်ဘူးထင်တယ်'။ ဒါပေမယ့် မလျှော့ဘူး၊ ၇-ခေါက်နှင့်မရ ၃၇-ခေါက်၊ တစ်နေ့ (၂)ကြိမ် (၃)ကြိမ် သတိရတိုင်းပို့တာ တစ်ပတ်လောက်ရှိလို့မေးကြည့်တော့ လူနာ စားနိုင်သောက်နိုင်လာပြီ၊ ထိုင်တောင်ထိုင်နိုင်ပြီလို့ပြောတယ်။

ဘုန်းကြီးလည်း တော်တော်အားတက်လာတယ်။ ဒါနဲ့ကရုဏာဆက်ပွား။ ရက်တော်တော်ကလေးကြာတော့ လူအတွဲနဲ့တောင်ဝှေးနှင့်တော့ နည်းနည်းသွားနိုင်ပြီလို့ဆိုတယ်။ ဒီကောင်မှာနည်းနည်းခက်တယ်။ အာရုံထဲမှာ အပေါ်ပိုင်းကပဲ သွက်သွက်လက်လက် လှုပ်ရှားနိုင်တယ်။ အောက်ပိုင်းက တုံ့နှေးနှေးကြီးဖြစ်နေတယ်။ အာရုံထဲမှာလည်း ဝါးနေတယ်။ ပုံက မပီပြင်လှဘူး။

အဲ . . . ခုဆို တစ်နှစ်လောက်ရှိပြီ နေကောင်းလာတာ။ ဒါတောင်မှ အောက်ပိုင်းက သွားတာလာတာ ဆာတာတာ၊ ဆတ်တတ်တတ်၊ ချည့်နဲ့နဲ့ရှိနေတုန်းပဲ။ သတ္တဝါရဲ့ကံတွေကလည်း ရှိဦးမှာပေါ့လေ။"

(၅)

အဆိုပါဖြစ်ရပ်များကိုကြည့်ပါလျှင် တရားရှိသော သူတော်ကောင်းများကို ဖူးတွေ့ရခြင်း၊ ထိုပုဂ္ဂိုလ်တို့နှင့် ရင်းနှီးခွင့်ရခြင်းသည်မည်မျှကျေးဇူးများကြောင်း သိသာစေလှပါ၏။ မိမိက မသိသာသော်လည်း သူတော်ကောင်းတို့ကမူ တွေ့မြင်လိုက်သည်နှင့်

http://www.dhammadownload.com



တစ်ဖက်သားကောင်းကျိုးကို ဆောင်ပြီးဖြစ်နေတတ်သည်။

လူအချို့ကား အထူးသဖြင့် ရဟန်းတော်များနှင့် တွေ့ဆုံကြုံကြိုက်ရမည်ကို ဝန်လေးကာ တတ်နိုင်သမျှ ရှောင်ဖယ်ဖယ်လုပ်နေတတ်၏။ မတတ်သာလှမှ ဦးချကန်တော့လေ့ရှိကြသည်။ ခရီးသွားကြုံကြိုက်ရာတွင်လည်း အရိုအသေပေးခြင်း၊ နေရာပေးလှူခြင်း ပြုလေ့မရှိ။ ပြဆိုခဲ့သည့်အတိုင်း သေဘေးကြီးကိုပင် ကယ်နိုင်သည်ကို မသိရှာကြ။

"သမဏာနဉ္စဒဿနံ-ရဟန်းတော်များအား တွေ့ဆုံဖူးမြင်ခွင့်ရခြင်းသည် ချမ်းသာကြီးပွားကြောင်း မင်္ဂလာတရားကောင်းတစ်ပါးပင်တည်း" ဆိုသည်ကို အလေးအနက် သဘောပေါက်ကြရာသည်။ မင်္ဂလသုတ် အဋ္ဌကထာ၌ "ကမ္ဘာတစ်သိန်း အပါယ်မလားရဘဲ ကြီးကျယ်သော လူနတ်စည်းစိမ်ကို ခံစားရသည်" ဟု ဖွင့်ဆိုထား၏။ အားရဖွယ်ကောင်းလေစွ။ သံဃာတော်ဂုဏ်ကို ထိခိုက်အောင် အာရုံပြုနိုင်ပါလျှင် ဆိုဖွယ်ရာမရှိ။

အင်္ဂုတ္တရပါဠိတော်၌ ရဟန်းတော်တစ်ပါးပါး မိမိတို့နေအိမ်သို့ ကြွလာလျှင်ပင် လာဘ်ကြီးငါးမျိုး ဝင်ခြင်းပင်ဖြစ်ကြောင်း ဟောတော်မူပါသည်။ (ရတနာသုံးပါး ကျေးဇူးစာအုပ်၌ ရေးခဲ့ပြီး။) နိဗ္ဗာန်အထိ ကောင်းကျိုးရှိစေနိုင်ပေသည်။

ရဟန်းသံဃာ၊ အိမ်ကြွလာ၊ ငါးဖြာလာဘ် ကာင်းမှန်။

မြင့်မြတ်အမျိုး၊ နတ်, တန်ခိုး၊ ပွားတိုးဥစ္စာ, ဉာဏ်။

အဆိုပါ တောရဆရာတော်ကြီးက တောသူတောင်သားများနှင့်စပ်၍ အမိန့်ရှိသော ကရုဏာစကားတစ်ခွန်းကိုလည်း ကြားယောင်မိပါသေးသည်။

http://www.dhammadownload.com



“ဘုန်းကြီးက ဒီတောကလူတွေ သနားလွန်းလို့ ကိုယ့်အလုပ် အရေးကြီးတဲ့ကြားက ကြိုးစားပြီး တရားပြပေးနေတာ။ အားထုတ်ချင်တဲ့လူက အတော်ရှားတယ်။ မင်းတို့မြို့များမှာတော့ ရိပ်သာတွေမှာ ကလေးမကလေးတွေကအစ သူ့ထက်ငါ တရားမှတ်နေလိုက်ကြတာ။ အားကျစရာကောင်းလိုက်တာ။

“သေသေချာချာစဉ်းစားကြည့်တော့ ကံတွေက တယ်ပြီး အောက်တန်းကျတာကလား။ မြို့သူမြို့သားတွေမတော့ ကံကောင်းလို့ကို ပင္စသန္ဓေက မြို့ကိုပို့လိုက်တာပဲ။ အသီးအနှံပေါ်ဦးပေါ်စ စိုက်ပျိုးတဲ့လူက မစားရက်သေးဘူး။ ဈေးကောင်းကောင်းရအောင် မြို့ကိုတင်ပို့ကြရတယ်မဟုတ်လား။ ထို့အတူပဲ ပုဂ္ဂိုလ်မြတ်ကြီးတွေ ဘယ်လောက်ဝေးတဲ့ တောထဲတောင်ထဲနေနေ၊ ဟော မကြာဘူး။ မြို့ကြီးပြကြီးတွေကြွပြီး တစ်နည်းနည်းနဲ့ အပူဇော်ခံ တရားဟော ရောက်ကြတာချည်းပဲ။ ကံတွေ ကံတွေ တို့တောကလူတွေ ဒါတွေ သိပြီး ဆင်းရဲတဲ့ဘဝ ကုသိုလ်ပိုလုပ်ရမှာ၊ ခုတော့ ဒီလိုမဟုတ်ဘူး။ သနားစရာကောင်းလိုက်တာ။

“မြို့မှာလဲ စီးပွားရေး၊ အာဏာရေးဇောကပ်ပြီး ဘုရားပွင့်တာတောင် မသိလိုက်တဲ့လူမျိုးလည်း အနည်းအကျဉ်းရှိမှာပေါ့လေ။ တချို့ကလည်း လောကွတ်ပျူငှာ စားပွဲသောက်ပွဲ ထိုးပေးတဲ့ဘုန်းကြီးမျိုးမှ ဝင်ထွက်သွားလာ ကြည်ညိုတတ်ကြတာလဲရှိမှာပေါ့။

“ငယ်ဆရာဘုန်းကြီးကပြောဖူးတယ်။ သနားစရာကောင်းတဲ့ လူဟာ အမြင်ကတ်စရာ ကောင်းသတဲ့။ ကြပ်ကြပ်သနားစရာကောင်းလေ၊ ကြပ်ကြပ်အမြင်ကတ်စရာကောင်းလေပဲတဲ့။ တယ်ဟုတ်တဲ့စကား။”

http://www.dhammadownload.com



တောရဆရာတော်ကြီး၏ ကိုယ်တွေ့မေတ္တာ ကရုဏာစကားတို့မှာလည်း သတိချပ်စရာပင်။ လောကကြီးကိုအလှဆင်ရန်၊ ကယ်တင်ရန် မိမိတို့ကိုယ်တိုင် သူတော်ကောင်းတို့၏မေတ္တာကို ခံယူနိုင်သူဖြစ်အောင်ကား ကြိုးစားကြရာ၏။

ထို့ထက် တောရဆရာတော်ကြီး၏ဘဝ (တစ်စိတ်တစ်ဒေသ) ကိုကြည့်ပါလျှင်လည်း သူတော်ကောင်းတို့နှင့် ရန်သူမဖြစ်ကြရအောင်ကား ကြပ်ကြပ်ကြီး သတိထားသင့်ကြောင်း သင်ခန်းစာတစ်ခု ရလာပြန်၏။

သူတော်ကောင်းတို့နှင့်စပ်လာလျှင် (ပြဆိုခဲ့သည့်အတိုင်း) ကောင်းကျိုးချမ်းသာရကြသည်မှာ သိသာထင်ရှားသည်ကို ထောက်ရှု၍ မထီမဲ့မြင်ပြုသူများအဖို့ ပစ္စက္ခဘဝမှာပင် မကောင်းကျိုး (ဒဏ် ၁၀-ပါး) ခံကြရမည်ကို ခန့်မှန်းသိသာလှပေသည်။ တစ်သံသရာလုံး ငြိမ်းသတ်၍မရအောင် အလျှုံခံမီး (ဒက္ခိဏေယျဂ္ဂိ) လောင်သည်ဟု ဟောတော်မူထား၏။ ပစ္စက္ခ ယခုဘဝမှာပင် မျက်မြင်ဒိဋ္ဌ မီးလောင်ခံရသော သာဓကဖြစ်ရပ်တို့ကား အချိန်အခါက ခွင့်မပြုသဖြင့် လျှစ်လျူရှုထားရပါသေးသည်။

* * *

အချိန်ကာလကား နှစ် ၃၀-လောက် ကြာခဲ့ပြီ။ ပရိသတ်တပည့်လက်သား ၁၀၀-ခန့်ရှိသော အမေရိကန်သာသနာပြုပုဂ္ဂိုလ်မျိုးကိုပင် မွေးထုတ်ပေးခဲ့သော ကျေးလက်တောရွာ စာသင်တိုက်ကြီးတစ်ခုမှ ကျောင်းထိုင်စာချဘုန်းကြီးတစ်ပါး၊ သက်တော် ၅၀-ခန့်။

http://www.dhammadownload.com



စာသင်သားဘဝကပင် နေ့စာသင်၊ ညရိပ်သာသွား၊ တရားနည်းခံ၊ တောထွက်ရန်သာ အခွင့်ချောင်းလျက်နေခဲ့၏။ သို့သော်သီးသန့်တရားအားထုတ်ရန် ခွင့်တောင်းသည်ကိုပင် ငယ်ဆရာတော်ကား ခွင့်မပြု။ စာချရင်းသာ ရသလောက်ရှုမှတ်နေရသည်။ ယခုမူငယ်ဆရာပျံတော်မူ၍ ကျောင်းထိုင်စာချ နာယကဆရာတော်ပင်ဖြစ်လာ၏။ ဘုန်းကြီး "ကျောင်းထောင်ကျ" ခြင်းပင်တည်း။

ကျောင်းထောင်ကျရာ၌လည်း အေးအေးလူလူမဟုတ်၊ အပြိုင်အဆိုင်များရှိလာ၏။ ယခင်ဆရာတော်၏ တပည့်ကြီးများနှင့် ဒကာအများစုက ဖွတ်ကျောင်းအပ်ကြသည်။ လိုချင်သူက မရ။ မလိုချင်သူမှ ရ။ မငြင်းသာ၍ လက်ခံလိုက်ရသည်။ သို့သော် အတိုက်အခံတို့ကား မကျေနပ်၊ နည်းမျိုးစုံဖြင့် ဆန့်ကျင်ကြ၏။ "နည်းမျိုးစုံ" ဆိုရာ၌ သူ့ဘက်ကိုယ့်ဘက် မမြင်ရသော အကူအပံ့များ ရယူလာကြသည်။

ကောသမ္ဗီပြည် အရေးအခင်းမှာ မြတ်စွာဘုရားဟောတော်မူသကဲ့သို့ ဘုန်းကြီးကွဲလျှင် လူတွေပါကွဲ၏။ လူတွေကွဲလျှင် နတ်တွေ ဗြဟ္မာတွေပါ ကွဲကြရ၏။ တစ်လောကလုံး ဥဿျှစ်သီးနှစ်လုံးထုတ်သလို အကုသိုလ်တက်ကြရရှာလေတော့သည်။

"မမြင်ရသော အကူအပံ့များ" ဆိုရာ၌ လူများစုယုံကြည်အောင် ရေးပြလို့မရ။ အမြွက်မျှဆိုရသော် ကျောင်းထိုင်ဘုန်းကြီးသစ်ဘက်၌ "သာသနာပြုသည်" ဆိုသော မမြင်ရသော "အထက်ဆရာကြီးများ" ဝိဇ္ဇာတန်ခိုးနှင့် ကန်တော့ပွဲအထိုးခိုင်းကာ ရောက်လာကြသည်။ စုန်းပူး၊ နတ်ပူး၊ ဥစ္စာရှူး၊ လင်တရူး အထူးအဆန်းရောဂါသည်များ တဖွဲဖွဲရောက်လာကာ ကန်တော့ပွဲရှေ့ရောက်လျှင်

http://www.dhammadownload.com



"ပျောက်စေ"ဆိုရုံနှင့် ပျောက်ရ၏။ "အာဂ ငါ" ဟု အထင်ရောက်စေကြတော့သည်။ သူတို့ လာရောက်သာသနာပြုသည့်အချိန်မှစ၍ ဒုက္ခိတသတ္တဝါတွေကို ကယ်တင်နေရသဖြင့် သိသိသာသာ စာသင်စာချပျက်ရလေတော့၏။

အခြားတစ်ဖက်၌ကား ဂန္ထဝင္ထနတ်အနွယ် မဖွယ်မရာ ယုတ်ညံ့သည့် လောကီအတတ်များ အလွယ်တကူရကာ အင်း၊ ဆေး၊ မန္တာန်၊ အန္တရာယ်အမျိုးမျိုး၊ မကြားဖူးသောရောဂါမျိုးစုံ၊ ခြောက်လှန့်ခြင်းမျိုးစုံ၊ ကာမဂုဏ်လက်နက်ပါမကျန် "မြေလှန်တိုက်ပွဲ" ဆင်ကြ၏။ တိုတိုပြောရလျှင် အိမ်ကြက်ချင်း အိုးမဲသုတ်အခွပ်ခိုင်းကာ ငရဲကြီးကြရရှာ၏။

မာရ်နတ်ကြီး လက်ခမောင်းခတ်ခြင်းပင်တည်း။ သာသနာတော်၌ ဒီအန္တရာယ်ကြီးရှိနေသည်ကို လူသာမန်၊ ရဟန်းသာမန်တို့ သိမြင်ရန်၊ သိသည့်အတိုင်း ရှောင်နိုင်ရန် ခက်ခဲလှပါ၏။ "ငါ ပါရမီရှိ၍ သတ္တဝါတွေကို ကယ်နေရသည်" ဟု ထင်နေတတ်သည်။

ကျောင်းထိုင်ဘုန်းကြီးသစ်ကား တောထွက်ခွင့်ရဖို့နေနေသာသာ မဆုတ်သာမတိုးသာ၊ ပုံမှန်အခြေအနေကျအောင် မေတ္တာဖြင့်သာ ဆိုင်းငံ့ရလေ၏။ စာချရုံမှူးမက အဟောအပြောပါ အရည်အချင်းပြည့်ဝသော ဓမ္မာစရိယ စာချလက်ထောက်တစ်ပါးရှိ၍ တော်ပေသေးသည်။ အတန်အသင့် အခြေအနေကောင်းစ, ပြုလာလျှင်ပင် အရှိန်အဝါဖြင့် ပရိသတ်ကိုထိန်းသိမ်းရင်း ဧက ၂၀-ကျော်ရှိ ကျောင်းဝင်းကြီးတစ်နေရာရှိ ချောင်ကျသောကျောင်းကလေးတစ်ခု၌ တရားအာရုံဖြင့်နေ၏။ ပရိသတ်နှင့်နေရမည်ကို ငယ်စဉ်ကပင် မလိုလားချေ။

http://www.dhammadownload.com



"ဥပုသ်စောင့် သူကျောင်းရောက်လို့ သူ့ကိုတွေ့ချင်ရင် တခြားကိုရင် ကျောင်းသားတွေ စုစုရှိတဲ့အထဲမှာ သွားမရှာနဲ့။ မတွေ့ ရဘူး။ ကျောင်းဝင်းအရှေ့တောင်ဘက်က ဥန္နပင်တောထဲမှာသွား ရှာမှတွေ့တာ။ ကိုရင်ကတည်းက သူ့ဝါသနာက တစ်မျိုး" ဟု မယ်တော်ကြီးက ပြောပြလေ့ရှိသည်။

"သူ့တစ်ဖက်သားအပေါ် ငဲ့ညှာတဲ့နေရာမှာလည်း ရှားပါရဲ့ တော်။ ဒီဘုန်းကြီး ၇-နှစ် ၈-နှစ် ကလေးအရွယ်က လူကြီးတွေ နှမ်းရိတ်သွားတဲ့တောထဲ လိုက်လာတယ်။ နေကလည်းသိပ်ပူ၊ သောက်ရေကလည်းနည်းနေလို့ နှမ်းရိတ် "တောက်" (အဖွဲ့ဝင်) တွေမကြားအောင် သူကြီးတော်က "ဟဲ့ကောင်လေး သွား၊ သစ်ပင် အောက်ကရေဘူးထဲမှာ သွား ရေသောက်ချေ။ ရေကရှိတော့တာ မဟုတ်ဘူး။ တော်ကြာ ရေငတ်နေဦးမယ်" ပြောပြီးလွှတ်လိုက် တော့ ရေရှိရာသစ်ပင်ဆီသွားပြီး ချက်ချင်းပြန်လာတယ်။ ရေ သောက်ခဲ့ရပြီလားမေးတော့ သူက ဘာပြောတယ်မှတ်လဲ။ "အကြီး ရေက တစ်ယောက်စာပဲရှိတော့တယ်။ ကျွန်တော်သောက်လိုက်ရင် နှမ်းရိတ်သူမတွေ မသောက်ရတော့ဘဲနေမှာပေါ့"လို့ ပြောသတဲ့။ ဒီတော့ သူကြီးကြီးလည်း ဘာမှပြန်မပြောတတ်တော့ဘဲ မောမော နှင့် ဆဲလွှတ်လိုက်သတဲ့။"

အတွင်းသိ ကြီးတော်တစ်ဦးက ဘုန်းကြီးငယ်ငယ်က ရှေး ဟောင်းနှောင်းဖြစ်များကို ပြောပြလို့မပြီးခဲ့ချေ။

ငယ်စဉ်ကပင် ဧကစာဝါသနာကြီးလျက် သူတစ်ဖက်သား အပေါ် ငဲ့ညှာမှုမှာ အရွယ်နှင့်မလိုက်အောင် ရှိခဲ့သည်။ ထိုသို့

http://www.dhammadownload.com



ကျောင်းကလေး၌ တစ်ပါးတည်းနေစဉ် ကိုယ်တိုင် ပတ္တပိုဏ်ဆွမ်းခံဘုဉ်းပေးသည်။

ရှေ့ပိုင်းကာလတွင် ဆွမ်းဝတ်ခွက်များယူဆောင်၍ ၃-မိုင် ၄-မိုင် ဝေးသောရွာများကို အလှည့်ကျဆွမ်းခံလျက် ဦးစွာရသော ခဲဖွယ်ဘောဇဉ်များကို ထိုပတ်ဝန်းကျင်ရှိ ထေရ်ကြီးဝါကြီး သံဃာတော်ကြီးများအား အလှည့်ကျလှူ၏။ ပြီးမှ တစ်ပါးစာ ထပ်မံဆွမ်းခံ၍ ပတ္တပိုဏ်ဘုဉ်းပေးသည်။

တစ်ခုသောနေ့ ကျောင်းထိုင်စာချဘုန်းတော်ကြီးသည် ဆွမ်းခံရာမှအပြန် ထုံးစံအတိုင်း ခြေဆေး၊ သက်န်းလဲလှယ်ပြီး သပိတ်လိုက် ဘုရားဆွမ်းတော်ကပ်၏။ ကပ်ရိုးကပ်စဉ်မဟုတ်။ အထူးအချိန်ယူ အာရုံပြုလျက်ကပ်သည်။ ပြီးလျှင် ရေမိုးချိုး ဆွမ်းဘုဉ်းပေးရန်ပြင်ဆင်၏။ ပြင်ဆင်သည်ဆိုသော်လည်း အထူးမဟုတ်။ "နေရာထိုင်"တစ်ခုခင်း၊ စားပွဲတစ်လုံး ရှေ့ကချ၊ ရေတစ်ခွက်တည်၊ ဆွမ်းတော်တင်သပိတ်ကောက်ယူပြီး စားပွဲပေါ်တင်လိုက်သည်။

ဆွမ်းဘုဉ်းမပေးမီ စားပွဲပေါ်၌ သပိတ်ကို အဖုံးဖွင့်တင်ထားပြီး နာရီဝက်နီးပါး မေတ္တာဘာဝနာပွားပြီးမှ စားလေ့ရှိ၏။ အထူးသဖြင့် ဆွမ်းခံလမ်းတစ်လျှောက်ရှိ ဒကာ၊ ဒကာမများအား ထပ်မံမေတ္တာပွားပို့သည်။ တောရမဝင်ခင် ကြိုတင်လေ့ကျင့်ခြင်းပင်ဖြစ်၏။

မေတ္တာသီးသန့်ပွားပြီး ရှုမှတ်မှုနှင့်ပင် ဆွမ်းတစ်လုတ်ကို ဆုပ်ယူဘုဉ်းပေးလိုက်၏။ ဘုန်းတော်ကြီး၏ ရှည်လျားဖြူသွယ်သော လက်ချောင်းများက လူသာမန်တို့ နှစ်လုတ်စာလောက်ပါရှိသည်။ ဆွမ်းလုတ် ဝါးချေမျိုချလိုက်သည်နှင့် လည်ချောင်းမှစ၍ အစာသွားလမ်းတစ်လျှောက် ပူလောင်သွား၏။ ရေတစ်ကျိုက် ကောက်ယူ

http://www.dhammadownload.com



သောက်လိုက်သည်။ တိုး၍သာပူ၏။ ဆွမ်းခံခရီးကလည်းပင်ပန်း၊ ဆာကလည်းဆာ၊ ထပ်၍ တစ်လုတ်ဘုဉ်းပေးလိုက်မိပြန်သည်။

ချွေးသီးချွေးပေါက်များပင် ကျလာ၏။ သပိတ်ကိုပြန်ပိတ်၊ ခံတွင်း လက်များဆေးကြောပြီး အိပ်ရာထဲတွင် သတိဖြင့်လှဲနေလိုက်သည်။ အနီးရှိ သုံးနေကျဗမာဆေးများကို ကောက်ယူစားကြည့်၏။ ဝမ်းဗိုက်ထဲတွင် တလိပ်လိပ်တက်ကာ ပြင်းစွာလောင်မြိုက်နေမှုကား မထူးခြား။

ထိုအခါ ဆွမ်းထဲတွင် ပိုးသတ်ဆေးလောင်းထည့်လေသလားဟု သံသယဖြစ်လာ၏။ စာချဘုန်းတော်ကြီးအား အသိပေးလျက် ကန်ဇွန်းရွက်နှင့်ထန်းလျက် အကျိုးခိုင်းစေကာ မေတ္တာဘာဝနာကိုသာ ပွားလျက်နေတော့၏။ မေတ္တာမှတစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။ တပည့်များကား စိုးရိမ်ပူပန်နေကြပြီ။

အတန်ကြာလျှင် သာမဏေငယ်ကပ်လာသော ကန်ဇွန်းရွက်ပြုတ်ရည်ကို ဘုဉ်းပေး၏။ (အောက်ပြည်အောက်ရွာကဲ့သို့ ကန်ဇွန်းရွက်ပင် သန်သန်မာမာ မရရှိ။) ပြီးလျှင် အိပ်ရာ၌ တုံးလုံးလှဲကာ ဝမ်းထဲမှ ပြင်းစွာပူလောင်ခြင်းကို မေတ္တာပွားလိုက်၊ ရှုမှတ်လိုက်နှင့် အတန်ငယ်သက်သာရရလာ၏။ နာရီပိုင်းအတွင်း သွားနိုင်လျှောက်နိုင်ဖြစ်လာ၏။ ဝမ်းထဲကပူလောင်သည်မှာ နောက်တစ်ရက်ဆွမ်းစားချိန်အထိ ၂၄-နာရီပင်ကြာသည်။ မေတ္တာဘာဝနာသာမကယ်ခဲ့လျှင် ထိုနေ့ကပင် ပျံလွန်နိုင်လေသည်။

မျက်မြင်ကိုယ်တွေ့ သိရှိကြသူ တပည့်ဒကာများအားလုံး စိတ်မောကိုယ်မောဖြစ်ခဲ့ရသော ထိုကိစ္စအတွက် ဘုန်းတော်ကြီးပြောသောစကားမှာ နှစ်ခွန်းတည်းသာဖြစ်၏။

http://www.dhammadownload.com



"ဟိုလူ့ဥပဒ်၊ ဒီလူ့ဥပဒ်၊ ထပ်ပြီးငရဲမကြီးကြစေနှင့်ကွာ။ သတ္တဝါတွေဟာ အလွန်သနားစရာကောင်းပါတယ်။ အင်း . . . ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ . . . ချမ်းသာကြပါစေ"

ဓမ္မာစရိယဦးဌေးလှိုင်

* * *

http://www.dhammadownload.com



၁၃၅၅-ခု၊ နတ်တော်လဆန်း (၂)ရက် ( ၁၅-၁၂-၁၉၉၃ )နေ့

ပြည်ထောင်စုမြန်မာနိုင်ငံတော် န•ဝ•တ အဖွဲ့မှ
ဆက်ကပ်လှူဒါန်းသော
(၁) မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ် (၁)
(၂) မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ် (၂)
ဘွဲ့ခံဆရာတော် (၃)ပါးတို့အား ဘုတလင်မြို့နယ်
မ•ဝ•တ၊ ကျေးရွာ ရ•ဝ•တ အဖွဲ့ဦးဆောင်၍
မောင်းထောင် ယွန်းဆက်တိုက်၌ ဂုဏာပူဇာမင်္ဂလာသဘင်
ဆင်ယင်ကျင်းပရာတွင်

## မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ
## မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး
## ၏
# ဩဝါဒမိန့်ခွန်းတော်

ဗိနေသာသနံ စိရံ တိဋ္ဌတု။

ယနေ့ ၁၃၅၅-ခု၊ နတ်တော်လဆန်း ၂-ရက်နေ့ ဂုဏာပူဇာ မင်္ဂလာသဘင် ဆင်ယင်ကျင်းပသော ပူဇော်ပွဲကြီးသည် ဘုရား-တရား-သံဃာ ဆရာသမားတို့အား အလေးအမြတ်ပြုပြီး ပြုလုပ်ပူဇော်သည့် မင်္ဂလာသဘင်ပွဲကြီးဖြစ်ပါပေသည်။

http://www.dhammadownload.com



ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကဦးဆောင်၍ ၁၃၅၄-ခု၊ တပေါင်းလပြည့်နေ့က ဥပါသကာ ဥပါသိကာမအပေါင်းတို့နှင့်တကွ သောင်းသောင်းဖြဖြ လူသာစုခေါ်၊ နတ်သာစုခေါ်ဖြစ်အောင် ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပူဇော်ပွဲကြီးကို ကျင်းပပြုလုပ်ခဲ့ပေပြီ။

ယခုတစ်ဖန် ဘုတလင်မြို့မှ လူကြီးမင်းများနှင့် သက်ဆိုင်ရာနယ်သူနယ်သား ဥပါသကာ ဥပါသိကာမအပေါင်းတို့က ထပ်မံ၍ ဂုဏပူဇာမင်္ဂလာသဘင် ဆင်ယင်ပြုလုပ်ကြသည်မှာ သာသနာနှင့်စပ်၍ သာသနာပြုဒကာ ဒကာမများဖြစ်ကြပေသည်။ သာသနာတော်ကြီးကို ငွေကုန်လူပန်းခံ၍ ရှေးကလည်း ပြုစုခဲ့ကြ၊ ယခုလည်း ပြုစုနေကြဆဲဖြစ်သောကြောင့် သာသနာပြုကုသိုလ်များ စင်စစ်ဧကန် အမှန်ပင်ရရှိကြပေပြီ။

ဆရာတော်၊ သံဃာတော်များကလည်း ကိုယ်ပင်ပန်းခံကာ ဤသာသနာကြီးကို ရှေးကလည်း ထမ်းဆောင်တော်မူခဲ့ကြ၊ ယခုလည်း ထမ်းဆောင်တော်မူနေကြဆဲဖြစ်ပါသည်။ ထို့ပြင် သာသနာတော်ကို မညှိုးငယ်ရအောင် ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့၍ နေကြတဲ့ ဒကာ ဒကာမများသည် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့၏ ကျေးဇူးရှင်များဖြစ်ကြပေသည်။ ဘုရားရှင်ကလည်း ကျေးဇူးရှင်များဖြစ်ကြောင်းကို ဣတိဝုတ်ပါဠိတော် ဗဟုပကာရသုတ်၌ -

"ဗဟုပကာရာ ဘိက္ခဝေ ဗြာဟ္မဏာ ဂဟပတိကာ (ပေ) စီဝရ ပဏ္ဍပါတ ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရေဟိ" ဟု ဟောတော်မူခဲ့ပါသည်။

http://www.dhammadownload.com



ထို့ကြောင့် ကျေးဇူးရှင်များအား ကျေးဇူးဆပ်ဖို့ရာ မိမိတို့ တာဝန်ဖြစ်သည့်အလိုက် လိမ္မာယဉ်ကျေးအောင် ဩဝါဒပေးခြင်း ဖြစ်ပါသည်။ မောင်းထောင်သာသနာပိုင်ကြီး ၂-ပါး သာသနာပြု သွားသည့်အတွက် အဆက်ဆက် အဆက်ဆက် သာသနာထွန်း လင်းတောက်ပပုံကို ရှေးဦးစွာပြောပါမည်။ ဒီနေရာမှာ ပထမ မောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီး ရေးသားခဲ့သော စာကလေး ၂-ကြောင်း ၃-ကြောင်းလောက်ကို အသည်းစွဲအောင် မှတ်ထားစေချင်ပါသည်။

"သူတော်ကောင်းပညာရှိတို့ရဲ့ အကြောင်းအရာ၊ ဂုဏ် ကျေးဇူးများကို တစ်ကြိမ်ကြား၍ တစ်ခါလောက်နားထောင် ရရင် တစ်ကြိမ်ကြား၍ တစ်ခါတည်းပင် ပီတိသောမနဿ ဖြစ်၍ နတ်မင်းစည်းစိမ် (၇)ကြိမ်၊ လူမင်းစည်းစိမ် (၇)ကြိမ် တိုင်အောင် ခံစားရကြောင်း"

မောင်းထောင် ပထမသာသနာပိုင်ဆရာတော်ဘုရားကြီး ကား ရဟန်း ၃-ဝါအရ မောင်းထောင်ရွာကြီးမြောက်ဘက် မြကွမ်း တောင်မှာ စာသင်တိုက်တည်၍ စာချနေပါသည်။ ရဟန်း ၆-ဝါ ရသောအခါမှစ၍ နေတ္တိင္ဒီကာသစ်ကျမ်းကြီးနှင့်တကွ ကျမ်းပေါင်း (၁၀၀)ကျော်လောက်ပြုစု၍သွားသည်။ အားလုံး လူ, ရှင် ရဟန်းတို့ ကျန်းမာချမ်းသာစွာ အသက်ရှည်ရှည်နေရရေးအတွက် ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ်ဗေဒင်ပါ မကျန်ရအောင် ပြုစုထားခဲ့ပါသည်။ ဤကဲ့သို့ လောကီလောကုတ် ဘစ်ဘက်ကမ်းခတ် တတ်မြောက် သည့် မောင်းထောင်ဆရာတော် ပေါ်ပေါက်လာသည့်အတွက် ဘိုးတော်ဦးဝိုင်းလည်း ဘုန်းထူးကံထူးပါသော ဘုရင်ဟုခေါ်ဆိုရ

http://www.dhammadownload.com



မည့်အပိုင်းလည်း ပါပေသည်။ ဘိုးတော်ဗဒုံမင်းအမြင်ကား မန်လည်မာဃဒေဝလင်္ကာနှင့်ညီညွတ်ပါပေ၏။ မဃဒေဝလင်္ကာ (၂၀၅)၌ -

"တရားမြင်သိ၊ ပညာရှိနှင့်၊ ကြိုက်ဘိကြုံတွေ့၊ တစ်နေ့တစ်ရက်၊ တစ်နံနက်မျှ၊ ပေါင်းဖက်ရက၊ ဒေါသမစွန်း၊ ကျေးဇူးထွန်း၏၊ ကျယ်ဝန်းသိမြင်၊ ပညာရှင်မှ၊ လူတွင်တစ်ယောက်၊ တစ်,ခေါ်လောက်ရှင့်။"

ဟူသော လင်္ကာနှင့်အညီ သာသနာပိုင်ဆရာတော်ကား (၁၁၁၈) ခုနှစ်တွင် ဖွားမြင်တော်မူ၍ (၁၁၅၀) ပြည့်နှစ်မှာပင် သာသနာပိုင်တင်မြှောက်ချိန်တွင် အသက်တော် ၃၂-နှစ်မျှသာ ရှိသေး၏။ မည်သူတစ်ဦးတစ်ယောက်မျှ မပြုဝံ့သော သစ္စာကြီးကို ရဲရဲတောက် ကြောက်ခမန်း လန့်ခမန်းဖြစ်လောက်အောင် သစ္စာအဓိဋ္ဌာန်ပြုပုံကို နာရီအချိန်ကိုင်၍ အမြွက်မျှ မူရင်းအတိုင်း ကဝိသာရမဥ္ဇူသာကျမ်းမှ ဖော်ပြပါမည်။

ဘိုးတော်လျှောက် - ယခုပင် ဆရာတော်သံဃာတော်တို့ ရှေ့တွင် သာသနာပြု လွှဲအပ်ပါပြီဘုရား။

ထိုအခါ မောင်းထောင်ဆရာတော်သည် ရဟန်းပရိသတ်၊ လူပရိသတ်တို့၏အလယ်မှထ၍ ဒုကုဋ်၊ ကိုယ်ရုံစသော သင်္ကန်းကို ပြင်၍ဝတ်ပြီးလျှင် ဆင်းတုတော်ကို ရှိသေစွာရှိခိုး၍ သစ္စာဆိုသည်မှာ -

"လွှဲအပ်တော်မူသည်မှစ၍ ကိုယ်ကျိုး ကိုယ့်အတွက် ငွေကွက်ထောက်ညှာခြင်းအမှု အဏုမြူမျှမပြု၊ အမှားကိုမလိုက်၊ အသက်ကိုစွန့်၍ အမှန်ကိုကြိုက်မည်၊ အမှားလမ်း၌ပြုချေသော် လားလေရာသံသရာဘဝအဆက်ဆက်တို့၌ ကိုယ်၊

http://www.dhammadownload.com



လက်၊ မျက်စိ၊ နား၊ နှာခေါင်းပျက်၍ နိယတမိစ္ဆာဒိဋ္ဌိမျိုး ချည်းသော ဆက်ခါဆက်ခါဖြစ်ပြီးလျှင် ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့နှင့်လွဲ၍ အပါယ်လေးဘုံချည်းသာ ဖြစ်ပါစေသား"ဟူ၍ သစ္စာကို ဆိုတော်မူ၏။

အသက် ၃၂-နှစ်မျှသာရှိသေးသော မောင်းထောင်ဆရာတော်ကို သာသနာပိုင်တင်မြှောက်လိုက်ရာ အရွယ်အားဖြင့် နုနုနယ်နယ်၊ ငယ်ငယ်ကလေးပင် တစ်သာသနာလုံး၏တာဝန်ကြီးကို ထမ်းဆောင်၍နေရပေသည်။

ထို့ပြင် အလွန့်အလွန်ကြီးလေးသောတာဝန်ကြီးကို မည်သူတစ်ဦးတစ်ယောက်မှ မကြံဝံ့၊ စိတ်မျှမကူးရဲ၊ မကူးဝံ့သော သစ္စာပြုအဓိဋ္ဌာန်ကြီးကိုလည်း ရဲရဲတောက် ပြောင်ပြောင်မြောက်မြောက် သတ္တိဗျတ္တိနှင့်ပြည့်စုံသောအရာ တစ်ခေါ်လောက်သည့် ပြိုင်ဘက်မရှိ တကယ့်အာဇာနည်ပုဂ္ဂိုလ်ထူးကြီးပါပေ။

ဤသို့ အာဇာနည်ပုဂ္ဂိုလ်ထူးကြီးဖြစ်သော ပထမသာသနာပိုင် ဆရာတော်ဘုရားကြီးက မြန်မာနိုင်ငံသာမက သီဟိုဠ်ကျွန်းမှာ အမရပူရဂိုဏ်းဟု တည်ထောင်ထားခဲ့၍ ယနေ့အထိ မောင်းထောင်သာသနာ သီဟိုဠ်မှာလည်း ထွန်းကားဆဲဖြစ်ပေသည်။

ယခုလည်း သာသနာပိုင်ကြီး တည်ထားခဲ့သော ကွမ်းတောင်စေတီတော်ကြီးအနီး မဟာဂန္ဓာဝါစကပဏ္ဍိတဘွဲ့ရ ဦးသာသနက စာသင်တိုက်တည်၍ အမွေဆက်ခံ စောင့်ရှောက်နေဆဲဖြစ်ပါသည်။

* * *

ဆက်လက်ပြီး ဒုတိယသာသနာပိုင် ဆရာတော်ဘုရားကြီး ဦးဥေယျအကြောင်း အနည်းငယ်ပြောပြချင်ပါသေးတယ်။ ဘိုးတော်

http://www.dhammadownload.com



ဦးဝိုင်းလက်ထက်မှစ၍ သီပေါမင်းလက်ထက်အထိ မြန်မာမင်းဆက် ၆-ဆက်ရှိပါသည်။ သာသနာပြု သာသနာပိုင်ဆရာတော်လည်း ၆-ပါးပင် ထွန်းကားခဲ့ပါသည်။ ထို ၆-ပါးထဲမှာ သာသနာပိုင် ဦးဉေယျကား (၁၁၆၁)ခုနှစ်တွင် ဖွားမြင်တော်မူ၍၊ သက္ကရာဇ် (၁၂၀၃) နှစ်၊ သက်တော် (၄၃) နှစ်မှာ သာသနာပိုင်ဖြစ်ပါသည်။ ဤ ပထမ၊ ဒုတိယသာသနာပိုင် ၂-ပါးတို့ကား သက်တော်အရွယ် ငယ်ငယ်ကပင် သာသနာပိုင်ဖြစ်၍ သာသနာပိုင်သက်တမ်းလည်း ရှည်တော်မူကြပါသည်။

အချို့ သာသနာပိုင်ဆရာတော်များသည် သက်တော် (၆၀) ကျော် (၇၀)ကျော်မှဖြစ်ကြသဖြင့် သာသနာပိုင်သက်တမ်းလည်း မရှည်ကြပါ။ အင်္ဂလိပ်လက်ထက်မှ သာသနာပိုင်များကား -

(၁) တောင်တော်သာသနာပိုင်

(၂) ပုခမ်းသာသနာပိုင်

(၃) မိုးတားသာသနာပိုင်

(၄) တောင်ခွင်သာသနာပိုင်ဟူ၍ ၄-ပါးရှိရာ၊ နောက်ဆုံး တောင်ခွင်သာသနာပိုင်တစ်ပါးသာ သက်တော် (၉၄) နှစ်နှင့် (၄) လနေရ၍ သာသနာပိုင်သက်တမ်း (၃၄)နှစ်ရှည်အောင် ထမ်းဆောင်တော်မူရပါသည်။

ဘုန်းကြီးတို့ ဒုတိယသာသနာပိုင်ဆရာတော်ဘုရားကြီးကား တောင်ခွင်သာသနာပိုင်ကြီးလောက် သက်တမ်းကလည်း မရှည်ပါဘူး။ မရှည်သော်လည်း သာသနာပိုင်သက်တမ်းမှာ ရွှေဘိုမင်းလက်ထက် (၆)နှစ် ထမ်းဆောင်ရပါတယ်။ ၎င်းအချိန်တွင် သက်တော် (၄၉)နှစ်သာ ရှိပါသေးသည်။ ဤနေရာတွင် အနည်းငယ် ရှင်းပြပါရစေ။

http://www.dhammadownload.com



ရွှေဘိုမင်းဆိုတာ မင်းတုန်းမင်းဖခမည်းတော် ရွှေဘိုမင်းလို့လည်းခေါ်တယ်၊ သာယာဝတီမင်းလို့လည်းခေါ်တယ်၊ ကုန်းဘောင်မင်းလို့လည်းခေါ်တယ်၊ သူတစ်ယောက်တည်း နာမည် (၃) မျိုးတွင်နေပါတယ်။ ရွှေဘိုမင်းပဲ ထားကြပါစို့။ သူ၏သားများကား ပုဂံမင်း၊ မင်းတုန်းမင်း၊ ကနောင်မင်းဟူ၍ သုံးယောက်ရှိပါတယ်။ မင်းတုန်းအဖေ ရွှေဘိုမင်းကား (၈)နှစ် နန်းစံရပါတယ်။ နောက် မင်းတုန်းမင်းရဲ့အစ်ကိုကြီး ပုဂံမင်း နန်းတက်တဲ့အခါ သာသနာပိုင် ဦးဥေယျကို ရာထူးချ၍ သူ၏ဆရာ ဗားကရာကို သာသနာပိုင် တင်ပါတယ်။ သူ၏ဆရာ ဗားကရာလည်း သာသနာပိုင်သက်တမ်းနှင့် (၆)နှစ် ထမ်းဆောင်ရပါတယ်။ နောက် မင်းတုန်းမင်းတက်လာသောအခါ ဦးဥေယျကိုပင် ထပ်ပြီး သာသနာပိုင်တင်မြှောက်ပါတယ်။ ရွှေဘိုမင်းလက်ထက်မှာ (၆)နှစ်၊ မင်းတုန်းမင်းလက်ထက်မှာ (၁၃)နှစ်၊ ၂-ရပ်ပေါင်း သာသနာပိုင် ဌာနန္တရနှင့် (၁၉)နှစ် ထမ်းဆောင်ရပါတယ်။ သာသနာပိုင်ကြီး သက်တော် (၇၆)မှာ ကံတော်ကုန်ပါတယ်။ သာသနာပိုင် ဦးဥေယျမရှိသည့်နောက် (၁၂၂၈) ခုနှစ်မှ ၁၂၄၂ ခုနှစ်တိုင်အောင် ၁၅-နှစ်တိတိ သာသနာပိုင် လစ်ဟင်းနေပါတော့သည်။

စကားစပ်လျှင်း၍ သာသနာပိုင်ကြီး၏ ဥပမိသမ္ပတ္တိတော်ကို ခန့်မှန်းအာရုံပြု ကြည်ညိုရအောင် အနည်းငယ်ထည့်ပြောပါဦးမယ်။ သာသနာပိုင်ကြီး၏တပည့်ရင်း ပခုက္ကူမူလတိုက်ထောင်တဲ့ ဆရာတော်ဘုရားကြီး ဦးဂန္ဓက -

"တို့များထိပ်ခေါင်တင် ကျေးဇူးရှင် သာသနာပိုင်ဆရာတော်ဘုရားကြီးက ရဟန်းပရိသတ် ထောင်ကိုးရာထဲမှာ အလယ်

http://www.dhammadownload.com



ကထိုင်နေလျှင် ဘယ်ဟာ သာသနာပိုင်ပဲလို့ မပြောဘဲနဲ့ သိနိုင်တယ်ဗျာ။ မျက်နှာတော်ကိုက ဝင်းဝင်းကြီးပေါ် နေတာ ဗျာ။ ရဟန်းပရိသတ်၊ မင်းပရိသတ်များလေ စုံလေ ထင်ထင် ရှားရှားပေါ်လွင်လေ၊ အလွန်ကျက်သရေရှိသကိုး"လို့ မိန့် တော်မူလေ့ရှိသတဲ့။

ဥပမိသမ္ပတ္တိကလည်း သမိုင်းဥဒါန်းတွင်အောင် ပြည့်စုံတော် မူပါသည်။ ဤနေရာတွင် ခိုချောင်းဆရာတော် ဦးကိတ္တိအမိန့်ရှိပုံ လေး ပြောစမ်းပါရစေ။ ခိုချောင်းဆရာတော်က ငါ့ဘေးမကြီးကို ညံငယ်ကမှီလိုက်လို့ သူကလည်း တောင်ခြေရင်း ဘုရားကြီးကြွ ဘာတဲ့အခါ ဖူးရလို့ အမှတ်ရတိုင်း -

"သာသနာပိုင်ကြီးများ သိပ်သပ္ပာယ်တာပဲအမွမ်၊ သိပ်ချော တာပဲအမွမ်၊ အသားအရေကလည်း ဝါဝါလေးအမွမ်" နှင့် ပြောသံကြားလိုက်ရတယ်ကွာ။

ထို့ကြောင့် သာသနာပိုင်ကြီး၏ ဆွေမျိုးအစဉ်အဆက်ကို ပြောရဦးမယ်ဆိုရင် ရဟန်းတော်များဘက်မှ မုံရွာလယ်တီဆရာတော်၊ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်၊ ပရိတ်ရေပွက်သည်ဟု ကျော် ကြားသော တောင်တန်းသာသနာပြု ဦးဥတ္တမသာရ၊ ပခုက္ကူထွက် ကျမ်းပေါင်း ၂၀၀ ကျော်ပြု ပခုက္ကူ ဦးကေလာသ စသည့် သာသနာ ပိုင်ကြီး၏ မြေးမြစ်တွေ မရေမတွက်နိုင်အောင် များလှပါ၏။

ထို့ပြင် မောင်းထောင်မှထွက်သော လူပညာရှိများလည်း ရှိ ပါသေးသည်။ ဦးအောင်ဇေယျလက်ထက်က ဘလ္လာတိယကန်တော် ကြီးကို တူးဖော်ခဲ့သော တွင်းသင်းမင်းကြီး ဦးထွန်းညို၊ စိန္တကျော်သူ ဦးဩ စသည်ဖြင့် များလှစွာသော လူပညာရှိများ ယနေ့တိုင် ထွက်

http://www.dhammadownload.com



ပေါ် ထွန်းကားလျက်ရှိပါသည်။ ထိုများလှစွာသော လူပညာရှိများ ထဲမှ ယခုခေတ် လူသိများတဲ့ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ သခင် ကိုယ်တော်မှိုင်း၊ အနာဂါမ်ဆရာသက်ကြီး၊ ဣန္ဒြိယနိုင်ငံ ဝိပဿနာ သာသနာ့ပြု ဦးဂိုအင်ကာ၊ ဦးသိန်းဖေမြင့်၊ ဦးအုံမောင် (ယခု နယကာရုံ၊ အကြံပေးပုဂ္ဂိုလ်)၊ ဦးထွန်းကြည် (ဒုတိယဗိုလ်မှူးချုပ်ကြီး- ငြိမ်း)၊ မြို့နယ်တရားသူကြီး (ငြိမ်း) ဦးစန်းမောင်၊ ဘုန်းကြီးညီ မောင်ဌေးလှိုင် (ဓမ္မာစရိယဦးဌေးလှိုင်)၊ မောင်ထွန်းရွှေ (ယ... သာသနာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး) စသည် စသ... တို့ဟာ သာသနာပိုင်ကြီး၏ မြေးတွေမြစ်တွေ ဖြစ်ကြပါ၏။

ဤသာသနာပိုင်ကြီး ၂-ပါးတို့ကား မြန်မာနိုင်ငံနှင့်... တစ်သာသနာလုံး၏ သာသနာ့မော်ကွန်း၊ ဥဒါန်း၊ သမိုင်းမှတ်... ကြီး၊ မီးရှူးတန်ဆောင်ကြီးအဖြစ်ဖြင့် ဤ ဝိဓူရပျို့နှင့်အညီ မှတ်တမ်း တင်ထားပါသည်။ ဝိဓူရပျို့ကား -

"ကျေးဇူးတော်မူ၊ ကျူးကျော်ကုန်ခမ်း၊ ကမ္ဘာကျွမ်းလည်း၊
ဥဒါန်းမကျေ၊ လူ့နယ်မြေရပ်၊ ပွဲတင်ခတ်လိမ့်"။

ဟူသော ပျို့နှင့်အညီ သာသနာပိုင်ကြီး ၂-ပါးတို့၏ကျေးဇူးတော် ဂုဏ်တော်တို့ကား ကြီးမားများမြတ်လှပေ၏တကား ။ ။

တင်ပြပူဇော်သူ-
တပည့်ရင်း မောင်ဓမ္မ

http://www.dhammadownload.com



# အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်ရ ကျေးဇူးရှင် မောင်းထောင် မြေဇင်းတောရ ဆရာတော်ဘုရားကြီး

တပည့်တော်စိတြပူဇော်သည်

မူ၊ လောက၌ ဆန်းကြယ်မှုမျိုးစုံရှိသည်။ ဆန်းကြယ်လျှင် အံ့ဖွယ်ဂု...သည်ဟု ပြောလေ့ရှိကြသည်။ အထူးအဆန်းဆိုတိုင်းလည်း ...ောင်းသည်တော့မဟုတ်။ ကောင်းသောထူးဆန်းခြင်းနှင့် ကောင်း...သောမင်္ဂလာကို ဖြစ်စေသည့် အထူးအဆန်းမျိုးသာ ပညာရှိတို့ ...ကက်လက်ခံကြသည်။

ဥပမာ -

မန္တလေး မဟာမြတ်မုနိဘုရားကြီး မျက်ရည်ယိုသတဲ့ . . .၊ ကျိုက်ထီးရိုးစေတီတော်ကြီး ထီးတော်ပြုတ်ကျသတဲ့ . . . စသော သတင်းများသည် ဆန်းကြယ်သည်တော့မှန်၏။ ကောင်းသော ဆန်းကြယ်မှုမျိုးကား မဟုတ်ချေ။

ဟုတ်-မဟုတ်အသာထား၊ကြားရသူတွေတုန်လှုပ်ချောက်ခြား အောင်၊ စိတ်မကောင်းဖြစ်အောင် ကြံဖန်လီဆယ်၍ အထူးအဆန်း လုပ်နေကြသူတွေ ရှိသည်။ သေးသေးကို ကြီးကြီးဖြစ်အောင်၊ အလုံးကို အပြားဖြစ်အောင် လှည့်စားတတ်သူတွေလည်းရှိသည်။ ထိုကြံဖန် ဆန်းကြယ်မှုမျိုးမှာ အချိန်တန်လျှင် လွင့်ပြယ်သွားရမြဲဖြစ်သည်။ တာရှည်မခံ။

***

http://www.dhammadownload.com



စာရေးသူသည် ဆရာကြီးမှော်ဘီစရိယဦးဖြေလှိုင်၏ အနီး၌ နှစ်ပေါင်းများစွာ တပည့်အဖြစ် နေထိုင်ခဲ့ရ၏။ သို့သော် မောင်းထောင်-မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ အကြောင်းကို သိခွင့်မရခဲ့ပါ။

တစ်နေ့ ရတနာမွန်မဂ္ဂဇင်းတွင်ပါသော "ကျတ်တီးကုန်းမှာ ပွင့်သောပန်း" ဆောင်းပါးကို ဖတ်ရှုရသဖြင့် ဆရာကြီး ဦးဖြေလှိုင်အား ထိုဆောင်းပါးပါ ဆရာတော်ကြီးအကြောင်းကို မေးမြန်းကြည့်သည်။

ထိုအခါ ဆရာကြီး ဦးဖြေလှိုင်က ပြုံးစိစိဖြင့် -

"အော် - မင်းက စိတ်ဝင်စားတယ်လား . . . ။ အေး - တစ်နေ့တော့ မင်းသိရမှာပေါ့ကွာ "ဟု ပြောပါသည်။

ဆရာကြီး ဦးဖြေလှိုင် ပြောလိုဟန်မရှိဟုထင်၍ ထပ်မံပြီး မမေးဖြစ်တော့ပါ။

တစ်နေ့တွင် ဆရာကြီးဦးဖြေလှိုင်၏တိုက်၌ ဆရာတော်တစ်ပါးကို ဖူးတွေ့ရသည်။ ဥပမိကို အကဲခတ်ကြည့်တော့ ထူးဆန်းသည်ဟုတော့ ထင်မိ၏။ မျက်နှာတော်ကြည်လင်၏။ အသားအရေ စိုပြည်၏။ ခြေတံ-လက်တံရှည်ရှည် အရပ်အမောင်းကောင်းကောင်း သွက်သွက်လက်လက်နှင့်ဖြစ်၏။ ကြည်ညိုစရာလည်းကောင်း၏။

သို့သော် စကားမပြော။ ပြောတော့လည်း စကားသံကတိုး၏။ မနည်းနားထောင်ရ၏။ စာရေးသူပြုစုသည့် ငါးကျပ်တန်ခန္ဓီးဝိပဿနာကျင့်စဉ် စာအုပ် (၃၂-ချိုး-မှတ်စု စာအုပ်ငယ်ဆိုက်) ကို လှူဒါန်းလိုက်သည်။ ထိုဆရာတော်က စာအုပ်ကို ဟိုသည်ဖတ်ရှုရင်း စာရေးသူကို စေ့စေ့စပ်စပ်ကြည့်ပြီး -

http://www.dhammadownload.com



"မင်းက ဒီစာအုပ်ရေးတာလား . . .။ စာကတော့ ကောင်းပါတယ်။ ခန္တီးဆရာတော်ဘုရားကြီးဆိုတာ အဘိဓဇဘွဲ့ရ ဝိပဿနာ ထိပ်ခေါင်တင် ဆရာတော်ကြီးပဲ။ စာအုပ်ကလေးက 'နုပ်' လွန်းတယ်။ ဆရာတော်ကြီးရဲ့ဂုဏ်သိက္ခာထိခိုက်တယ်။ နောက်ကို ခံ့ခံ့ထည်ထည်လုပ်။ စာနည်းချင်နည်းပစေ . . . စာအုပ်ကို မနုပ်လွန်းစေနဲ့" ဟု မိန့်ကြားပါသည်။

ဤတွင် စာရေးသူ အတွေးများယှက်ဖြာသွားပါသည်။ အဖိုးနှုန်း ချိုချိုသာသာဖြင့် ဓမ္မမိတ်ဆွေများ ဝယ်ယူဖတ်ရှုကျင့်ကြံနိုင်ကြစေရန် မူလက ရည်ရွယ်ပါသည်။ ယခုတော့ အမည်မသိ ဆရာတော်ဘုရားကြီး၏ မိန့်ကြားသံကို အမှတ်မထင် ကြားသိရသည့်အတွက် ဂုဏ်ဒြပ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့နှင့် သက်ဆိုင်သည့် စာအုပ်ကို ခံ့ခံ့ထည်ထည် ပုံနှိပ်ထုတ်ဝေရန် သင့်သည် ဟူသော အသိက ရင်ထဲ တစ်မုဟုတ်ချင်း ဖြစ်ပေါ်ခံစားမိပါသည်။

ထိုနေ့က ဖူးတွေ့လိုက်ရသည့်ဆရာတော်အား နောက်တစ်နေ့ တွေ့ဦးမည်အထင်ဖြင့် သွားရောက်စုံစမ်းရာ၊ ပြန်ကြွသွားပြီဟု သိရ၏။ ဆရာကြီးဦးဌေးလှိုင်က -

"အဲဒါ . . . ငါ့အစ်ကိုအရင်းကွ။ မင်း . . . ဟိုတစ်ချိန်က ငါ့မေးဖူးတာ မှတ်မိတယ်မဟုတ်လား။ ကျက်တီးကုန်းမှာပွင့်သော ပန်းဆောင်းပါးထဲက တောရဆရာတော်ကြီးဆိုတာလေ"

သည်တော့မှ စာရေးသူအား "နုပ်"လွန်း "သေး"လွန်းသည့် တရားစာအုပ်မထုတ်ရန် မိန့်ကြားလိုက်သည့် ဆရာတော်မှာ

http://www.dhammadownload.com



ဆရာကြီး ဦးဌေးလှိုင်၏ အစ်ကိုရင်း မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီးဖြစ်ကြောင်း သိလိုက်ရပါတော့သည်။

ဤသို့ဖြင့် ရက်မှလ လမှနှစ် အလီလီပြောင်းရွှေ့ကုန်လွန်ပြီးနောက် ရန်ကုန်တိုင်း မော်ဘီလှပဒါးတရားစခန်းဖွင့်ခါနီးအချိန်တွင် မြေဇင်းတောရ ဆရာတော်ဘုရားကြီးအား အားပါးတရ ကြည်ညိုဖွယ် ဖူးတွေ့ရပြန်၏။

ဖူးမြော်ကန်တော့ပြီးသည်နှင့် စာရေးသူအား -

"အိုက်တယ်ကွာ . . .။ ချောင်လေးထဲမှာ တစ်ယောက်ထဲနေရတယ်။ နေရာက ကျဉ်းကျဉ်းကျပ်ကျပ်နဲ့။ တစ်နေ့လုံး ချွေးတလုံးလုံးနဲ့" ဟုအမိန့်ရှိပါသည်။

စာရေးသူမှာ တိုလီမိုလီ မီးဖိုချောင်သုံးပစ္စည်းများ ရောင်းချနေသူဖြစ်၏။ အခန်းကျဉ်းကျဉ်းဝယ် တစ်ယောက်ထဲ ရောင်းနေရ၏။ ဈေးဝယ်သူရောက်မလာသော်လည်း ချွေးတလုံးလုံးဖြင့် ထိုင်ပြီးရောင်းနေရ၏။

အမှတ်တမဲ့ ဆရာတော်မိန့်ဆိုလိုက်သည့်စကားမှာ စာရေးသူအား ရည်ရွယ်၍ မိန့်လေသလား ဟုတွေးနေလိုက်မိပါ၏။ ထိုအခါ ဘဘဦးဌေးလှိုင်က -

"ဆရာတော်က အိုက်လို့တဲ့ကွာ။ ဒါနဲ့ ဟိုဘက်အိမ်အောက် အခန်းမှာ တစ်ပါးထဲသွားပြီး သီတင်းသုံးနေရတော့ နေပူပူမို့ ချွေးတွေထွက်နေတာပေါ့ကွာ" ဟုပြောပါသည်။ စာရေးသူတွေးနေမှန်းသိ၍ ဘဘဦးဌေးလှိုင်က ပြောကြားသော်လည်း စိတ်ထဲ၌ ဇဝေဇဝါအတွေးများ ဖြစ်ပေါ်ခဲ့ရပါ၏။

http://www.dhammadownload.com



တစ်နေ့ စာရေးသူသည် မြို့ထဲမှအပြန် ဘဘဦးငွေးလှိုင်အိမ်သို့ဝင်၏။ မြေဇင်းတောရဆရာတော်ဘုရားကြီး ရောက်ရှိနေသည်ဟု သိရသဖြင့် ကမျှောသောပါး သွားရောက်ဦးချ၏။

ဆရာတော်ကြီးက ဟိုသည်မျက်လွှာပင့်ကြည့်ပြီး-

"အင်း . . . ခေတ်ကြီးက ဆန်းသထက်ဆန်းလာပြီ။ အမျိုးမျိုးတီထွင်နေကြပြီ။ သိပ္ပံက သိပ်အံ့သြဖို့ကောင်းတာပဲ။ သိပ္ပံနည်းတွေက လိုက်လို့မမီအောင်ကို ဆန်းကြယ်လှတာကိုး . . ." ဟု အမိန့်ရှိပါသည်။

စာရေးသူမှာ စက်မှုလက်မှုပညာရပ်များ လေ့လာနေခိုက်ဖြစ်၍ မြို့တွင်းမှဝယ်ယူလာခဲ့သော သိပ္ပံနှင့်နည်းပညာဂျာနယ်အသစ်ကို လွယ်အိတ်ထဲ လှမ်းကြည့်လိုက်မိ၏။ ဂျာနယ်မှာ ခေါက်ထည့်ထားသဖြင့်မမြင်ရ။ တိုပဲမိုလီ စာရွက်စာတမ်းများဖြင့် ပြည့်ညှပ်နေသည့်အတွက် အတွင်း၌ကပ်နေ၏။ ဆရာတော်က အမှတ်တမဲ့မိန့်ကြားလိုက်သော်လည်း စာရေးသူမှာ ထိုစကားအတွက်ယနေ့တိုင်အမှတ်ရနေဆဲဖြစ်၏။

အခြားတွေ့ကြုံရပုံလေးတွေ ရှိပါသေး၏။ သို့သော် ဆရာတော်ဘုရားကြီး၏ အပ္ပိစ္ဆတာဂုဏ်ကို ရှုမျှော်၍ ထုတ်ဖော်ရန် မဝံ့ပါ။

မြေဇင်းတောရဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ်ဖြစ်စဉ်ကို လေ့လာသောအခါ ထူးခြားမှုတွေ့ရ၏။ မျိုးနွယ်အစဉ်အဆက်ကလည်းကောင်း၏။ မှတ်သားမိသမျှ တင်ပြရသည်ရှိသော် ဖြစ်တော်စဉ်အကျဉ်းကား ဤသို့ဖြစ်၏။

http://www.dhammadownload.com



## သာသနာပိုင်ကြီး၏အဆက်အနွယ်တော်စပ်

မြန်မာဘုရင် သာယာဝတီမင်းနှင့် မင်းတုန်းမင်းလက်ထက်တွင် သာသနာပိုင်ဆရာတော်မှာ ဦးဥေယျ (၁၁၆၁-၁၂၂၇) ဖြစ်၏။ ဘွဲ့အမည် " ဥေယျဓမ္မာဘိမုနိဝရ ဉာဏကိတ္တိ သီရိဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုဖြစ်ပြီး ဒုတိယမောင်းထောင်သာသနာပိုင်ကြီးပေတည်း။

မြေဇင်းတောရ ဆရာတော်ကြီးကား အဆိုပါ သာသနာပိုင်ကြီး၏ မြေးဖြစ်သူ ဦးဖိုးကဲ (၁၂၅၄-၁၃၅၀)နှင့် ဒေါ်ပြော (၁၂၅၅-၁၃၃၇)တို့မှ ဖွားမြင်၏။ မယ်တော်ကြီးဒေါ်ပြောမှာလည်း သီပေါမင်းလက်ထက် သံတော်ဆင့် သွေးသောက်ကြီးဦးဆိုင်၏ တူမတော်စပ်၏။ (ဒေါ်အေးသန့်)၊ ဒေါ်အေးရှင်၊ (ဓမ္မာစရိယဦးဌေးလှိုင်)တို့မှာ ဆရာတော်ကြီး၏ ညီမနှင့် ညီတော်တို့ဖြစ်၏။

မင်းတုန်းမင်းကြီး လက်ထက်တော်တွင် ဒုတိယမောင်းထောင်သာသနာပိုင်ဆရာတော်ကြီးဦးဥေယျသည် လွန်စွာကျော်ကြားသကဲ့သို့ ယခုလည်း မြေဇင်းတောရဆရာတော်ဘုရားကြီးနှင့် ညီအရင်းဖြစ်သူ ဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်တို့လည်း လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့၏။ သာသနာပိုင်ကြီး၏ အနွယ်အစဉ်အဆက်ပီပီ သာသနာကို ပရိယတ် ပဋိပတ်ဖြင့် မွမ်းထုံပေးခဲ့ပုံမှာ အားရဖွယ်ရှိပေစွ။

## ယွန်းဆက်တိုက်မှာ ပညာရှာ

မောင်းထောင်ရွာ ယွန်းဆက်ကျောင်းကား သမိုင်းထင်ရှား၏။ ဓမ္မာစရိယ စာချအကျော်အမော်တို့ ပေါ်ထွက်၏။ အမေရိကန်

http://www.dhammadownload.com



သာသနာပြုဆရာတော်နှင့် တိုင်းသိပြည်သိ ဆရာကြီး ဦးဌေးလှိုင်တို့လည်း ဤမောင်းထောင် ယွန်းဆက်ကျောင်းမှပင် ပေါ်ထွက်ခဲ့ခြင်းဖြစ်၏။

ဆရာတော်သည် ယွန်းဆက်ကျောင်းတိုက် ဦးလေးတော် ဦးရာဇိန္ဒထံတွင် ပရိယတ္တိများ ဆည်းပူးခဲ့၏။ ၁၃၀၁ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက် (၂၀-၁-၁၉၄၀)တွင် သုဓမ္မာဂိုဏ်းထောက် တောရဆရာတော် ဦးဇနိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်၏။

## ကေစာနှင့် ပတ္တပိုဏ်ဆွမ်း

ငယ်စဉ်က ဦးကြီး၊ အဒေါ်တော်စပ်သူတို့က တကြော်ကြော်အော်ခေါ်၍ မရသဖြင့် ရှာဖွေခိုင်းရာ ယွန်းဆက်ကျောင်း၏တောင်ဘက် ဥန္နဲပင်တောထဲ တစ်ယောက်တည်း ထိုင်နေသည်ကိုတွေ့ရသည်ဆို၏။

ဤသို့ မကြာခဏဆိုသလို အဖော်မရှာဘဲ တစ်ယောက်တည်းနေလေ့ရှိ၏။ ရှေးပါရမီ အရှိန်ကြောင့် ဝါသနာအထုံအားကြီးနေဟန်ရှိ၏။

ယွန်းဆက်ကျောင်းတိုက်၌ နေစဉ်က ရဟန်းဘဝဖြင့် ပတ္တပိုဏ်ဆွမ်းခံထွက်ကြောင်းကိုလည်း ကြားသိရ၏။ ဆွမ်းခံပြီး ပတ်ဝန်းကျင်ရှိ ကျောင်းများမှ ဆရာတော် သံဃာတော်များအား ဆွမ်းဟင်းခွက်များကို အလှည့်ကျလှူဒါန်း၏။ ပြီးမှ တစ်ပါးစာရအောင် ပတ္တပိုဏ်ဆွမ်းခံပြီး ဘုဉ်းပေး၏။

ဆရာတော်၏ စင်ကြယ်သောအလှုနှင့် မွန်မြတ်သော အကျင့်တို့က ပစ္စည်းလေးပါးသာမက နာမည်ဂုဏ်သတင်း ကျော်ကြားစေရန် ဖန်တီးလိုက်သကဲ့သို့ရှိ၏။

http://www.dhammadownload.com



## ပရိယတ္တိဆည်းပူးရင်း မကင်းသောပဋိပတ်ဖြင့်

ထိုမှ ပြောင်းရွှေ့ပြီး အမရပူရ တူးမောင်းတိုက်၌ ပရိယတ္တိ စာပေကျမ်းဂန်ဆက်လက်သင်ကြား၏။ အမရပူရ မင်္ဂလာတိုက် မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလ (၁၂၆၁-၁၃၂၄)ထံ ပဋ္ဌာန်း စာဝါ သင်ယူခဲ့၏။

(ထိုစဉ်က ရေးမှတ်ခဲ့သော ပဋ္ဌာန်း လက်ရေးမှတ်စု စာမူကို 'မိုးကုတ်ပဋ္ဌာန်း' အမည်ဖြင့် မြေဖဝါးတောရ ရုပ်/သံအဖွဲ့က ထုတ်ဝေရန် စီစဉ်ထားသည်ဟု ကြားသိရ၏။

ရဟန္တာဟု ကျော်ကြားတော်မူသော မိုးကုတ်ဆရာတော် ဘုရားကြီး၏ ပဋ္ဌာန်းဒေသနာတော်ပို့ချချက်များကို ကုသိုလ်ကံကောင်း သူများ ဖတ်ရှုနိုင်ကြလိမ့်မည်ဟု မျှော်လင့်နေမိပါ၏။)

ဆရာတော်သည် စစ်ကိုင်းတောင် လေးကျွန်းချမ်းသာချောင်၊ ပဋ္ဌာန်းနည်းပြတိုက်တို့၌လည်း ဝိနည်းနှင့် အဘိဓမ္မာကို အထူး ဦးစားပေး၍ သင်ကြားခဲ့၏။ ပထမကြီးတန်းအရောက်တွင် စာမေးပွဲ ကို စိတ်မဝင်စားတော့ဘဲ ကျမ်းရိုးပေါက် သင်ရိုးကုန်လေ့လာသင် ကြားလိုသဖြင့် ပခုက္ကူ မဟာဝိသုတာရာမ တိုက်ကြီး၌ ပရိယတ္တိ ဆည်းပူးခဲ့၏။

ပခုက္ကူ၌ စာပေပရိယတ္တိဆည်းပူးနေစဉ် ညပိုင်းတွင် မဟာ စည်ရိပ်သာသို့ သွားရောက်၍ ပဋိပတ်နည်းခံကာ အားထုတ်ခဲ့ဖူး ကြောင်းလည်း သိရ၏။ ပရိယတ်အရှိကို ပဋိပတ်အသိဖြင့် ချိန်ညှိ တတ်သည့်အလေ့ ထိုစဉ်ကပင်ရှိခဲ့ပေ၏။

http://www.dhammadownload.com



## ပရိယတ်မှ ပဋိပတ်သို့

ပရိယတ္တိစာပေနှံ့စပ်၍ ယွန်းဆက်ကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိလာပြီး စာချတာဝန်ယူရ၏။ ကျောင်းထိုင်စာချဘဝဖြင့် သက်တော် ၃၇၊ ဝါတော် ၁၇ ဝါအရတွင် မုံရွာ၊ သမ္ဗုဒ္ဓေမိုးညှင်းဆရာတော်ဘုရားကြီးအား နောက်ပါတပည့်များနှင့်အတူ သွားရောက် ဖူးမြော်၏။

ရောက်တုန်းရောက်ခိုက် မိုးညှင်းဆရာတော်ဘုရားကြီး၏ ဩဝါဒကို နာခံမှတ်သားလိုပါကြောင်း လျှောက်ထားရာ မေတ္တာပို့သနည်းများနှင့်တကွ တောထွက်ကာ တရားကျင့်ကြံအားထုတ်ဖို့ ဩဝါဒပေးတော်မူ၏။

"မောင်းထောင်ဘုန်းကြီး . . .၊ အချိန်မဆွဲနဲ့။ မြန်မြန်တောထွက်ဖြစ်အောင်ထွက်" ဟု မိန့်တော်မူလိုက်သည့် ဩဝါဒသံမှာ မြေဇင်းတောရဆရာတော်အဖို့ ဦးခေါင်း၌ သံမှိုနှက်သကဲ့သို့ ဖြစ်သွား၏။ ထိုမှအပြန်တွင် ပဋိစ္စသမုပ္ပါဒ် သင်္ဂြိုဟ်စာအုပ်နှင့် ဝိပဿနာဝါဒ စာအုပ်တို့ကို ချီးမြှင့်ခဲ့သေး၏။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို ဝိပဿနာဆိုတဲ့ သံလျက်နဲ့ ညက်ညက်ကြေအောင် ဖြတ်ပါဟု ဆိုလေသလောမသိ။သူတော်ကောင်းကြီးတို့၏ ပရိယာယ်ကား နက်ရှိုင်းစွ။ သူတော်ကောင်းတို့သည် သူတော်ကောင်း တို့ထံ တွေ့ဆုံဆည်းကပ် အဆုံးအမနာယူရန် ဝန်မလေးတတ်ကြ။

မြေဇင်းတောရဆရာတော်ဘုရားကြီးက "တောထွက်ခိုင်းတာ မိုးညှင်းဆရာတော်ဘုရားကြီးတစ်ပါးပဲ ကြုံခဲ့ဖူးတယ်"ဟု မိန့်တော်မူတတ်၏။ ရောက်လေရာဒေသတို့၌ သက်တော်ရှည် ပရိယတ်

http://www.dhammadownload.com



ပဋိပတ်သံဃာ့ထေရ်ကြီးများထံ ချဉ်းကပ်ကာ အဆုံးအမသြဝါဒတို့ကို နာခံမှတ်သားလေ့ရှိကြောင်း သိရှိရ၏။

တောထွက်ရန်မဆိုထားနှင့် စာသင်သားများအား အုပ်ချုပ်ရေးတာဝန်၊ နေထိုင်စားသောက်ရေးတာဝန်တွေက ကြီးလေးလာ၏။ အပြိုင်အဆိုင်တွေ ရှိသည့်ကြားက ကျောင်းထိုင်စာချတာဝန်ကို ယူနေရသော်လည်း တောထွက်လိုစိတ်က ပြင်းပြနေ၏။

သို့နှင့် ၁၃၃၁ ခုနှစ် ဝါဆိုဦးကာလတွင် ယွန်းဆက်စာသင်တိုက်ကြီးကို လက်ထောက်တပည့်ဖြစ်သူစာချဆရာတော်ဦးက္ကန္ဒစာရ (သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အားလွှဲပြောင်းအပ်နှံ၏။ ဦးက္ကန္ဒစာရအရှင်မြတ်ကလည်း တောမထွက်ရန် အတန်တန်တားမြစ်ပါသေး၏။ သို့သော် မြေဇင်းတောရဆရာတော်ကား ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာချပြီး ဖြစ်၏။ နောက်မဆုတ်တော့ပြီ။

## ကျတ်တီးမြေ၌ တရားအားထုတ်

မြေဇင်းတောရဆရာတော်သည် သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် မောင်းထောင်တောင်ကုန်း (၈)ရွာ ဂေါစရဂါမ်နယ်ရှိ မြေဇင်းတောရ၌ ဝါကပ်၏။ ထန်းပင်နှင့် တောင်ယာကွင်းများ ဝိုင်းရံလျက်ရှိသည့် ကျတ်တီးကုန်းမြေဖြစ်၏။ ပေါက်ရောက်လာသည့် အပင်များမှာ အရိုးကျဲကျဲ အပင်မွဲခြောက်ခြောက်တွေသာဖြစ်၏။ မြက်တစ်ပင်ပေါက်ဖို့ပင် ခက်ခဲသော မြေမျိုးဖြစ်၏။

ထိုနေရာ၌ တစ်ပါးနေသာရုံ ကမ္မဋ္ဌာန်းကျောင်းငယ်လေးနှင့် ထန်းရွက်တဲ ဓမ္မာရုံလေးတစ်ခုသာရှိ၏။ ကမ္မဋ္ဌာန်းကျောင်းအနီးရှိ ရေကန်မှာလည်း (၇)လ၊ (၈)လခန့်မျှသာ ရေရှိတတ်ပြီး၊ မိုးခေါင်

http://www.dhammadownload.com



သောနှစ်တွင် ပတ်ကြားအက်များပြည့်လျက် ခြောက်သွေ့နေလေ့ရှိ၏။

ဝတ်ကြီးဝတ်ငယ်ပြုစုရန် လိုက်ပါလာကြသော ကိုရင်ငယ်နှစ်ပါးနှင့် ကပ္ပိယတစ်ဦးတို့ ဆက်ကပ်သော ဆန်ပြုတ်ကျဲကျဲကို ဘုဉ်းပေးပြီး အရုဏ်အတွက် တင်းတိမ်ရ၏။ နေ့ဆွမ်းအတွက်မူ ပတ္တပိုဏ်ဆွမ်း ကိုယ်တိုင်ခံယူဘုဉ်းပေး၏။ အရွယ်တော်ကြီးလာသဖြင့် တပည့်ဒကာများက မနည်းတောင်းပန်လျှောက်ထားကြပြီး ဆွမ်းပို့လှူဒါန်းကြမှ အနားရတော့၏။ ခေါင်းပါးသော အစာရေစာနှင့် ဖြစ်သလိုနေထိုင် သီတင်းသုံးရင်း တရားအလုပ်ကိုသာ ဇွတ်မိုတ်ကြိုးစားခဲ့၏။

နေပူကျဲကျဲနှင့် ခိုက်ခိုက်တုန်အောင် အေးသော ရာသီဥတုကို အန်တုကာ တရားကိုသာနှလုံးသွင်းရှုမှတ်ပြီး ခေါင်းပါးစွာ ကျင့်ကြံအားထုတ်တော်မူ၏။

'တရားအလုပ် အားထုတ်သောအခါ
ဒုက္ခဝေဒနာ တွေ့၍လာ
ထိုအခါ မခံချို။
သည်းမခံချင် လွှတ်လိုက်လျှင်
ဉာဏ်စဉ် မတက်ဘိ။
အရိုးကြေကြေ သားကြေကြေ
ထုတ်လေ လုံ့လဘိ။
လုံ့လသည်းထန် သည်းညည်းခံ
နိဗ္ဗာန် မျက်မှောက်သိ။'

(အဂ္ဂါဘိဓဇ ခန္တီးဆရာတော်ဘုရားကြီး)

http://www.dhammadownload.com



## ကမ္မဋ္ဌာန်းနည်းခံ၍ကျင့်

၁၃၂၅ ခုနှစ်တွင် ဘုတလင်မြို့နယ် အင်ချောင်ဆရာတော် ဘဒ္ဒန္တသီရိသုန္ဒရထံ ဝါကပ်ပြီး ကမ္မဋ္ဌာန်းနည်းခံကာ ဝါကျွတ်သည်နှင့် ကန္နီရွှေသိမ်တော်တောရ ဆရာတော် (၁၂၄၁-၁၃၂၈) ထံတွင် ကမ္မဋ္ဌာန်းအားထုတ်၏။ ယောဂီပါရဂူ၊ သစ္စာပါရဂူကျမ်းများပြုသဖြင့် ကန္နီဆရာတော်ကြီးကား အထူးထင်ရှား၏။ အင်ချောင်ဆရာတော်မှာလည်း ကန္နီဆရာတော်ကြီး၏ တပည့်ပေတည်း။

ကန္နီ ဆရာတော်ဘုရားကြီးက 'သက္ကာယအရာ လိမ္မာအောင်လုပ်' ဟု ဆုံးမခဲ့ဖူး၏။

## ဝေဘူဆရာတော်ချီးမြှောက်

၁၃၃၄-၃၅ ခုနှစ်တွင် ဝေဘူဆရာတော်ဘုရားကြီး (၁၂၅၇-၁၃၃၉) ထံ ကြွရောက်ကာ အာနာပါနနည်းဖြင့် တရားရှုမှတ်မှုပြင်းပြင်းထန်ထန်ကြိုးစား အားထုတ်ခဲ့၏။ ဝေဘူဆရာတော်ဘုရားကြီး၏ တစ်စပ်ရအောင် အားထုတ်နည်းကို ယခုတိုင် တပည့်ယောဂီများအား အလျဉ်းသင့်တိုင်း ပြောပြလေ့ရှိ၏။ တစ်စပ်တည်းအကြားအလပ်မရှိ အားထုတ်နိုင်ဖို့ ဆိုသည်မှာ လွယ်သည်မဟုတ်။ ယနေ့နံနက် ၈ နာရီမှ နောက်နေ့ နံနက် ၈ နာရီအထိ ရှုမှတ်မှုမပျက်စေဘဲ တစ်ဆက်တည်း တစ်စပ်တည်းဖြစ်အောင် အားထုတ်ခြင်းမျိုးဖြစ်၏။ သာမန်ပုဂ္ဂိုလ်တို့ လုပ်နိုင်ခဲ ရနိုင်ခဲစွ။ နာရီဝက်တစ်နာရီမျှ အားထုတ်ရသည်ကိုပင် ဖင်ရွှေ့ခေါင်းရွှေ့ဖြင့် ဂဏာမငြိမ် ဖြစ်တတ်ကြ၏။ ဆရာတော်ကြီးသည် ဝေဘူဆရာတော်ဘုရားကြီး၏ တစ်ဆက်တည်းရအောင် အားထုတ်နည်းမျိုးကိုလည်း

http://www.dhammadownload.com



ဝီရိယသန်သန်ဖြင့် အားထုတ်ခဲ့ဖူး၏။ ထို့ကြောင့်ပင် ဝေဘူဆရာတော်ဘုရားကြီးက သူ့နည်းတူ ဆွမ်းခံဘွယ်ဘောဇဉ်တို့ဖြင့် မြေဇင်းတောရဆရာတော်အား ချီးမြှောက်တော်မူ၏။ သိမိသူများက ဝေဘူဆရာတော်ဘုရားကြီး၏ ချီးမြှောက်မှုခံယူရသည်မှာ မြေဇင်း ဆရာတော်ဘုရားကြီးတစ်ပါးသာ တွေ့ဖူးသေးသည်ဟု ဆိုကြ၏။ ထိုမှ အပြန်တွင်လည်း ဝေဘူဆရာတော်ဘုရားကြီး စီးသည့် ကားဖြင့်ပို့ပေးကာ တပည့်ဒကာများအား ကြည်ညိုစေခဲ့၏။ ဝတ္ထုပစ္စည်းမျိုးစုံတို့ကိုလည်း အလှူပယ် လှူဒါန်းချီးမြှင့်လိုက်သေး၏။ တရားကို ပူဇော်ခြင်းပေတည်း။

## ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးအတွက်ပံ့ပိုး

ဆရာကြီးဦးဌေးလှိုင်ရှိစဉ်က ပြောဖူး၏။

"ငါ ရဟန္တာနဲ့ ပုဂ္ဂိုလ်ထူးများစာအုပ်ရေးတုန်းက ငါ့အစ်ကို (မြေဇင်းတောရ ဆရာတော်) သိမ်းဆည်းထားတဲ့ စာအုပ်စာတမ်းနဲ့ မှတ်တမ်းမှတ်ရာတွေ ချီးမြှင့်ပေးခဲ့တယ်။ ဓာတ်ပုံနဲ့ဖော်ပြထားတဲ့ ရဟန္တာဦးသာရွှန်း (ဦးကဝိန္ဒ)ရဲ့ ဓာတ်တော်တွေဟာ ငါ့အစ်ကို ခေါင်းရင်းမှာ ကိုးကွယ်ထားတဲ့ ဓာတ်တော်တွေပဲ။ ငါ့ကို အကူအညီ အများဆုံး ပေးခဲ့တာပေါ့"။ ဆရာတော်ကား ရဟန္တာနှင့်ပုဂ္ဂိုလ်ထူး များ စာအုပ်ဖြစ်မြောက် လာရေးအတွက် များစွာအထောက်အပံ့ ပေးခဲ့သူဖြစ်သည်မှာ ယုံမှားဖွယ်မရှိ။

http://www.dhammadownload.com



## ကျမ်းပြုတရားဟော မမောနိုင်မပန်းနိုင်

မြေဇင်းတောရဆရာတော်ဘုရားကြီးသည် တပည့်ယောဂီများအတွက် -

၁။ နိဗ္ဗာနမဂ္ဂ အာနာပါန ဝိနိစ္ဆခေါ် ဓမ္မစက္ခုကျမ်း (၂၀၀၂- ခုနှစ်)

၂။ ဒသနပါရဂူကျမ်း နိဗ္ဗာန်မဂ္ဂ အာနာပါနအလုပ်ပေး တရားတော် (သမထ - ပထမပိုင်း) (၂၀၀၃-ခုနှစ်)

၃။ ပဋိသမ္ဘိဒါ ဉာဏပါဒက ဂန္ထဓုရဝိနိစ္ဆယကျမ်း

၄။ အာရညိက ကထာခေါ် တောရမှတ်ဖွယ်ကျမ်း တို့ကိုလည်း ကမ္မဋ္ဌာန်းအားထုတ်နေသည့်ကြားမှ ပြုစုခဲ့၏။

တရားစခန်းများမှာ မောင်းထောင် - မြေဇင်းတောရ၊ ရန်ကုန်တိုင်း မှော်ဘီလှပဒါး၊ ရန်ကင်းအေးငြိမ်းရိပ်သာ၊ ရဋ္ဌပါလဓမ္မရိပ်သာ မှော်ဘီ စသည်ဖြင့် အကြိမ်ကြိမ်ဖွင့်လှစ်ပြီး တရားပြသလျက်ရှိ၏။

ဆရာတော်သီတင်းသုံးရာ မြေဇင်းတောရမှာပင် အချိန်ပိုင်းယောဂီ ၁၅၀၀ကျော်၊ အချိန်ပြည့် ယောဂီ ၁၁၅၀ ကျော်တို့ကို ပင်ပန်းနွမ်းနယ်မှုပမာနမထားဘဲ သက်တော် ၈၆ နှစ်ရှိလာသည်အထိ မနားတမ်း တရားပြသပေးလျက်ရှိ၏။

အားထုတ်သူယောဂီတို့၏ သမထအမြင် ရင့်သန်ကြပုံဝိပဿနာပေါက်မြောက်ကြပုံတို့ကို ကြားသိရလျှင် ပြုံးပြုံးပြုံးပြုံးဖြင့်ပြောစမ်း . . .၊ ထပ်ပြောစမ်း၊ နောက် ဘာမြင်သေးတုံး၊ ဘာဖြစ်သေးတုံး စသည်ဖြင့် မေးမြန်းစစ်ဆေး၏။ လိုတာဖြည့်ပေး၏။ အားထုတ်ပုံနည်းမကျ၍ သမထ ဝိပဿနာ အမြင်မသန်လျှင်လည်း

http://www.dhammadownload.com



ဝီရိယတို့၏ ရှုမှတ်ရန်သွန်သင်၏။ ယောဂီမှတ်တမ်းများ ရေးစေ၏။ တရားခစန်းသိမ်းပွဲတွင် ယောဂီတို့၏ အတွေ့အကြုံကိုလျှောက်ထားကြရ၏။

"အဲဒါတွေဖတ်ပြီး တရားအားထုတ်ချင်သူတွေ များလာကြလိမ့်မယ်။ အသက်ကြီးလာတော့ သားတွေ သမီးတွေ မြေးတွေ မြစ်တွေ ဖတ်ကြလိမ့်မယ်။ ဖတ်ရတော့ အသိအလိမ္မာတိုးပြီး အားထုတ်ချင်လာကြလိမ့်မယ်။ မှတ်တမ်းလေးရှိတော့ ထပ်ပြီး ကုသိုလ်တိုးတာပေ့ါ။ ဒါလေးဖတ်ပြီ းကိုယ့်ကုသိုလ်ကို အမြဲအမှတ်ရလာမယ်။ မမေ့တော့ဘူး။"

ဆရာတော်ဘုရားကြီး၏ မေတ္တာစေတနာကြောင့်ပင် မျှဝေခံစား ဓမ္မရသစာတမ်းများ (ပထမအကြိမ်တရားစခန်း)၊ မျှဝေခံစား အေးငြိမ်းရသ စာတမ်းများ (ဒုတိယ+ တတိယအကြိမ်တရားစခန်း)၊ မောင်းထောင်မြေဖင်းတောရ ဓမ္မရသစာတမ်းများ ဟူ၍ စာအုပ် ၃ အုပ် မှတ်ကျောက်တင် ထုတ်ဝေနိုင်ခဲ့၏။ အခြားတရားစခန်းတို့ကလည်း တစ်နိုင်တစ်ပိုင် ထုတ်ဝေကြ၏။ ရက်ပိုင်းလပိုင်းမျှဖြင့် ဓမ္မရသကို ခံစားခဲ့ကြရ၏။ ဝမ်းမြောက်ဖွယ်ကောင်းလေစွ။

"မယုံကြည်တဲ့သူ၊ သဒ္ဓါတရားမရှိတဲ့သူတွေကို မပြောကြနဲ့၊ အကုသိုလ်ဖြစ်ပြီး ငရဲကြီးကြမယ်။ ဘုရားလက်ထက်မှာတောင် အဲဒီလိုလူတွေ ရှိသေးတာပဲ။"

သမထကို သာသနာပတရားဟု သတ်မှတ်ကာ ၃၁ ဘုံမရှိ အယူဝါဒဖြင့် သမထဝိပဿနာကျင့်စဉ်များအား ဝေဖန်ပြစ်တင်ကဲ့ရဲ့တတ်ကြသူတို့အတွက် ဤကဲ့သို့ ဆုံးမပြောကြားတတ်၏။

http://www.dhammadownload.com



ရက်ပိုင်း လပိုင်းမျှဖြင့် သမထဝိပဿနာ ပေါက်ရောက်သူတို့ကို ယခင်က မတွေ့ဖူး မကြုံဖူးခဲ့ကြ၍ အထူးအဆန်းဖြစ်နေ၏။

၁၃၆၅ ခုနှစ် ရန်ကင်း အေးငြိမ်းရိပ်သာ တရားစခန်းဖွင့်လှစ်ချိန်မှစ၍ ကန္တီနည်းဥပနိဿယ သမထ ဝိပဿနာ တရားရှုနည်းများ အောင်မြင်ကျော်ကြားခဲ့၏။ ကမ္ဘာသို့တိုင် မီဒီယာများမှ တစ်ဆင့် ပျံ့နှံ့သွားရာ နိုင်ငံခြားသားယောဂီများပင် စိတ်ပါဝင်စားစွာ လာရောက်အားထုတ်နေကြ၏။ "ဝေးတဲ့သူတွေက နီးကုန်ကြပြီ။ နီးတဲ့သူတွေက ဝေးကုန်ကြတုန်း" ဟူ၍လည်း မြွက်ဟတတ်၏။

"တောကလူတွေကို သနားလွန်းလို့ မအားတဲ့ကြားက အပင်ပန်းခံပြီး သူတို့ကို တရားပြပေးနေတာ။ ဒါတောင်မှ အားထုတ်ချင်တဲ့သူက အလွန်ရှားတာ။"

ဆရာတော်ဘုရားကြီးမှာ အရွယ်တော်နှင့်မမျှ တရားပြ၊ တရားစစ် မအားနိုင်အောင်ရှိ၏။ ဆင်းရဲသူတွေ့လျှင် ပို၍ပင် သနားကရုဏာအပြည့်ဖြင့် တရားထိုင်ရန် တိုက်တွန်းတော်မူ၏။ "ဆင်းရဲလျှင် ကုသိုလ်ကိုပိုလုပ်ရမည်"ဟုလည်း မကြာခဏ သတိပေးတတ်၏။

ဆင်းရဲတွင်းနက်သော်လည်း စေတနာ သဒ္ဓါနှင့် သီလ အခြေခံကောင်းများရပါလျှင် မုချချမ်းသာရမည်ကို သူတော်ကောင်းကြီးများ ကြိုတင် သိရှိထားပြီးဖြစ်၏။

http://www.dhammadownload.com



## ကြည်ညိုဖွယ်ရာ အဖြာဖြာနှင့်
### မေတ္တာပွားနည်းများ

မြေဇင်းတောရဆရာတော်ကြီးအား နိုင်ငံတော်မှ ၁၉၉၃ (၁၃၅၄) ခုနှစ်တွင် မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်၊ ၂၀၀၆ (၁၃၆၇) ခုနှစ်တွင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်ကပ်လှူ၏။ သို့သော် ဘွဲ့တံဆိပ်တော်အလှူခံရရှိမှုနှင့် ပတ်သက်၍ မည်သို့မျှ မြွက်ကြားခြင်းမရှိ။ သာယာမှုလည်းမတွေ့ရ။

ဆရာတော်ထံရောက်လာသည့် ကြီးကြီးငယ်ငယ်မရွေး ရှိခိုးဦးချ ကန်တော့ပုံ ဟန်မကျလျှင် ချက်ချင်းပြင်ပေးသည်။

"တချို့ သေတော့မယ်။ ဦးမချတတ်ကြသေးဘူး။ ဝတ်ကျေ တန်းကျေ ဦးချတာကများတယ်။ သူတို့ကို အတုလိုက်ပြီး နောက်လူ တွေကပါ အကျင့်ပျက်ကုန်ရော။ တချို့ကလဲ ရှိခိုးတာလေးကို သင်ပြနေရသေးသလား -ဆိုပြီး ပေါ့ပေါ့ဆဆနဲ့။ သူတို့မကျေနပ်လဲ မတတ်နိုင်ဘူး။ ဘုန်းကြီးက ကုသိုလ်ဖြစ်စေချင်လွန်းလို့ ..." စသည်ဖြင့် မိန့်ကြားတတ်၏။

နှစ်ပေါင်းများစွာ တောရကျောင်းကလေး၌ သီတင်းသုံးနေရ သော်လည်း ဘာရချင်တယ်၊ ဘာလိုချင်တယ် ... ဘာဖြစ်ချင် တယ် စသော စကားများမမိန့်။ ရသမျှဖြင့် ရောင့်ရဲ၏။ အပ္ပိစ္ဆဂုဏ် နှင့် ပြည့်စုံ၏။ ဝီရိယကြီးမား၏။ ဉာဏ်ထက်မြက်၏။ အမြော် အမြင်နှင့် ပြည့်စုံ၏။

ကျောင်းကန်အဆောက်အအုံနှင့် ကမ္မဋ္ဌာန်းကျောင်း ရေ မီး စသည် အဘက်ဘက်က ပြည့်စုံနေသည့် ရန်ကင်းအေးငြိမ်းရိပ်သာ ကြီးကိုလည်း တူဖြစ်သူ ဦးကေလာသ (ဓမ္မာစရိယ) အား လွှဲအပ်ပြီး

http://www.dhammadownload.com



တရားပြစေ၏။ ဆရာတော်ကား လူသူအရောက်အပေါက် နည်းသော မောင်းထောင် မြေဇင်းတောရရိပ်သာလေး၌သာ တရားဖြင့် ပျော်မွေ့လျက်ရှိ၏။

"မေတ္တာမပို့ရင် ကိုယ်အားထုတ်တဲ့တရား မရဘူး။ ကိုယ်လုပ်တဲ့ အလုပ် မအောင်မြင်ဘူး။ နေရာတိုင်းမှာ အခက်အခဲတွေ တွေ့ရတတ်တယ်။ တရားအားထုတ်လေ မေတ္တာကို နာနာပို့ရလေ လို့မှတ်ကြ။ မေတ္တာနဲ့ပြည့်စုံမှ အရာရာပြည့်ဝပြီး အောင်မြင်နိုင်တယ်။ ကူညီစောင့်ရှောက်တဲ့သူတွေ များလာမယ်။"

မေတ္တာနှင့် ပတ်သက်၍ ဆရာတော်က မကြာခဏ မိန့်မြွက်လေ့ရှိ၏။

"လူချင်းတွေ့ရင် ကိုယ်ကအရင် ဦးအောင် မေတ္တာပို့" ဟုလည်း သတိပေးတတ်၏။ ဆရာတော်ဘုရားကြီး၏ ကရုဏာပွားပုံ အချုပ်ကား -

၁။ ဆင်းရဲဒုက္ခမှ လွတ်ကင်းကြပါစေ။

၂။ သတ္တဝါတွေအားလုံး ဘေးရန်ကင်းကြပါစေ။

၃။ သတ္တဝါတွေအားလုံး စိုးရိမ်ပူပန်သောက ငြိမ်းအေးကြပါစေဟု ဆင်းရဲဒုက္ခရောက်နေသူအပေါ် စူးစူးစိုက်စိုက် အာရုံပြုပြီး ပို့သ၏။

ရောဂါပျောက်သူ၊ ရာထူးတိုးသူ၊ ထီပေါက်သူ၊ သူဌေးဖြစ်သူ . . . စသည်ဖြင့် ဆရာတော်၏ မေတ္တာကို ခံယူရရှိသူ အများအပြားတွေ့ရ၏။ ဆရာတော်၏ မေတ္တာ၊ ကရုဏာ လက်နက်တို့ဖြင့် အမျိုးမျိုးအောင်ပွဲခံခဲ့ပုံများကို 'ကျတ်တီးကုန်းမှာ ပွင့်သောပန်း' စာမူ၌ ကြည့်ရှုနိုင်ကြပြီဖြစ်၍ အကျယ်မရေးတော့ပြီ။

http://www.dhammadownload.com



## တရားစခန်းနှင့် ထူးဆန်းသည့်မိုးများ

မြေဇင်းတောရ ဆရာတော်၏ တရားစခန်းဝင်ဖူးသူတိုင်း အခါမဲ့မိုးများ ရုတ်တရက် ရွာသွန်းချတတ်ပုံတို့ကို ကိုယ်တွေ့ ကြုံဖူးကြ၏။

စာရေးသူရောက်ရှိခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ ပထမအကြိမ် တရားစခန်းဖွင့်စဉ်က နွေခေါင်ခေါင် ရုတ်တရက် ရွာချလိုက်သည့် မိုးကြောင့် အေးမြသွားရ၏။ ရဟန်းယောဂီ၊ လူယောဂီတို့ ဘုဉ်းပေးစားသောက်ချိန်တွင် မိုးကစဲပြန်၏။ ဆွမ်းစားဆောင်မှာ ဓမ္မာရုံကြီးကိုပင် အသုံးပြုနေရာ၊ ထန်းလက်စသည်ဖြင့် မိုးကာထားသဖြင့် မိုးမလုံ။

သို့သော် ယောဂီတို့ စုဝေးရောက်ရှိမည့် အချိန်တွင် မိုးကတိတ်သွား၏။ ဘုရားတန်ခိုး၊ တရားတန်ခိုးဟု ဆိုသော် ဆိုသင့်၏။

အခြားသော ဆရာတော်ဘုရားကြီး၏ တရားစခန်းအသီးသီးတွင်လည်း တရားမိုးများ ရွာသွန်းမြဲဖြစ်၏။ ရန်ကင်းအေးငြိမ်းရိပ်သာကြီးသည် ယခုအခါ တရားပတ်ပေါင်း ၂၇-ကြိမ်ပင် ရှိခဲ့၏။ မောင်းထောင် မြေဇင်းတောရတရားစခန်းကား အကြိမ်ပေါင်းမနည်းတော့ပြီ။

## နည်းသိတော့ လွယ်လွယ်လေး

ယခင်က သမထ-ဝိပဿနာပေါက်မြောက်ဖို့ခက်၏။ ဈာန်အဘိညာဏ် - သမာပတ်ဆိုသည်မှာ လွယ်လွယ်ဖြင့် ရနိုင်သည်ဟု မထင်မိကြ။ ဘုရားရှင်ပွင့်ချိန်မှသာ ဤတရားတွေ အကျိုးပေးဖြစ်ထွန်းသည် ထင်ခဲ့ကြ၏။

http://www.dhammadownload.com



ယခု မြေဇင်းတောရဆရာတော်ဘုရားကြီး၏ မေတ္တာတော်ကြောင့် စကြဝဠာတစ်ခုလုံး သွားလိုရာသွား၊ ကြည့်လိုရာ ကြည့်နိုင်ကြပြီ။ သို့သော် အကုသိုလ်ဖြစ်မည့် ကိစ္စများအတွက် အသုံးမချရ။ ကုသိုလ်တရားတိုးပွားမည့် နေရာတို့ကိုသာ ကြည့်စေ၏။ မြတ်ဗုဒ္ဓ၏ "ဧဟိပဿိက = မယုံလာကြည့်" ဆိုသည့် တရားဂုဏ်တော်အတိုင်း ကိုယ်တိုင်တွေ့ရမြင်ရမှ ယုံကြည်လက်ခံလိုသူတို့အတွက် အခွင့်ကောင်း အချိန်အခါဖြစ်၏။

အစာကျွေး နေရာပေးကာ သက်သောင့်သက်သာဖြင့် ၂-လတာကာလအတွင်း သမထ-ဝိပဿနာ အမြင်သန်အောင် စွမ်းဆောင်ပေးနိုင်သည်မှာ ဤမြေဇင်းတောရဆရာတော်ဘုရားကြီး ပြသနေသော ကန္နီနည်း ဥပနိဿယ ကမ္မဋ္ဌာန်းနည်းတစ်ခုသာ ရှိသေးသည်ဟု ဆိုနိုင်၏။

"မသေခင်လေး ဒီတရားတွေကို လက်ဆင့်ကမ်းခဲ့ချင်လို့ပါ" ဟု ဆရာတော်ကြီး မိန့်သည့်အတိုင်း၊ ဝိပဿနာ ဉာဏ်ပညာအမြင်ရှိသူတို့ အချိန်ရှိခိုက် နည်းယူကျင့်သုံးရန် အချိန်ရောက်ပြီဟု တိုက်တွန်းရင်း ကျေးဇူးရှင် မောင်းထောင် မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ချီးကျူးဂုဏ်ပြု ပူဇော်ပွဲတွင် မော်ကွန်းတင် ပူဇော်အပ်ပါသည်တည်း။

တပည့်တော်
စိုးတြ
၅. ၃. ၂၀၀၆

http://www.dhammadownload.com



# နံ့သာဆရာတော်

အရှင်နာရဒါဘိဝံသ

## တန်ခိုးကြီးမားသော မဟာစေတီ

ကမ္ဘာပေါ်ရှိ ဘုရားစေတီပုထိုးဟူသမျှတို့တွင် ဓာတ်တော်အများဆုံး တည်ရှိကိန်းဝပ်ရာစေတီမှာ သီရိလင်္ကာနိုင်ငံမှ 'ဟေမမာလီ' အမည်ရသည့် 'မဟာစေတီ' ဖြစ်သည်။ ဘယ်ဘုရားစေတီမှ မဟာစေတီလောက် ဓာတ်တော်မများချေ။ မဟာစေတီ၌ ဘုရားဓာတ်တော်ပေါင်း တစ်ဒေါဏ (တစရွတ်)ခန့် ကိန်းဝပ်တည်ရှိသည်။ မြတ်စွာဘုရားရှင်နှင့် အရှင်မဟာမဟိန္ဒရဟန္တာ မထေရ်တို့၏ ဗျာဒိတ်တော်အရ ဒုဋ္ဌဂါမဏိ အဘယမင်းကြီး တည်ထားသော ကောင်းမှုစေတီဖြစ်သည်။

မဟာစေတီအတွင်း ဓာတ်တော်တို့ကို ဌာပနာသွင်းသော နေ့၌ မြတ်စွာဘုရားရှင်၏ ကြိုတင်အဓိဋ္ဌာန်တော်မူထားချက်အရ ဓာတ်တော်တို့သည် မြတ်စွာဘုရားအသွင်ဖြင့် ကောင်းကင်သို့ ပျံတက်လျက် ရောင်ခြည်တော် ခြောက်သွယ်နှင့် ရေမီးအစုံ တန်ခိုး

http://www.dhammadownload.com



ပြာဋိဟာကို ပြတော်မူ၏။ ဌာပနာ သွင်းပွဲသို့ ရဟန္တာမထေရ်ပေါင်းကိုးဆယ့်ခြောက်ကုဋေ ကြွရောက်လျက် ဖူးမြော်ကြသည်။ တန်ခိုးပြာဋိဟာကို ဖူးမြင်ရသဖြင့် စိတ်ကြည်လင်ပြီး ဝိပဿနာရှုမှတ်ကြသောကြောင့် တစ်ဆယ့်နှစ်ကုဋေသော နတ်,လူတို့ ရဟန္တာအဖြစ်သို့ ရောက်ကြသည်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်သူတို့ကား ဤ၍ ဤမျှရှိ၏ဟု ရေတွက်ခြင်းငှာ မတတ်နိုင်ပေ။

## ရေမွှေးပက်ဖျန်းနေသော ဆရာတော်

ဤသို့သော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသောမဟာစေတီတော်ကြီးကို ဆရာတော်ကြီးတစ်ပါးသည် ရေမွှေးနံ့သာပုလင်းဖြင့် ဆွတ်ဖျန်းလိုက်, လက်အုပ်ချီပြီးဘုရားဂုဏ်တော်တို့ကို ရွတ်ဆိုကာ ရှိခိုးလိုက်ဖြင့် ပူဇော်နေသည်၊ မဟာစေတီတော်၏အောက်ခြေ အဝန်းအဝိုင်းမှာ စစ်ကိုင်း ကောင်းမှုတော်စေတီထက်ထုထယ် ကြီးမားကျယ်ပြန့်သဖြင့် အချိန်အတော်ကြာကြာ ပူဇော်ရ၏။ မဟာစေတီတော်အတွင်း၌ ရေမွှေးနံ့သာများ မွှေးကြိုင်သွားတော့၏။ ယင်းသို့ မဟာစေတီတော်ကြီးကို ရေမွှေးနံ့သာတို့ဖြင့်ပူဇော်နေသော ဆရာတော်ကြီးမှာ တခြားမဟုတ်၊ မြေဇင်းတောရဆရာတော်ကြီးပင် ဖြစ်သည်။

လွန်ခဲ့သော ၁၃၆၄ - ခုနှစ်ကဖြစ်သည်၊ ဤစာရေးသူသည်မြေဇင်းတောရဆရာတော်ကြီးနှင့်အတူ သီရိလင်္ကာနိုင်ငံသို့ ဘုရားဖူးကြွခဲ့သည်၊ စာရေးသူတို့အဖွဲ့တွင် အမျိုးသမီးတစ်ဦးမှ မပါသော်လည်း ရေမွှေးပုလင်းပေါင်းစုံနှင့် ပေါင်ဒါဗူးမျိုးစုံပါဝင်သော အထုပ်

http://www.dhammadownload.com



ကြီးကိုလည်း မြန်မာပြည်မှ သယ်ယူခဲ့ရင်း ဘာအတွက် သယ်ယူခဲ့ရသည်ဟု စဉ်းစားလို့မရချေ။ ဆရာတော်ကြီးကိုလည်း မလျှောက်ဝံ့ပေ၊ စေတီတော်ကြီးကို ပက်ဖျန်းပူဇော်သောအခါမှ "ဪ . . . ဘုရားစေတီကို အမွှေးနံ့သာဖြင့် ပူဇော်ဖို့ သယ်ယူလာခဲ့တာပါလား" ဟု သဘောပေါက်တော့သည်။

## ဘုရားရှင်ကို အလွန်ရိုသေကြည်ညိုသော ဆရာတော်

မြေဇင်းတောရ ဆရာတော်ကြီးသည်ကား ဘုရားရှင်ကို အလွန်ရိုသေကြည်ညို ကိုင်းရှိုင်းသော ဆရာတော်ဖြစ်ကြောင်း အတူဘုရားဖူးသွားသောအခါမှ ပိုပြီးထင်ရှားလာသည်။ ဆရာတော်သည် ကန္ဒီနည်းဖြင့် တရားပြသည်။ သမထရော ဝိပဿနာပါ တရားပေးသည်။ ရက်ပေါင်း ၆၀ တရားစခန်းဖွင့်သည်၊ သမထဘာဝနာကို ၅ ရက်ပွားခိုင်းသည်၊ ၅ ရက်တွင် ဗုဒ္ဓါနုဿတိဘာဝနာအဖြစ် အရဟံဂုဏ်တော်ကြီးကို ၃ ရက်ပွားရသည်၊ မေတ္တာပို့သခြင်းနှင့် သေခြင်းတရား မရဏာနုဿတိကို (၁) ရက်စီပွားရသည်။ ထို့သို့ အရဟံဂုဏ်ကို ၃ ရက်ပွားခိုင်းရာ၌ ပွားပုံပွားနည်းကို ဤသို့ အမိန့်ရှိပါသည်။

အရဟံဂုဏ်တော်ပွားမည်ဆိုရင် ထွက်လေဝင်လေ ထွက်တိုင်း ဝင်တိုင်း ----

ရှူတယ် . . . အရဟံ၊

ရှိုက်တယ် . . . အရဟံ၊

ဘယ်လှမ်းတယ် . . . အရဟံ၊

http://www.dhammadownload.com



ညာလှမ်းတယ် . . . အရဟံ၊

ရေသောက်တယ် . . . အရဟံ၊

စားတယ် ဝါးတယ် . . . အရဟံ၊

အိပ်တဲ့အချိန်ထားပြီး လျှောင်း . ထိုင် . ရပ် . သွား ဣရိယာပုတ် ၄ -ပါးလုံး တရစပ် အရဟံ မချရဘူး၊ အင်မတန်ချမ်းသာတယ်၊ အကျိုးတွေလဲ အင်မတန်များတယ်၊ ပြောလို့မကုန်ဘူးဗျ။

ဗုဒ္ဓဂုဏာ၊ ပွားသူမှာ၊ ခန္ဓာစေတီထိုက် - တဲ့။

( ဒဿနပါရဂူ ကျမ်း၊ စာ - ၈၃)

## ဆရာတော် နေ့စဉ် ရှိခိုးသောစေတီများ

ယောဂီပုဂ္ဂိုလ်တို့အားသာ ဘုရားဂုဏ်ကို ပွားခိုင်းသည်၊ ဘုရားရှိခိုးခိုင်းသည်မဟုတ်၊ ဆရာတော်ကြီးကိုယ်တိုင်လည်း နေ့စဉ် ဘုရားရှိခိုး ဂုဏ်တော်ပွားသည်သာ ဖြစ်သည်၊ ဆရာတော်ကြီးသည် ၁၃၂၅ - ခုနှစ်မှစ၍ ယနေ့တိုင်အောင် နိုင်ငံ ၃ နိုင်ငံမှ ဘုရားစေတီတို့ကို မိမိနေတဲ့နေရာ ရောက်ရာအရပ်မှနေ၍ မှန်းပြီး ရှိခိုးကန်တော့လေ့ရှိသည်၊ မိမိအမြဲနေရာ မောင်းထောင်မြေဇင်းတောရမှပဲဖြစ်စေ, တရားစခန်းဖွင့်ရာ ရန်ကင်းအေးငြိမ်းရိပ်သာနှင့် မှော်ဘီ လှပဒါး တရားစခန်းမှာပဲဖြစ်စေ, ခေတ္တသီတင်းသုံးရာ ညီဖြစ်သူ ဓမ္မာစရိယဦးဌေးလှိုင်၏ အိမ်မှာပဲဖြစ်စေ ဘယ်မှာပဲနေနေ ဘယ်သို့ပဲရောက်ရောက် ရောက်ရာနေရာအရပ်မှနေ၍ ရည်မှန်းပြီး ရှိခိုးသည်သာဖြစ်၏။

http://www.dhammadownload.com



နိုင်ငံ ၃ နိုင်ငံမှ စေတီတို့ဟူသည်ကား ---

၁။ အိန္ဒိယနိုင်ငံမှ မဟာဗောဓိစေတီတော်ကြီး၊

၂။ သီရိလင်္ကာနိုင်ငံမှ မဟာစေတီ၊ ထူပါရုံစေတီနှင့် စွယ်တော်တိုက်၊

၃။ မြန်မာနိုင်ငံမှ ရွှေတိဂုံစေတီတော်တို့ဖြစ်သည်။

မိမိကိုယ်တိုင် ထိုဘုရားစေတီတော်တို့ကို ရှိခိုးကန်တော့သလို တပည့်ယောဂီ ပရိသတ်များကိုလည်း ရှိခိုးကန်တော့ခိုင်းလေသည်၊ စာရေးသူတို့ လှရတနာကျောင်းသို့ ဆွမ်းဘုဉ်းပေးကြွတုန်းကလည်း ဆွမ်းဒကာ ဒကာမတို့ကို ထိုဘုရားစေတီတို့ရှိရာ အရပ်သို့ မျက်နှာမူစေ၍ လက်တွေ့ရှိခိုး ကန်တော့ခိုင်းသည်ကို တွေ့မြင်ရသည်။

## ရေမွှေးနံ့သာဖြင့် ပူဇော်သော စေတီများ

ဆရာကြီးသည် မဟာစေတီကို ရေမွှေးပက်ဖျန်းရင်း "ဦးနာရဒ ... ဒီမဟာစေတီတော်အတွင်းမှာ ဘုရားရှင်ရဲ့ ဓာတ်တော်တွေ အများကြီးရှိတယ်၊ အဲဒီဓာတ်တော်တွေကို ရည်မှန်းပြီး ရေမွှေး ပက်ဖျန်းပူဇော်ရတာပဲ" ဟု အမိန့်ရှိလေသည်၊ မဟာစေတီကိုသာ မဟုတ် ထူပါရုံစေတီ, မရီစဝဋ္ဋိစေတီ, ဇေတဝနစေတီ, အဘယဂိရိစေတီ, ကလျာဏီစေတီ စသောစေတီတို့ကိုလည်း ရေမွှေးပေါင်ဒါမှုန့်တို့ဖြင့် ပက်ဖျန်းပူဇော်သည်သာ ဖြစ်၏။

ထို့အပြင် မဟာဗောဓိပင်တို့ကိုလည်း ရေမွှေးပေါင်ဒါမှုန့်တို့ဖြင့် ပက်ဖျန်းဆွတ်ဖျန်းလျက် ရှိခိုးကန်တော့သည်ကိုတွေ့ရသည်။ ဆရာတော်ဘုရားကြီး ထိုသို့ရေမွှေးပေါင်ဒါ နံ့သာတို့ဖြင့် ပက်ဖျန်း

http://www.dhammadownload.com



ပူဇော်သည်ကို အားကျအတုယူပြီး မိမိတို့လည်း ဘုရားစေတီနှင့် မဟာဗောဓိပင်တို့ကို ရေမွှေး ပေါင်ဒါမှုန့် နံ့သာတို့ဖြင့် ပူဇော်ရသည်။

## ရေမွှေးနံ့သာဖြင့် ပူဇော်ရကျိုးများ

မြန်မာပြည် ပြန်ရောက်၍ အပါဒါန် ပါဠိတော်တို့ကို လေ့လာကြည့်ရှုသောအခါ မြေဇင်းဆရာတော်ကြီးရေမွှေးပေါင်ဒါ အမွှေး နံ့သာတို့ဖြင့် ပူဇော်ခြင်းကို ပိုပြီးနားလည်သဘောပေါက်တော့၏။ ဆရာတော်ကြီးသည် ဂန္ဓဓူပိယမထေရ် စူဠသုဂန္ဓမထေရ်နှင့် သုဂန္ဓမထေရ်တို့ နည်းအတိုင်း ဘုရားရှင်နှင့် စေတီပုထိုးတို့ကို ပူဇော်ခြင်းဖြစ်ပေသည်။

ထိုမထေရ်တို့တွင် ဂန္ဓဓူပိယမထေရ်၊ စူဠသုဂန္ဓ မထေရ်တို့သည် ဘုရားရှင်နှင့် ဘုရားရှင်သီတင်းသုံးရာ ဂန္ဓကုဋီကျောင်းမြေကို နံ့သာ ၄ မျိုးဟု ဆိုအပ်သော "ဝတ္ထုဂန္ဓ"ဖြင့် ပက်ဖျန်း လိမ်းကျံခြင်းဖြင့် ပူဇော်ကြသည်၊ သုဂန္ဓမထေရ်ကမူ ဘုရားရှင်၏ "ခီဏာသဝ အနီယ" စသော ဂုဏ်တော်တို့ကို ရွတ်ဆိုချီးမွမ်းခြင်းဟု ဆိုအပ်သော "ဂုဏဂန္ဓ" ဖြင့် ပူဇော်လေသည်၊ ယင်းမထေရ် တို့ကို အားကျ အတုယူပြီး ဆရာတော်ကြီးသည် " ဝတ္ထုဂန္ဓ+ဂုဏဂန္ဓ" ၂ မျိုးဖြင့် ပူဇော်နေခြင်းပင်ဖြစ်သည်။ ယင်းသို့ ဂန္ဓ ၂ မျိုးဖြင့် ပူဇော်လျှင် မုခဂန္ဓ=ခံတွင်းအနံ့၊ ဒေဟဂန္ဓ=ကိုယ်အနံ့။ သေဒဂန္ဓ= ချွေးအနံ့ တို့သည် ပဒုမာကြာပန်းအနံ့၊ စကားပန်းအနံ့ တို့ကဲ့သို့ မွှေးကြိုင်လှိုင် ကြသည်၊ ကောင်းသတင်းအားဖြင့်လည်း မွှေးကြိုင်ပျံ့နှံ့ နိုင်သည်၊

http://www.dhammadownload.com



အပါယ် ဒုဂ္ဂတိဘုံဘဝတွေမှာ မဖြစ်ရပဲ လူ့ပြည်နတ်ပြည် သုဂတိဘုံ ဘဝမှာသာ ဖြစ်ရသည်။

ရဟန္တာအဖြစ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသည့် နောက်ဆုံး ဘဝတွင်မူ မွေးဖွားသောအခါ, ရဟန္တာဖြစ်သောအခါ, ပရိနိဗ္ဗာန်စံ သောအခါတို့၌ နံ့သာမိုးများပင် ရွာသွန်းလေသည်၊ ဤသို့သော ကောင်းကျိုးအမျိုးမျိုးကို ရရှိနိုင်သဖြင့် ဆရာတော်ကြီးသည် စေတီ ပုထိုး ဗောဓိပင်တို့ကို အမွှေးနံ့တို့ဖြင့် ပူဇော်ခြင်းပါတကား -- ဟု သိရှိလာရပေသည်။

ယင်းသို့ ဘုရားစေတီပုထိုးနှင့် ဗောဓိပင်တို့ကို ရေမွှေးနံ့သာ ပေါင်ဒါမှုန့်တို့ဖြင့် ပက်ဖျန်းပူဇော်သည်ကို မြင်တွေ့ရသဖြင့် ဆရာ တော်ကြီးအား "နံ့သာဆရာတော်" အနေဖြင့် ကြည်ညိုမိပါသည်။

## အမွှေးနံ့သာဖြင့် ပူဇော်နည်း

ယင်းသို့ ကြည်ညိုသဖြင့် မိမိတို့အနေဖြင့်လည်း ဘုရားဆင်းတု ရုပ်ပွား စေတီပုထိုးတို့ကို အမွှေးနံ့သာတို့ဖြင့် ပူဇော်ရပါသည်။ ပူဇော်ရာ၌ နံ့သာအမွှေးတိုင်ကို ထွန်း၍လည်း ပူဇော်နိုင်ပါသည်၊ ရေမွှေးပုလင်း ပေါင်ဒါမှုန့်ဗူးတို့ဖြင့် ဆွတ်ဖျန်း ပက်ဖျန်းလျက်လည်း ပူဇော်လို့ရပါသည်၊ ထို့အပြင် နံ့သာတုံး နံ့သာခဲများဖြစ်ကြသော သနပ်ခါးခဲကို ရေဖျော်၍လည်းကောင်း၊ သနပ်ခါးတုံး နံ့သာဖြူတုံး ကရမက်တုံး သရက္ခန်တုံးတို့ကို သွေးလျက် နံ့သာရေအဖြစ် ပြုလုပ်၍ လည်းကောင်း ပူဇော်နိုင်ပါသည်။

http://www.dhammadownload.com



ပူဇော်ရာ၌ စေတီပုထိုးကိုလည်းကောင်း၊ ကြေးဆင်းတုရုပ်ပွား၊ ကျောက်ဆင်းတုရုပ်ပွားကိုလည်းကောင်း၊ ရေသပ္ပာယ်ပူဇော်နိုင်ပါသည်။ ဘုရားပန်းနှင့် ဘုရားခန်း ဘုရားကျောင်းဆောင်တို့ကို နံ့သာရေဖြင့် ပက်ဖြန်းနိုင်ပါသည်။ မွှေးသောရနံ့ရှိသော စံပယ်ပန်း၊ မြတ်လေးပန်း၊ ကြက်ရုံးပန်း၊ နှင်းဆီပန်း၊ စကားပန်း၊ ရွှေပန်း၊ ငွေပန်းစသော နံ့သာပန်းတို့ကို ဘုရားပန်းအဖြစ် တင်လှူလျှင်လည်း အမွှေးနံ့သာဖြင့် ပူဇော်သည်ဟုပင် ဆိုရသည်။

ဤရေမွှေးပေါင်ဒါ အမွှေးနံ့သာတုံး နံ့သာခဲ၊ နံ့သာရေ၊ နံ့သာပန်းတို့ဖြင့် ပူဇော်ခြင်းသည် 'ဝတ္ထုဂန္ဓ'ဖြင့် ပူဇော်သည်မည်၏၊ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ စသော မိမိရရှိသည့် ဘုရားဂုဏ်တော် ဘုရားရှိခိုးတို့ကို ရွတ်ဆိုလျက် ပူဇော်ခြင်းသည်ကား 'ဂုဏဂန္ဓ' ဖြင့် ပူဇော်ခြင်းဖြစ်သည်။ ဤသို့ ဂန္ဓ ၂-မျိုးဖြင့် ပူဇော်နိုင်လျှင် သုဂန္ဓမထေရ်တို့ကဲ့သို့ ရနံ့ကောင်းကျိုး အမျိုးမျိုးကို ရရှိနိုင်ပါသည်။

မြေဇင်းတောရ ဆရာတော်ကြီး 'အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ' ဘွဲ့ရရှိခြင်းကို ဆရာတော်၏ တပည့်ယောဂီ တစ်ပါးအနေဖြင့် အတူဘုရားဖူးသွားရင်း မြင်တွေ့အားကျ အတုယူ ကြည်ညိုခဲ့ရသော 'နံ့သာဆရာတော်'ဟူသော ဤဆောင်းပါးဖြင့် ဂုဏ်ပြုပူဇော်ပါသည်။ ဆရာတော်ကြီး ကျန်းမာစွာဖြင့် သက်တော်ရှည်ပြီး တရားဓမ္မတို့ကို ပြသနိုင်ပါစေဟူ၍ မေတ္တာပို့သပေးရပါသည်။

အရှင်နာရဒါဘိဝံသ
(၅. ၃. ၂၀၀၆)

http://www.dhammadownload.com





အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ

သက်တော်ရှည်မြေဇင်းတောရဆရာတော်ဘုရားကြီးအား

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေ

ရန်ကင်းအေးငြိမ်းရိပ်သာတွင်

၂၄-၃-၂၀၀၆ နေ့တွင် ကျင်းပအပ်သော ဂုဏာပူဇာပွဲ၌

ရေးစပ်သီကုံးပူဇော်အပ်သော

## ဂုဏာပူဇာ ရှစ်လုံးသွဲ့ ကဗျာများ

(၁) ဗုဒ္ဓဓမ္မ သံဃရတနာ
ဆရာမိဘ ဂုဏအဖြာဖြာ
အာရုံရည်စူး ကြည်နူးသဒ္ဓါ
လက်စုံမိုး ရှိခိုးဝန္ဒနာ။

(၂) မောင်းထောင်မြေဇင်း ထေရ်မင်းမဟာ
ကြောင်းရာထုပ္ပတ် ဖြစ်ရပ်စုံစွာ
ရှင်လူအများ ကြည်ပွားစိမ့်ငှာ
စာမော်ကွန်း တင်ညွှန်းဖွဲ့ကဗျာ။

(၃) မြန်ပြည်ထက်ပိုင် စစ်ကိုင်းဇေယျာ
ရွှေးခေါ်သမိုက် ဗဒ်ုတိုက်ဝင်ပါ

http://www.dhammadownload.com



ဘုတလင်နယ်တွင်း သတင်းဝေဖြာ
မောင်းထောင်ကြီး အနီးညောင်ကန်ရွာ။

(၄) ကုန်းဘောင်မင်းဆက် ထွန်းတက်ချိန်ခါ
ပညာရှိများ ထင်ရှားထွက်ရာ
ထိုနှစ်ရပ်ကြား ထူးခြားဒေသာ
ရေကန်စု ဖွားမှုဇာတိရွာ။

(၅) မောင်းထောင်ဒုတိယ သာသနာ့မှူးပိုင်
သံတော်ဆင့်မတ် ထူးမြတ်ဦးဆိုင်
မဟာနွယ်ဆက် ဆင်းသက်ဆွေမြိုင်
ဦးဖိုးကဲ ယှဉ်တွဲဒေါ်ဗျော့တိုင်။

(၆) မာတာပိတ မိဘနှစ်ဖြာ
တစ်'နှစ်'ရှစ်'သုံး ကျော်မုန်း အဌာ
ထေရမဟာလောင်း သားကောင်းရတနာ
သောကြာနေ့ ချမ်းမြေ့ဖွားမြင်လာ။

(၇) မောင်းထောင်ယွန်းဆက် ထွန်းတက်စံပျော်
ဦးဇနိန္ဒ ထေရအကျော်
ဥပဇ္ဈာယ်ရင်း ဝပ်စင်းထံတော်
စာပေများ သင်ကြားဉာဏ်စေ့ဆော်။

(၈) အမရပူရ ရာဇဌာနီ
တူးမောင်းကျောင်းတိုက် နှစ်ခြိုက်ဝါသီ
မိုးကုတ်ဆရာလောင်း ထေရ်ကောင်းခိုမှီ
ဘိမေ့ သင်ရ ညဝါဆီ။

http://www.dhammadownload.com



(၉) သီဟိုဠ်ရှင်မြတ် ကိန်းဝပ်ရွှေကူ
နိကာယ်ပိဋကတ် ကျက်မှတ်သင်ယူ
မဟာဝိသု စံပြုတစ်မူ
ခိုဝင်ငြား သင်ကြားအောင်လံထူ။

(၁၀) ဝေဘူထေရ်မြတ် ဆည်းကပ်ကနီ
အင်ချောင်ထေရ်မင်း ဝပ်စင်းသာကြည်
အာနာပါန ပါဒခြေတည်
ကမ္မဋ္ဌာန်း မဂ်လမ်းထွင်ဖို့ရည်။

(၁၁) လွယ်ကူသိအပ် ကျင့်မြတ်မဟာ
ဆရာ့လက်ဆုပ် ထုတ်နုတ်ပိုင်စွာ
နယဂ္ဂါဟ ကျနသေချာ
တရားမွေ့ ကိုယ်တွေ့သာသနာ။

(၁၂) သူတော်ဓလေ့ ပျော်မွေ့ဖွယ်ရာ
အာရုံကင်းဆိတ် နိမိတ်ထူကာ
ရံခြေဋ္ဌာရှင်း မြေဇင်းဌာနာ
တောရမှီး ကိုယ်တည်းဧကစာ။

(၁၃) ဂုဏ်တော်ရနံ့ မွှေးပျံ့ကြိုင်စွာ
ကြေညာသတင်း ထုတ်ချည်းနှံ့ကာ
ဝေနေယျများ ထံပါးခိုလာ
တရားပြ ဝေငှမြိုက်သုဓာ။

(၁၄) ကမ္မဋ္ဌာန စရိယမဟာ
အင်္ဂထပ်တိုး မြတ်နိုးသဒ္ဓါ

အစိုးရမင်း အပ်နှင်းပူဇာ
နှစ်ကြိမ်မြောက် ထွန်းတောက်ဂုဏ်ရည်ဖြာ။

(၁၅) ရန်ကင်းအေးငြိမ်း စံကိန်းခိုရာ
တပည့်အများ ညွှတ်တွားသဒ္ဓါ
ညီညာပေါင်းစု ကောင်းမှုပူဇာ
ကြည်ညိုကြ ထေရဂုဏ်မဟာ။

(၁၆) ရာကျော်အသက် တည်လျက်ရှည်ကြာ
ရောဂါကင်းဝေး ငြိမ်းအေးချမ်းသာ
သာသနာပြု ကောင်းမှုဝေဖြာ
ပွားစေကြောင်း ဆုတောင်းပတ္ထနာ။

တပည့်-

သာမဏေကျော် ဓမ္မာစရိယ
ဥဘတောဝိဘင်္ဂဓရ
**အရှင်စန္ဒနာလင်္ကာရ(ကနီ)**

http://www.dhammadownload.com



အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ

သက်တော်ရှည်

မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီးအား

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေ

ရန်ကင်းအေးငြိမ်းရိပ်သာတွင်

၂၄-၃-၂၀၀၆ နေ့တွင် ကျင်းပအပ်သော ဂုဏပူဇာပွဲ၌

သာမဏောကျော် ဓမ္မာစရိယ

ဉာဏတောဝိဘင်္ဂရေ

## အရှင်စန္ဒိမာလင်္ကာရ (ကနီ)

## ရေးစပ်သီကုံး ဂုဏ်ပြုပူဇော်အပ်သော

## ဂုဏပူဇာဂါထာများ

(၁)

သောဘေတိ ယော ပုတ္တဝရော၊

မာတာပိတာဒိ ဉာတိယော။

သုစိတ္တေန စ ဝဏ္ဏေန၊

ဒန္တေန ပဋိဗလေန စ။

ယောပုတ္တဝရော-မြေဇင်းအလျာ ဘုန်းသမ္ဘာနှင့် မကွာယှဉ်စပ် အမြဟ်ရတနာ အကြင်သားသည်းချာသည်။သုစိတ္တေန စ-မကောက်မညင်း ဖြူစင်ဝင်းသည့် သန့်ရှင်းကောင်းမြတ်စိတ်ဓာတ်အလှဖြင့်လည်းကောင်း။ ဝဏ္ဏေန စ-မြင်ကာခဏာ ချီယုယလျက် ရှုစရာချစ်ဖွယ်

http://www.dhammadownload.com



လွှန်တင့်တယ်သည့် နုသွယ်ဖြူဝင်း ရုပ်ဆင်းအလှဖြင့်လည်းကောင်း။ ဒန္တေနစ-ကိုယ်နှုတ်မှုရာ ပြောချိုသာ၍ လိမ္မာယဉ်ကျေးအလှဆေး ဖြင့်လည်းကောင်း။ပဋိဗလေနစ-အရာရာဝယ် အသိကြွယ်၍ နားလည် တတ်ကျွမ်း ဉာဏ်အစွမ်းဖြင့်လည်းကောင်း။မာတာပိတာဒိဉာတိယော- ခမည်းတော် ဦးဖိုးကဲ-မယ်တော် ဒေါ်ဗျော့ အစရှိသည့် ဉာတိတစ်သင်း ဆွေမျိုးသားချင်းတို့ကို။ သောဘေတိ - သားကောင်းရတနာ ဆင်တန်ဆာဖို့ လူ့ရွာပွဲလယ် အလွှန်ပင် တင့်တယ်စေတော်မူပါပေ သတည်း။

## (၂)

**သောဘေတိ သော ယုတ္တဝရော၊**

**အဗျတ္တေတု ပရေသု စ။**

**သမာဓိသီလ အာဘာယ၊**

**ပညာယ ဗုဒ္ဓသာသနံ။**

သော ယုတ္တဝရော-ကမ္ဘာ့ဌာန်းကျင့်မြတ် မဂ္ဂင်ဓာတ်၌ ယှဉ်စပ် ကြိုးကုတ် အားထုတ်တော်မူပြီး ထိုမြေဇင်းတောရ ဆရာတော် ဘုရားကြီးသည်။ဗုဒ္ဓသာသနံ - အလွှန်တရာ ကြွခဲ့စွာသည့် သဒ္ဓမ္မ သုံးဖြာ မြတ်ဘုရားသာသနာတော်ကြီးကို။ သမာဓိသီလ အာဘာယ- မစွန်းမညစ် ပွတ်သစ်တောက်ပ ကျင့်သီလနှင့် သမထတန်ဆောင် သမာဓိအရောင်ဖြင့်လည်းကောင်း။ပညာယ စ-နာမ်ရုပ်နှစ်ပါး ပိုင်းခြား မြင်သိ စရိုဆယ်ဖြာ ဝိပဿနာတန်ဆောင် ဉာဏ်အရောင်ဖြင့် လည်းကောင်း။အဗျတ္တေတု-လူရှင်ခပင်း များဗိုလ်သင်းထက် အတွင်း

http://www.dhammadownload.com



ရင်းခံ ကိုယ်တော်ဘုရား သန္တာန်၌လည်းကောင်း။(ဝါ)အဖျွတ္တေတုကိုယ်တော်ဘုရားနေရင်း မောင်းထောင်မြေဇင်းတောရ၌လည်းကောင်း။ ပရေသု စ- ထံပါးကပ်ခို နည်းယူလိုသည့် ဗိုလ်လူရှင်များ သူတစ်ပါးသန္တာန်တို့၌လည်းကောင်း။(ဝါ)ပရေသု စ- ရန်ကုန်မှော်ဘီ လှပဒါးစခန်း' မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေ ရန်ကင်းအေးငြိမ်းရိပ်သာ အစဖြာသည့် နေရာအသီးသီးတို့၌လည်းကောင်း။ ဇောတေတိ-မိုက်မှောင်ခွာရှင်း ကမ္ဘာချဉ်းအောင် ထွန်းလင်းတောက်ပစေတော်မူပါသတည်း။

## (၃)

**ထောမေတိ နော သုဒ္ဓဇနော၊**
**ဂရုနော အဘိသမ်တံ။**
**ဓမ္မောသဓံ ပိဝိတ္ဝာန၊**
**ဥဇယျံ ဒဿနပါရဂံ။**

သုဒ္ဓဇနော- စိတ်ထားဖြူစွာ ထံပါးလာ၍ တရားရှာတောင်း လူရှင်အပေါင်းသည်။ နော အမှာကံ- တရားရှာဖွေ ငါတို့တစ်တွေ၏။ ဂရုနော-လေးစားဂုဏ်တင် ကျေးဇူးရှင် မောင်းထောင် မြေဇင်းတောရ ဆရာတော်ဘုရားကြီးသည်။ အဘိသမ်တံ- ဆရာ့လက်ကျ နည်းစုံရသဖြင့် ကျနပြုပြင် စီရင်အပ်သော။ဥဇယျံ- ကျင့်လာအစ တစ်ခဏဖြင့် မုချသိမြင်ချမ်းသာလွယ်ကူသော။ဒဿနပါရဂံ-သံသရာတစ်ဖက်ကမ်း နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ထသော။ဓမ္မောသဓံ- သမထဝိပဿနာ နှစ်ဖြာစပ်ဖော် တရားဆေးတော်ကို ။ ပိဝိတ္ဝာန- ကိုယ်တိုင်ကိုယ်ကျ သောက်သုံးရသဖြင့်။ ထောမေတိ- အဟောဝတ ကောင်းပေစွ့ဟု အားရရွှင်လန်း ချီးမွမ်းရပေသတည်း။

http://www.dhammadownload.com



(၄)

လောကေဟိ နော ယုတ္တစရော၊
သမ္မတေ ဟိ သုပူဇိတော။
မုတ္တာပေ အဂ္ဂလဒ္ဓေန ၊
မယံ သိဿာ နုဝတ္တကာ။

နော အမှာက်-တရားရှာဖွေ ငါတို့တစ်တွေ၏။ယုတ္တစရော-ကမ္မဋ္ဌာန်းကျင့်မြတ် မဂ္ဂင်ခါတ်၌ ယှဉ်စပ်ကြိုးကုတ် အားထုတ်တော်မူပြား ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကို။လောကေဟိ - များလှသောင်းသောင်း လူရှင်အပေါင်းတို့သည်။ သမ္မတေဟိ- သမုတ်ပညတ်မြောက်တင်အပ်သဖြင့် ဥက္ကဋ္ဌခေါ်ပြား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမင်းများတို့သည် ။မုတ္တာပေ- ၅၈'ကြိမ်မြောက် ပွဲတော်ရောက်သည့် ထွန်းတောက်မင်္ဂလာ လွှတ်လပ်ရေးနေ့အခါ၌။အဂ္ဂလဒ္ဓေန-တရားပြဆရာ မြတ်လှစွာဟု အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ဖြင့်။သုပူဇိတော- ဂုဏ်ရေးနှင့်ဂုဏ် လိုက်ဖက်စုံအောင် ယုံကြည်ကော်ရော် ပူဇော်အပ်လေပြီ။

မယံ သိဿာ- ကျေးဇူးတော်ရှင် ဆရာသခင်၏ ကျင့်စဉ်အမှန်နည်းယူခံပြား (ရန်ကင်းအေးငြိမ်း) တပည့်များတို့သည်လည်း။ အနုဝတ္တကာ - ခေါင်းဆောင်ရှေ့သွား စိုးရများသို့ မခြားပုံပြု အတူလိုက်ကြကုန်လျက်။ သုပူဇာမ- သဒ္ဓါမဆွံ့ နောက်မတွန့်ဘဲ ထပ်ကွန့်ကော်ရော် ပူဇော်ကြပါကုန်သည် ဘုရား. . . . ။

http://www.dhammadownload.com



# ဖြောင့်မတ်ခြင်း

'အာနာပါန'ဆိုတဲ့အသံကို ကြားဖူးတာကတော့ ငယ်ငယ်ကတည်းကပါပဲ။ အဘိုး အဘွား အဖေ အမေတွေက ဒီနည်းကိုပဲ အားထုတ်ကြတော့ မစိမ်းပါဘူး။ အချိန်တွေကို ဘယ်လိုသုံးရမှန်း မသိအောင်ပိုနေရင် ထွက်လေဝင်လေမှတ်တာဟာ အကောင်းဆုံးလို့ သိထားပါတယ်။

ဒီလိုအားထုတ်ရင် စိတ်တည်ငြိမ်ပြီး အမှားနည်းတယ်၊ စာကျက်လို့ရလွယ်တယ်ဆိုတာတွေ သိလာရပါတယ်။အာနာပါန အားထုတ်ရင် အရောင်အလင်းတွေရနိုင်တာ၊ဖြစ်ပေါ်တာတွေဟာ အဆန်းတော့မဟုတ်ပါဘူး။

မင်္ဂလာဗျူဟာ သာမဏေကျော် ဆုနှင်းသဘင်အကြို ဟောပြောပွဲတွေလုပ်တော့ ၁-၁၂-၂၀၀၂နေ့မှာ ဓမ္မာစရိယဦးဒွေးလှိုင် လာရောက်ဟောပါတယ်။ သူဟောတဲ့ အကြောင်းအရာတွေထဲမှာ အာနာပါနရှုမှတ်ပွားများ နိမိတ်လွှတ်ပြီး နတ်ပြည် ဗြဟ္မာ့ပြည်က ဘုရားတွေ၊ နတ်ပြည်တွေ ဖူးနိုင် မြင်နိုင်တဲ့အကြောင်း ကိုယ်တွေ့ ဟောပြောသွားတာ စကြားဖူးပါတယ်။စိတ်ဝင်စားအားကျစိတ် ပေါ် လာခဲ့ရပါတယ်။

## သမာဓိမျက်စိနဲ့ဘုရားဖူးသူ

၂၀၀၃ခုနှစ်၊အောက်တိုလာမှာ မုံရွာကိုသွားဖို့ကိစ္စကြုံလာပါတယ်။ ဓမ္မာစရိယဦးဒွေးလှိုင်က မြေဇင်းတောရကို လိုက်လာခဲ့ဖို့ မှာသွားပါတယ်။

http://www.dhammadownload.com



အဲဒီအချိန် မြေဇင်းတောရမှာ ရန်ကင်းတောင် ရန်ကင်း အေးငြိမ်းရိပ်သာဆရာတော်လေး ဦးကေလာသတို့ ရှိနေပါတယ်။ မြေဇင်းတောရဆရာတော်ကြီးနဲ့ စတွေ့တွေ့ချင်း တစ်ရှူတစ်ရှိုက်ကို အထင်မသေးကြနဲ့-လို့ စဟောပါတယ်။ တစ်ရှူတစ်ရှိုက်ကို တန်ဖိုး ထားရင် အင်မတန်အဖိုးတန်ပြီး၊တရားစောင့်သူကို တရားက ကိုယ့်ကို ပြန်စောင့်ရှောက်သွားလိမ့်မယ်တဲ့။

နောက် မခင်သိန်းအကြောင်းလဲ ပြောပြတယ်။မခင်သိန်းဟာ ငယ်ငယ်လေးကတည်းက မျက်စိကွယ်ခဲ့တယ်တဲ့။တရားထိုင်ခိုင်းပြီး သမာဓိမျက်စိနဲ့ဘုရားဖူးခိုင်းတာ ကျေနပ်စရာကောင်းလောက်အောင် ဘုရားဖူးနိုင်၊ကြည်ညိုနိုင်ဖြစ်သွားတဲ့အကြောင်းအားပါးတရရှင်းပြတာ တစ်နာရီနီးပါးကြာပါတယ်။

မြတ်စွာဘုရားရှင်ရဲ့အဆုံးအမတွေကို လုံးဝဉဿုံယုံကြည် စိတ်ချစွာခံယူထားတဲ့မြေဇင်းတောရဆရာတော်ကြီးရဲ့ဖြောင့်မတ်တဲ့ ဥဇုဂုဏ်တော်ကို ထင်းထင်းကြီး ပူဇော်ကြည်ညိုခွင့်ရလိုက်ပါတယ်။

ပြီးတော့ ဦးကေလာသ၊ အောင်ပန်း - ဒေါ်ရွှေကြည်တို့နဲ့ ပြောခွင့် ဆွေးနွေးခွင့်တွေလဲရရော၊ သူတို့ပြောပြ ရှင်းပြနေတာတွေက ယောင်ဝါးဝါးတွေ မဟုတ်ဘူး။လီဆယ်လှည့်ဖျားပြီး ပြောနေ ကြတာတွေမဟုတ်ဘူး။ဆရာတော်ကြီးရဲ့စကားတွေကို ဖွင့်ဆိုရှင်းပြ နေသလိုပါပဲ။

## သံဝေဂပိုမိ

၂၀၀၄-ခုမတ်လမှာ မြေဇင်းတောရသွားဖို့ ပြင်ဆင်တယ်။ အဲဒီအချိန်မှာ ဦးငွေလှိုင်က အိပ်ရာထဲလဲနေပါပြီ။ မြေဇင်းတောရ ဆရာတော်ကြီးက ဦးငွေလှိုင်ရဲ့အနားမှာလာပြီး တရားနဲ့လာစောင့် ရှောက်တာ တွေ့ရပါတယ်။အမှတ်သတိမလွတ်ဖို့ အထူးသတိပေး ဆုံးမနေတာတွေ ကြားရပါတယ်။အဲဒီမှာ သူတော်ကောင်းကြီးများရဲ့ စိတ်ဓာတ်ကို အထင်းသားကြည်ညိုခွင့် ရရှိလိုက်ပါတယ်။ မိတ်ဆွေ ကောင်းဆိုတာ ဒါပါလားလို့လဲ သိရှိကြည်ညိုလိုက်ရပါတယ်။

http://www.dhammadownload.com



ဆရာတော်ကြီးကိုကန်တော့တဲ့အခါ လက်ဖဝါး တံတောင်ဒူး ခြေအစုံ ကြမ်းမှာတည်ဖို့နဲ့ ဦးခေါင်းကို လက်ဖမိုးနှစ်ခုပေါ်မှာထားဖို့သင်ပေးလိုက်ပါတယ်။ဆရာတော်ကြီးက သူပြန်ရင်လိုက်ခဲ့ဖို့မှာလိုက်တယ်။လဆန်းပိုင်း(၁၁-၃-၀၄)မှာပဲ ဦးဌေးလှိုင်ကွယ်လွန်သွားရှာပါတယ်။အဲဒီနှစ်မြေဇင်းကို မသွားဖြစ်ခဲ့ပါဘူး။ဦးဌေးလှိုင်ကတော့ ကျွန်မကို ကမ္မဋ္ဌာန်းတရား လက်တွေ့ပြသွားသလိုပါပဲ။သံဝေဂဉာဏ်တွေ ပိုပြီး ထက်သန်ခဲ့ရပါတယ်။

## ကန်တော့နည်းမှုမှန်သင်

၂၀၀၅ခုမတ်လမှာ မြေဇင်းကိုသွားတယ်။ ဆရာတော်ကြီးက ဦးဌေးလှိုင်တစ်နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ်အတွက် ပင့်လျှောက်ထားလို့ ရန်ကုန်ကို ကြွရောက်နေပါတယ်။မြေဇင်းမှာ စတုရာရက္ခတရားကစပြီး အာနာပါနအားထုတ်လို့ ဆယ်ရက်လောက်အရမှာ မြေဇင်းတောရဆရာတော်ကြီး ပြန်ကြွလာပါတယ်။တရားစစ်တယ်။ပခုက္ကူ-ဦးစန္ဒာသီရိညောင်ကန်ဦးဖိုးရှိတို့နဲ့အတူ တရားစစ်ခံရပါတယ်။

ပထမဆုံးနေ့မှာပဲ ကန်တော့တော့ ရန်ကုန်မှာဆရာတော်ကြီးသင်ပေးထားတဲ့ပုံစံ၊မိမိအမြဲ ကန်တော့နေကျပုံစံကို မှုပြီး ကြားကျတဲ့ပုံစံနဲ့ ကန်တော့လိုက်ပါတယ်။ခြေကော လက်ကောနဖူးကော မြေမှာကျစေပါတယ်။လက်ဖဝါးနှစ်ဖက်ကတော့ ကပ်လို့ပါ။

အဲဒါကို ဆရာတော်ကြီးက တောင်ဝှေးနဲ့ညွှန်ပြီး 'လက်ပေါ် ခေါင်းချ'-လို့ ပြင်ပေးပါတယ်။ရှေ့မှာ ဦးစန္ဒာသီရိက ကွယ်နေတော့ စူးစမ်းလိုစိတ်ပေါ်လာမိပါတယ်။ဒါကြောင့် တစ်ခါထပ်ပြီး ကန်တော့လိုက်ပါတယ်။တံတောင်ကို ကြမ်းနဲ့ လက်တစ်လုံးလောက် လွှတ်ထားလိုက်တယ်။အင်္ကျီလက်ရှည်ပွပွကြီးဝတ်ထားတော့ တော်ရုံလောက်နဲ့ မသိနိုင်ပါဘူး။ဆရာကော်ကြီးက တောင်ဝှေးနဲ့တစ်ချက် ကြမ်းကို ခေါက်လိုက်ပြီး 'တံတောင်ပါ ချ'တဲ့။ကျွန်မရှုတ်တာကို အကုန်သိနေလို့ ပြုံးနေလိုက်မိပါတယ်။ခွင့်လွှတ်ဖို့တောင်းပန်ပြီး ပြန်ပြင်လိုက်ရပါတယ်။

http://www.dhammadownload.com



ဒါပေမယ့် နောက်နေ့မနက် သုံးနာရီကိုယ့်ကျောင်းခန်းမှာ ကိုယ် တရားစထိုင်ဖို့ ပရိက်ပြုတော့ ဘုရားကန်တော့၊ သီလခံယူ၊ ကမ္မဋ္ဌာန်းဆရာတွေကို ကန်တော့တဲ့အခါ မူလ လုပ်နေကျအတိုင်းပဲ ကန်တော့နေမိပါတယ်။ ကြမ်းနဲ့ခေါင်းထိခါနီးမှာ ခေါင်းက အရှိန်နဲ့ လက်ခုံပေါ် ကျသွားပါတယ်။ဆရာတော်ကြီး သိသွားပါလားဆိုပြီး တအံ့တဩ ဖြစ်ရပါတယ်။အဲဒီနောက်ပိုင်းမှာတော့ ဆိတ်ကွယ်ရာ ဆိုတာ မရှိပါလားဆိုတာ ကျွန်မ သဘောပေါက်မိပါတော့တယ်။

## မကောင်းမှန်းသိရင် မလုပ်နဲ့

မြေဇင်းမှာနေရတဲ့ကာလက တော်တော့်ကို ငြိမ်းချမ်းအေးမြ ပါတယ်။စားဖို့လဲ မပူရနေဖို့လဲ မပူရစိတ်ညစ်စရာဆိုတာလဲ မရှိဘူး။

ဒါပေမယ့်ဗွေဖောက်ပြီး ဘယ်လိုကဘယ်လို နောက်ပြောင် ချင်တဲ့စိတ်က ဝင်လာတယ်မသိဘူး။ တော်တော်လေး ပြင်းပြင်း ထန်ထန် ဖြစ်ပေါ်လာတယ်။ မိစန်းသွင်ဆိုတဲ့ အဖော်အဖက်ရလို့ ပိုပြီး အားတက်နေမိတယ်။'မြေဇင်းမှဟာသများ'ဆိုပြီး စာအုပ်ရေး ထုတ်ဖို့ကာတွန်းတွေဆွဲဖို့ အားရင် တိုင်ပင်ကြ၊ ပြင်ဆင်ကြတယ်။ သမထပြီးလို့ ဝိပဿနာကူးပြောင်းပြီး အားထုတ်နေရပြီမို့ ကြီးကြပ်တဲ့ ဆရာတွေကလဲ စကားပြောတာတွေကို သိပ်ပြီး သတိမပေးတော ပါဘူး။ယောဂီရဲ့ အသိ-သတိနဲ့ နေထိုင်နိုင်လောက်ပြီ လို့ယူဆထားကြ ပုံရပါတယ်။ ဒါကို အခွင့်ကောင်းယူပြီး သူတို့သိနိုင်လောက်ဘူးထင်လို့ ကြံမိတာပါ။

အဲဒီအချိန်က သိမ်မှာမနက်စောစောအားလုံးစုပေါင်းပြီး ဘုရားဝတ်တက်၊မေတ္တာပို့ လုပ်ရပါတယ်။ တစ်နေ့မှာ မေတ္တာပို့တာ အချိန်နည်းနည်းပိုကြာနေတယ်။ဒါနဲ့ ယောဂီတွေ အိပ်မငိုက်အောင် ဆိုပြီး ကာတွန်း(ဟာသ)တွေကို မနေ့ာနဲ့ပို့နေမိကာယ်။ မိစမ်းသွင်နဲ့ ကျွန်မက ထိုင်တာတစ်နေရာစီဖြစ်နေပေမယ့် စိတ်ကတော့ တစ်ဆက် ထဲပါ။

http://www.dhammadownload.com



အဲဒီနေ့တရားစစ်တော့ သီလရှင်မစရဏ၊ ကျွန်မနဲ့မိစမ်းသွင်တို့ ဆရာတော်ကြီးကို ကန်တော့လို့လဲပြီးရော၊ 'ဒီလိုလုပ်တာကောင်းလား'ဆိုပြီးမြေဇင်းဆရာတော်ကြီးက တောင်ဝှေးကိုဆောင့်လို့အမိန့်ရှိပါတယ်။မစရဏက သူ့နားကပ်ရက် တောင်ဝှေးကျလာတော့'မကောင်းပါဘုရား'လို့ လျှောက်လိုက်ပါတယ်။အပြစ်ရှိလားဆိုတော့ရှိပါတယ်ဘုရားတဲ့။ကျွန်မတို့ကတော့ အလွန်အပြစ်ကင်းစင်တဲ့မျက်နှာနဲ့ လက်အုပ်လေးတွေ ချီထားပါတယ်။

နောက်တစ်ကြိမ်မှာတော့ တောင်ဝှေးကကျွန်မတို့၂ယောက်ကြားကို ပြင်းပြင်းထန်ထန် ကျလာပါတယ်။'နောက် လုပ်ဦးမလား'တဲ့။ကျွန်မတို့ ရှောင်မရမှန်းသိတာနဲ့ 'မလုပ်တော့ပါဘုရား-'လို့ ပြိုင်တူဖြေလိုက်ကြပါတယ်။'မကောင်းမှန်းသိရင် နောက်မလုပ်ကြနဲ့၊ ပြန်ကြ၊မနေ့က ပွားတာကိုပဲ ပြန်ပွား'-လို့ အမိန့်ချခဲ့ပါတယ်။ကျွန်မတို့စာမေးပွဲ ကျကျတာပေါ့။

## တရားအတွက် အားတက်လာ

မြေဇင်းတောရမှာ သုံးလလောက် တရားရှုမှတ်ပွားရင်းပျော်ပျော်ကြီး ကြာခဲ့ပါတယ်။၂၀၀၅-ခုနှစ်၊ ဇွန်လဆန်း ပြန်ခါနီးမှာဆရာတော်ကြီးက ဝိသုဒ္ဓိမဂ်အဋ္ဌကထာထဲက-

ဣမိနာပန ဉာဏေန-ဤနာမရူပပရိစ္ဆေဒဉာဏ်၊ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးနှင့်၊သမန္နာဂတော-ပြည့်စုံသော၊

ဝိပဿကော-ယောဂီပုဂ္ဂိုလ်သည်၊

ဗုဒ္ဓသာသနေ-မြတ်စွာဘုရား၏ သာသနာတော်ကြီး၌၊

လဒ္ဓဿာသော-ရအပ်သော သက်သာရာရှိသည်ဖြစ်၍၊

http://www.dhammadownload.com



လဒ္ဓပတိဋ္ဌော-ရအပ်သော ထောက်ရာ တည်ရာ မှီခိုရာ ရှိသည်ဖြစ်၍၊

နိယတဂတိကော-မြင့်မြတ်သောဘုံဘဝ၌ မြဲသောလားခြင်းဂတိရှိသည်ဖြစ်၍၊

စူဠသောတာပန္နောနာမ-ငယ်သောသောတာပန် အထွေးအနှောင်းမည်သည်၊

ဟောတိ-စင်စစ်မသွေ ဖြစ်ရလေသတည်း'-ဆိုတဲ့စာပိုဒ်ကိုကူးခိုင်းပါတယ်။စာအရ ကိုယ့်ကိုယ်ကို စူဠသောတာပန် (သောတာပန်အငယ်စားလေး)လို့ မရဲတရဲတွေးမိပြီး၊တရားအတွက် အားတက်မိပါတယ်။

ကိုယ်က ကွေ့ကောက်လေ ဆရာတော်ကြီးရဲ့ ဖြောင့်မတ်တဲ့ဥဇုဂုဏ်ကို သတိရကြည်ညိုလေပါပဲ။အဘက်ဘက်ကပြည့်စုံအောင်သင်ကြားပြသ ဆုံးမသွန်သင်ပြင်ဆင်ပေးတဲ့မြေဇင်းတောရဆရာတော်ကြီးကို အနီးကပ်နေရတဲ့ အခါမှာရော၊ ယခုပါ ကြည်ညိုစိတ်၊ရိုသေလေးစား မြတ်နိုးတဲ့စိတ်နဲ့ ကန်တော့ဦးချခဲ့ပါတယ်

ကမ္ဘာ့ကမ္ဘာလွန်လေပါလည်း
တစ်ခါတစ်ဖန် ကြုံရန်ခဲကပ်
အမြတ်ရတနာ သာသနာကို
မြတ်စွာလက်ထက် အဆက်ဆက်မှ
မပျက်ရအောင် အဘက်ဘက်က
ပို့ချသင်ယူ ဆောင်ရွက်တော်မူပေသော
အတွင်းစိတ်ဓာတ် မြင့်မြတ်ကြည်လင်

http://www.dhammadownload.com



သူတော်စင်ကောင်း
အရိယာသံဃာတော်အပေါင်းကို
လက်အုပ်အဥ္ဇလီ နှုတ်သံချီ၍
ရှင်ကြည်မနော သုံးပါးသောဒွါရ
ပဏာမတို့ဖြင့် လေးမြတ်ကြည်ညို
ရှိသေခြင်းရှိသည်ဖြစ်၍
ပုံတော်ထုံမွှမ်း ပုံတော်မှန်း၍
ချီးမွမ်းထောမနာ ပဏာညွတ်ကျိုး
လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

အေးအေး (ဗိသုကာ)